သစ္စာဒီပက မူလ ဓမ္မာစရိယ

ဆရာ-ဦးကြည်

# သိတာနှင့်သိစရာ

အတိုး ၁/၅၀-ပြား။

ပွင့်လင်းစာပေ

**ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်** (၇၅၅၈)

**ဒုတိယအကြိမ်ရိုက်နှိပ်ခြင်း**

**အုပ်-ရေ၃,၀၀၀။**

၁၃၃၇-ခု၊ ဝါခေါင်လ။

(၁၉၇၅-ခု၊ ဩဂုတ်လ၊)

**ပုံနှိပ်ထုတ်ဝေသူ**။ ဦးမြင့်သိန်း၊ နဝဒေးပုံနှိပ်တိုက်၊ (၀၁၅၀)၊ ပွင့်လင်းစာပေ ထုတ်ဝေရေး (၀၂၅၈) အမှတ် ၁၃ - နတ်စင်လမ်း၊ ကျောက်မြောင်း၊ရန်ကုန်မြို့။ဖုံး-၅၁၂၈၉။

# ထုတ်ဝေသူ၏ အာသီသ

ယခုခေတ်ကြီးကား "ဝိမုတ္တိရသ" ခေတ်ကာလကြီးဖြစ်၏။ များစွာသော ဗုဒ္ဓဘာသာဝင် ရဟန်း ရှင် လူတို့သည် သံသရာမှ လွတ်မြောက်ရာ, လွတ်မြောက်ကြောင်းအတွက် အနည်းနည်း အဖုံဖုံ ကြိုးပမ်းအားထုတ်လျက် ရှိကြကုန်၏။

ယင်းကဲ့သို့ ကြံစည်ကြိုးကုတ် အားထုတ်လျက် ရှိကြသော ကြောင့်လည်း၊ တရားပြ ဌာနများ အမြောက်အမြား ပေါ် ပေါက်လျက်ရှိ၏။ ဤသည်ပင် သာသနာတော်အတွက် အား တက်ဘွယ်ဖြစ်၏။

သို့ရာတွင်၊ တကျောင်း တဂါထာ၊ တရွာ တပုဒ်ဆန်း ဖြစ်နေကြသည့်လည်းရှိ၏။ အချို့ကလည်း ဒေသနာနည်းအရ သရုပ် သကန်ပိုင်နိုင်စွာခွဲခြားပြနိုင်ကြ၏။ တချို့က ပရိယတ်ကို လစ်လျူပြု၍ လက်တွေ့အလုပ်ကိုသာ ပဓါနထားကြ၏။ အချို့ အချို့သော ပုဂ္ဂိုလ်တို့မှာကား - စမ်းတဝါးဝါးဖြင့် ယောင် ဝါးဝါးဖြစ်နေကြရ၏။ ထိုထိုသော ပုဂ္ဂိုလ်များအနက် အချို့ သည်၊ မိရိုးဖလာအသိကို တကယ့်အသိဟု ထင်ယောင်ဝိုးဝါး ဖြစ်နေကြပြန်၏။

မည်သို့ပင်ဆိုစေ၊ ယခုခေတ် ကာလသည်၊ လေ့လာမှု၊ စူးစမ်းမှု၊ သုတေသနပြုမှုတို့ဖြင့် လူတို့အသိဉာဏ် ထက်သန်သော

ကာလဖြစ်၏။ ထို့ကြောင့် လေ့လာလိုသော စူးစမ်းလိုသော ပုဂ္ဂိုလ်တို့သည် အမှန်တရားကို ညွှန်ပြနိုင်သော ဆရာသမား များထံ ချဉ်းကပ်ကြ၏။ ဥပမာ–အခါတပါး၌ အမှန်တရားကို သိလိုသော ဦးထွန်းလွင်ဆိုသည့် ပုဂ္ဂိုလ်သည် ဆရာဦးကြည်ထံ ချဉ်းကပ်၍၊ မိမိ ဘဝင်မကျသော "အမှန်တရားရရန်၊ မဇ္ဈိမ ပဋိပဒါ ဒေသနာလက်စွဲပါ" မဇ္ဈိမပဋိပဒါ အကြောင်းကို မေးမြန်းစူးစမ်း၏။ ဘဝင်ကျကျသိရသောအခါတွင် ထိုပုဂ္ဂိုလ် အတွက် အကျိုးများစွာ ဖြစ်လေသည်၊ ကျွန်ုပ်တို့အတွက်လည်း "မဇ္ဈိမပဋိပဒါရှင်းချက်" ဟူသော စာတအုပ်ကို ထုတ်ဝေခွင့် ရရှိခဲ့လေသည်။

မဇ္ဈိမပဋိပဒါရှင်းချက် စာအုပ်ထွက်ပြီး မကြာမီ (တလ အတွင်း) အရပ်ရပ်မှ ဆရာဦးကြည်ထံသို့ စာအားဖြင့် ဆွေးနွေး ခြင်း၊ လူကိုယ်တိုင် လာရောက် ဆွေးနွေးခြင်း ပြုလုပ်လာကြ လေသည်။ ဆရာ ဦးကြည်သည် "မဇ္ဈိမပဋိပဒါလမ်းစဉ်" ကို စိတ်ပါဝင်စား သိရှိလိုသူများလာသဖြင့် "မဇ္ဈိမဉာဏ်သိဘို့ရန်" ဟူသော ကျမ်းတစောင်ကို ပြုစုခဲ့ရပြန်လေသည်။

ထို "မဇ္ဈိမဉာဏ်သိဘို့ရန်" သည်ပင်လျှင် ယခု ထုတ်ဝေသော " **သိတာနှင့်သိစရာ** " ကို ဖန်တည်းပေးသည့် လက်သည်ဖြစ်ပေ သည်။ အကြောင်းကိုဆိုသော်၊ ဆရာ ဦးကြည်သည် ရန်ကုန်မြို့၌ ဝါတွင်း တရားပွဲများပြီးသဖြင့် လှိုင်ကော်မြို့သို့ တရားဟော တရားပြရန်အသွား၊ မီးရထားပေါ်တွင် ပရိယတ် တတ်ကျွမ်း သော ရဟန်းတော်တပါးနှင့် တွေ့ကြုံခွင့် ရရှိခဲ့လေသည်၊

ထိုရဟန်းတော်ကား ဘဒ္ဒန္တဝေပုလ္လာဘိဝံသ သာသနဓဇ ဓမ္မာစရိယ ပုဂ္ဂိုလ်ကျော်တပါးဖြစ်၏။ထိုကိုယ်တော်သည်"မဇ္ဈိမဉာဏ်သိဘို့ရန်"စာအုပ်ကို ဝေဘန်ဆန်းစစ်ရန်အလို့ငှါ မိမိ၏ လက်ဆွဲအိပ်မှ ထုတ်ယူ ဖတ်ရှုလေသည်။ မိမိရှေ့တွင် ရှိနေသူပုဂ္ဂိုလ်အား ဆရာဦးကြည်မှန်းမသိပေ၊ ဆရာဦးကြည်ကလည်း မိမိသည် ဆရာဦးကြည် ဖြစ်ကြောင်း မထုတ်ဖော်ပဲ၊ ကိုယ်တော်သိလိုသော(၀၁)မကျေညက်သော-

* "ရုပ်နာမ်မမှတ်ရဘူး"

* "ဥပေက္ခာဝေဒနာရှုရမယ်"

* "ဒုက္ခဝေဒနာမရှုရဘူး"

ဆိုသည့် အချက်များကို၊ ဒေသနာနယ-ဘာဝနာနယ တို့ဖြင့် အမျိုးမျိုးအဖုံဖုံချိန်ထိုးရှင်းပြခဲ့ပေသည်၊ဤသို့ရှင်းလင်းဆွေးနွေးခဲ့သော အချက်အလက်များကို ပြန်လည် စုစည်းပြီး၊သာသနာတော်အတွက် အကျိုး များစိမ့်သောငှါ "**သိတာနှင့်သိစရာ**" ဟူသော စာအုပ်ငယ်ကို ပြုစုခဲ့လေသည်။

ဤစာအုပ်ငယ်သည် ဆရာဦးကြည်နှင့် ကိုယ်တော်တို့ ဆွေးနွေးဟန်ကို ပကတိအတိုင်း တင်ပြထားသောကြောင့် လေ့လာလိုက်စား သူများအတွက် ဖတ်ရ-မှတ်ရ လွယ်ကူ လိမ့်မည်ဟု ထင်မိပါသည်။

မြတ်စွာဘုရား၏ တရားတော်တို့သည် လွန်စွာပင် အသိခက်ခဲနက်နဲလှပါ၏၊ ယင်း တရားတော်များသည်၊ ပရိယတ်တဘက်ထည်းမှ လေ့လာရုံမျှဖြင့် ယထာဘူတကျသော အနှစ်အရသာကို ရရှိရန် ခက်လှပါသည်၊ ပရိယတ်-ပဋိပတ် စွယ်စုံလေ့လာဆည်းပူး အားထုတ်မှသာလျှင် တရားတော်၏ အလွန်သိမ်မွေ့သော အနှစ်သာရပိုင်းကို၊ ထိတွေ့သိရှိနိုင်မည် ဖြစ်ပါသည်။ ဤသရုပ်ကို ဆရာဦးကြည်နှင့် ကိုယ်တော်တို့၏ ဆွေးနွေးခန်း၌ ထင်ရှားစွာ တွေ့နိုင်ပါသည်။

ကိုယ်တော်သည်၊ ပရိယတ်ကို ကိုယ်တိုင် လေ့လာကျက်မှတ်နေရုံမျှမက-တပည့်တပန်းများကိုပင်၊ စာဝါပို့ချနေသောပုဂ္ဂိုလ်ဖြစ်ပါသည်။ သို့ရာတွင် သဘောတရားကို လက်တွေ့ပိုင်း၌ ပိုင်နိုင်စွာ အသုံးချ မကြည့်ရသေးသဖြင့် “ ဦးဇင်း ကတော့ စာသင်နေတုန်းမို့ နဲနဲပါးပါးသာ လေ့လာ နိုင်ပါသေးတယ်။ ဒေသနာရော-အလုပ်ရော ကောင်းကောင်းလေ့လာနိုင်တဲ့အချိန်မှာ တကာကြီး သဘောပေါက်သလို ပေါက်နိုင် ကောင်းပါရဲ့လို့ ယုံကြည်ထားပါတယ် ” ဟု အမိန့်ရှိခဲ့လေသည်။

မှန်ပါသည်၊ လက်တွေ့မပါသော သဘောတရားနှင့် သဘောတရားမပါသော လက်တွေ့တို့သည်၊ ယထာဘူတကျရန် ခက်ခဲလှပါသည်။ ကျွန်ုပ်တို့ သည်လည်း ဆရာဦးကြည်၏ သွန်သင်ပြသမှုကို မရရှိခင်က “ရုပ်နာမ်ကို-ကိုယ်တော် ယူဆသကဲ့သို့ပင် ယူဆခဲ့မိပေသည်။ ဆရာဦးကြည်နှင့် တွေ့မှသာ “ရုပ္ပတီတိခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ” ဆိုသော မြတ်စွာဘုရား၏ စကား

တော်ကို တိတိကျကျ သိခွင့်ရခဲ့ရပေသည်။ ဤစာအုပ်တွင် "ရုပ်နာမ်ပြဿနာ" နှင့်ပတ်သက်၍ မြတ်စွာဘုရား၏ ဆိုလိုရင်းသဘောများကိုအထူးတလည် လေ့လာတွေ့ရှိနိုင်ပေသည်။

ဝိပဿနာလုပ်ငန်းတွင် သမာဓိကိစ္စကို အတော် များများ ဆွေးနွေးပြောဆိုနေကြသည်။ သမာဓိရှိမှ ဝိပဿနာလုပ်၍ရမည် မဂ္ဂင်ရှစ်ပါးတွင် သမာဓိပါသည်၊ သီလ-သမာဓိ-ပညာဟူ၍ သိက္ခာသုံးပါးရှိသည်ဟု အစဉ်တစိုက် လေ့လာမှတ်သားခဲ့ရသည်။ ကျွန်ုပ်တို့အနေဖြင့် ယခင်ကသမာဓိပြဿနာနှင့်ပတ်သက်၍ မရှင်းမလင်းရှိခဲ့ဘူးပါသည်။ မြတ်စွာဘုရား မပွင့်မီကပင်လျှင် သမာဓိလုပ်ငန်းများကို ကျင့်ကြံလာခဲ့ကြသည်။ မြတ်စွာဘုရားကလည်း မဟာပရိနိဗ္ဗာနသုတ်တွင်၊ " ၄ ါဘုရားသာသနာမှတပါး၊ အခြား သာသနာများမှာသော်၎င်း၊ သာသနာပမှာသော်၎င်း၊ မဂ္ဂင်ရှစ်ပါး အလုပ်တရားမရှိတဲ့အတွက် အရိယာတို့မဖြစ်မရှိချေ " ဟု သုဘဒ်ကို ဟောခဲ့သည်။ သို့ဖြစ်လျှင် မဂ္ဂင်ရှစ်ပါး၌ ပါဝင်သော သမ္မာသမာဓိသည် အဘယ်သို့နည်း။

ဤပြဿနာကို ဆရာဦးကြည်သည်၊ **"သိတာနှင့်သိစရာ"** တွင် တိကျပြတ်သားစွာ ရှင်းလင်းထားပေသည်။ ဆရာ၏ရှင်းပြချက်တို့သည်၊ ဘဒ္ဒန္တဝေပုလ္လာဘိဝံသ ကိုယ်တော်သာမက၊ ကျွန်ုပ်တို့အဖို့ပါ ကြီးစွာသော ဆုလာဘ်ကြီးတခုကို ရဘိသကဲ့သို့ ရှိပေသည်။

ဝိပဿနာအလုပ် အားထုတ်ကြရာတွင် ဝေဒနာရှုပုံနှင့် ပတ်သက်၍လည်း အယူအဆ အမျိုးမျိုး ဖြစ်ပေါ် နေကြသည်။

**"သိတာနှင့်သိစရာ"** တွင် ဆရာဦးကြည်သည် ယင်းဝေဒနာရှုပုံ နှစ်ပတ်သက်၍ ဒေသနာနည်း၊ ဘာဝနာနည်းများဖြင့် ရှင်းပြထားသည်။ ဝိပဿနာ အလုပ်သည်၊ လွန်စွာ သိမ်မွေ့သည်၊ ယင်းသို့ သိမ်မွေ့သောအလုပ်ကို မဇ္ဈိမပဋိပဒါကျကျအားထုတ်နိုင်ရန်မှာ လွယ်ကူသောအလုပ်မဟုတ်ပေ။

**"သိတာနှင့်သိစရာ"** တွင် ဆရာဦးကြည်သည် ဝိပဿနာအလုပ် အားထုတ်လိုသူ ယောဂီများအတွက်ရင်း၊ အမှန်တရားကို စူးစမ်းလိုသူတို့ အတွက်ရင်း၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ဂန္ထန္တရတို့ဖြင့် ကိုးကားပြီး၊ ရုပ်နာမ်အကြောင်း၊ ဝေဒနာအကြောင်း၊ သမာဓိအကြောင်း၊ ပညတ်-ပရမတ် အကြောင်းနှင့် မဇ္ဈိမပဋိပဒါ အကြောင်းတို့ကို ရှင်းပြထားလေသည်။

ဆရာဦးကြည်နှင့် ဆွေးနွေးရသဖြင့် ဘဒ္ဒန္တဝေပုလ္လာဘိဝံသ ကိုယ်တော်သည် ဓမ္မပီတိ များစွာ ဖြစ်ရလေသည်၊ ထို့နည်းတူ **"သိတာနှင့်သိစရာ"** ကို ဘတ်ရှု လေ့လာ ကြသူများလည်း ဓမ္မပီတိ ပွားများပြီး၊ တရားထူး တရားမြတ်များကို ရရှိကြပါစေရန် ကျွန်ုပ်တို့ ပွင့်လင်းစာပေက **ဆန္ဒပြု**ပါသည်၊ တစုံတယောက်သည် တစုံတရာသော အတိုင်းအတာအထိ တရားတော်ကို ရရှိမည်ဆိုပါက၊ ဤစာအုပ်ကို ထုတ်ဝေရကျိုးနပ်ပြီဟု ယူဆမိပေသည်။

**ထုတ်ဝေသူ**။

# နမော သစ္စဒီပကဿ သမ္မာသမ္ဗုဒ္ဓဿ

## လွိုင်ကော်-ကယား ခရီးသွား

ကျွန်ုပ်သည် ၁၃၃၅ ခု၊ သီတင်းကျွတ် လပြည့်ကျော်တရက် (၁၂-၁၁-၇၃) နေ့တွင် အရပ်ရပ် တရားပွဲများ အပြီးသတ်လျက် နှစ်စဉ် ကယားပြည်နယ်၊ လွိုင်ကော်မြို့နှင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တို့သို့ ရပ်ဝေးတရားပွဲများအတွက် ခရီးထွက်နေကျ အတိုင်း၊၊ ၎င်းနေ့တွင် ညနေ ၄ နာရီ ၃၅ မိနစ်အချိန်ထွက်မည့် သာစည်အမြန်ခေါ် လမ်းခွဲရထားစီးရန် ရန်ကုန် ဘူတာကြီးသို့ ညနေ ၃ နာရီခန့် ရောက်ရှိ၍ အထက်တန်း အိပ်ခန်းလက်မှတ် ဝယ်ကာ ခရီး စတင်ထွက်ခဲ့ပါသည်။

ကျွန်ုပ်တို့ ၄ ယောက်တွဲ အိပ်ခန်းတွင် ရှမ်းပြည်နယ်၊ လွိုင်လင်အရှေ့ ကျိုင်းတုံသွားလမ်း မိုင်ယ်တာမြို့မှ ကုန်သွယ်ရေး မန်နေဂျာ ကိုလှရွှေဆိုသူလည်း ပါလာသည်၊ ကျွန်ုပ်တို့ (ဓ) အခန်းတွင် ကျွန်ုပ်၏ အိပ်စင်အမှတ်မှာ ၁ ဖြစ်၍၊ ကိုလှရွှေ၏ အိပ်စင်အမှတ်မှာ ၄ ဖြစ်သောကြောင့် ၂-၃ အတွက် အဘယ့် ကြောင့် လူမပါသနည်းဟု တွေးတောနေစဉ် ရထားလည်း ထွက်ပေပြီ၊ ခေါင်းအုံးလာပေးသော တွဲစောင့်အား မေးကြည့် သောအခါ၊ "ပဲခူးမှကြိုတင်၍ တယ်လီဖုန်းနှင့်ဝယ်ထားကြောင်း

ပဲခူးရောက်မှ တက်ပါလိမ့်မည်”ဟု ပြောသောကြောင့် ကျွန်ုပ်တို့လည်း ဘာကိုမျှ ပြောရန် အကြောင်း မရှိတော့သောကြောင့် ကိုလှရွှေ ယူလာသော သတင်းစာများကိုသာ တလှည့်စီ ကြည့်လျက် လိုက်ပါခဲ့ကြလေသည်။

## နှစ်ပါးစုံညီ–တက်ရောက်ပြီ

သို့နှင့် အမြန်ရထားလည်း ညနေ ၆ နာရီ ထိုးသည်နှင့် ပဲခူးဘူတာကြီးသို့ ဆိုက်ကပ်လေပြီ၊ ထိုအချိန်တွင် ပဲခူးမှ တက်လာမည်ဆိုသော ပုဂ္ဂိုလ်နှစ်ဦးကို ကျွန်ုပ်၏ စိတ်ထဲတွင် စောင့်ကြိုနေသည်မှာ “အသောက်အစား ကင်းသူများ ဖြစ်ပါစေ” ဟူ၍။

ကျွန်ုပ် မျှော်လင့်သည့်အတိုင်းကား ဖြစ်လာပါ၏၊ ကျွန်ုပ်တို့အခန်းသို့ တွဲစောင့်၏ ရှေ့ဆောင်မှုဖြင့် သံဃာတော် ၂-ပါး ဝင်ရောက်လာ၏၊ ရှေ့ကဝင်လာသော ပုဂ္ဂိုလ်မှာ သက်တော် ၃၅-နှစ်ခန့်၊ မျက်မှန်တပ်လျက် တက်ထရွန်သင်္ကန်း ဘာဂျာလက်ဆွဲအိပ်တို့ဖြင့် တင့်တယ်လှပေ၏။ နောက်ပါ(ပစ္ဆာသမဏ) ရဟန်းငယ်မှာလည်း သက်တော် ၂၅ နှစ်ခန့် ရှိမည်ထင်ရ၏။ လွယ်အိပ်ကိုလွယ်လျက် နောက်မှ လိုက်ပါလာ၏၊ သိတင်းကျွတ်ညနေဆည်းဆာအရောင်နှင့် ကိုယ်တော်တို့၏ သင်္ကန်းရောင်ကား ဘင့်တယ်သပ္ပါယ်လျက်ရှိ၏။

ရှေ့ကကိုယ်တော်သည် အိပ်စင်ခေါင်းရင်းဘက်တွင် လက်ဆွဲအိပ်ကိုတင်ထားသောအခါ “ဘဒ္ဒန္တဝေပုလ္လာဘိဝံသ သာသနဓဇ

ဓမ္မာစရိယ”ဟူ၍ ပုံနှိပ်စာလုံးဖြင့် လက်ဆွဲအိပ်တွင် ကမ္ပည်းတပ်ထားသည်ကို တွေ့လိုက်ရသောအခါ....

“အင်း ..ဒါကြောင့် ကိုယ်တော် ခန့်ငြားတက်ကြွ နေခြင်းဖြစ်မည်၊ မိမိလည်း အသက် ၂၅ အရွယ်က တက်ထရွန်သင်္ကန်းတို့ မပေါ်သေးသော်လည်း၊ ပိုးသင်္ကန်းနှင့် သည့်ထက်ပင်တက်ကြွဖူးသည်၊ စာမာန် ထောင်ခဲ့ဖူးသည်၊ သို့ရာတွင် ဤလိုအစိုးရဆက်ကပ်သည့် “ဓမ္မာစရိယ” တံဆိပ်မျိုးမရခဲ့ပေ၊ ယခုကိုယ်တော်မှာ အစိုးရဆက်ကပ်သော ဘွဲ့ထူးကြီးနှင့်ခန့်ငြားသောဣန္ဒြေတို့က မိမိငယ်စဉ်ကထက် များစွာသာပေသည်”ဟု စိတ်ထဲတွင် ကျေနပ်လာသည်၊ သဘောကျလာသည်။

သို့နှင့် ညနေစာ အိမ်မှထည့်လာသော ထမင်းချိုင့်ကိုဖွင့်၍စားသောက်ပြီးသော် အနည်းငယ်မှောင်လာပြီ၊ ရထားလည်းထွက်ပြီ၊ ထိုအခါတွင် တွဲစောင့်လည်း မီးလာဖွင့်ပေးရာ၊ ကျွန်ုပ်လည်း အုံ့အားသင့်သွားခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် ဤရထားနှင့် တနှစ်လျှင် နှစ်ခေါက်သုံးခေါက် အမြဲလိုလိုခရီးထွက်ခဲ့ဖူးသည်၊ အိမ်မှ ဖရောင်းတိုင် ယူမလာမိလျှင်သော်ငြင်း၊ လမ်းဘူတာတို့တွင် ရေနှင့်အတူ ရောင်းနေကျဖြစ်သောဖရောင်းတိုင်ကိုမဝယ်ခဲ့မိသော်ငြင်း ခရီးသည်မှာ အဝိဇ္ဇာအမှောင်တွင်းသို့ ကျသည့်နှယ်၊ ဘယ်သူ့ပစ္စည်း ကိုယ့်ပစ္စည်းဟု ခွဲပြီးမသိ၊ သို့ဖြစ်ဘိကြောင့် မိမိပစ္စည်း သူ့လက်ထည်းသို့ ယူပြီးဆင်းရာ အခါခါပါသူအများရှိဖူးပြီ၊ ယခုအခါ ကောင်းစွာ ပူပြင်ထားသဖြင့်မီးလည်းလင်း, ပန်ကာလည်းရ ရေလည်း ရရှိသေးကော၊ ဘူဘာ

များတွင်လည်း ရေရောင်းသူ၊ ယပ်တောင်ရောင်းသူ၊ ဖရောင်းတိုင် ရောင်းသူတို့ ငုတ်တုတ်သာ နေကြပေရော့။

ပြုပြင်စောင့်ရှောက် ထိန်းသိမ်းပေးသော အစိုးရမင်းများနှင့်တကွ၊ မီးရထား လုပ်သားတို့–မောင်မင်းကြီးများ ကျန်းမာချမ်းသာကြပါစေဟု အာသီသပြုရင်း ပီတိဖြစ်လာခဲ့ရလေသည်။

မီးရထားလည်း ဘုရားကြီးဘူတာကို လွန်လာပြီ၊ ကျွန်ုပ်တို့လည်း ကိုယ့်အတွေး ကိုယ့်အကြံ ကိုယ်စီနှင့် စကားမပြောတုဏှိဘောဖြင့် ငြိမ်သက်သေချေ လိုက်ပါခဲ့လေသည်၊ ထိုအခါတွင် ကိုယ်တော်မှာ မိမိလက်ဆွဲအိပ်ထဲမှ စာတအုပ်ကို ထုတ်ယူလိုက်ပြီး ကြည့်နေလေသည်။

## တွေ့ပါကဘဲ–နှစ်ယောက်ထဲ

ထိုစဉ်ကိုယ်တော် ထုတ်ယူ ဖတ်ရှုနေသော စာအုပ်မှာ ကျွန်ုပ်ရေးသော "မဇ္ဈိမဉာဏ်သိဘို့ရန်" စာအုပ် ဖြစ်နေသဖြင့် ကျွန်ုပ်လည်း အံ့အားသင့်စွာ မသိမသာ အကဲခတ်ကြည့်မိသည်၊ "ကိုယ်တော် တရားဝါသနာပါသည်နှင့်တူသည်" ဟူ၍ရင်း၊ သို့ရာတွင် စာအုပ်ကို စိတ်ဝင်စားပုံမှာ တစုံတခုကို မနှစ်သက် သဘောမကျသည့် မျက်နှာမျိုးကို တွေ့ရပြန်သဖြင့် "ဘာများမကျေနပ်လို့ပါလိမ့်" ဟူ၍ရင်း အမျိုးမျိုး အကဲခပ်မိသည်၊ သို့အတွက် ခရီးသွားလျင် တတ်နိုင်သမျှ စကားမပြောလိုသော ကျွန်ုပ်သည် ခရီးတွင် တွေ့နေရသော မြင်ကွင်းကြောင့် နှစ်ယောက်သား

ကျွန်ုပ်။ ။အရှင်ဘုရား-အဲဒါတရားစာအုပ်လား။

ကိုယ်တော်။ ။ဟုတ်တယ် တရားစာအုပ်ပဲ။

နုပ်။ ။ဩော်—ကိုယ်တော်လဲ တရားဝါသနာပါတာကိုး။

တော်။ ။ပါတယ်ဆိုလဲ ဟုတ်ပါတယ်။

နုပ်။ ။အရှင်ဘုရားက ဘယ်မှာ သိတင်းသုံးပါလိမ့်။

တော်။ ။နေတာကတော့ ဒီပဲခူးမှာပါဘဲ၊ စာချနေတယ်၊ အဲဒါ အခုလဆန်းက ဦးဇင်းရဲ့မိတ်ဆွေ စာချတပါးက သူဒီစာအုပ်ရလာတော့ သူဖြင့်အင်မတန် သဘောကျတယ်၊ ဒီအထဲမှာ ကိုယ်တော်သဘောမကျတာရှိရင် ဝေဖန်ပါဆိုပီး ပေးထားတော့ အခုတခေါက်ဖတ်လို့ဖြင့် ကုန်သွားပီ၊ အခု ခရီးသွားရင်းဖတ်ဖို့ ယူလာတာဘဲ။

နုပ်။ ။အခု အရှင်ဘုရား ဘယ်ကိုကြွမှာလဲ။

တော်။ ။အင်းလေး ကထိန်ကပင့်လို့ တရားဟော သွားမှာ။

နုပ်။ ။ဒါဖြင့် ရွှေညောင်အထိ ရထားစီးရမှာပေါ့။

တော်။ ။ဟုတ်တယ်၊ တကာကြီးကကော။

နုပ်။ ။တပည့်တော်လဲ ရွှေညောင်ကိုဘဲဘုရာ့။

တော်။ ။ဒါဖြင့် စကားပြောဖေါ် ရတာပေါ့၊ ဘကာကြီးကော တရားအားထုတ်ဖူးသလား။

နုပ်။ ။နဲနဲပါးပါးတော့ အားထုတ် ဖူးပါတယ်၊ အရှင်ဘုရားကော။

တော်။ ။လေ့လာနိုင်တော့ အားထုတ်ဖူးတယ်၊ သိတ်ကြီးတော့ မလုပ်ဖူးပါဘူး။

နုပ်။ ။ဒါဖြင့် တရားဆွေးနွေး, မသိတာရှိလဲ လျှောက်ခွင့်ပြုပေါ့ဘုရား။

တော်။ ။တကာကြီး တရားအားထုတ်ဖူးရင် ပြောပေါ့၊ ဦးဇင်းက ဒေသနာနဲ့ ညှိပေးရမှာပေါ့၊ ဒီစာအုပ်ကော တကာကြီးတွေ့ဖူးသလား။

နုပ်။ ။မှန်ပါ တွေ့ဖူးပါတယ်၊တပည့်တော်တော့သဘောကျတယ်၊ ဦးဇင်းကကော ဘယ်နေရာမှာ သဘောမကျလို့လဲ။

တော်။ ။ဘယ်နေရာရယ်လို့တော့ မဟုတ်ပါဘူး၊ သာသနာမှာ အမှားအယွင်း,အတိမ်းအစောင်းတွေ ဖြစ်မှာစိုးလို့ စိစိစပ်စပ် လေ့လာ ဝေဖန်ရတာဘဲ။

နုပ်။ ။ဒါဖြင့် တပည့်တော်တို့လဲ မြတ်စွာဘုရား ဟောတဲ့ ဒေသနာအမှန်ကို လိုချင်လို့ ရှာဖွေလေ့လာ နေရတာ အရှင်ဘုရားများက ဒေသနာနဲ့မကိုက်ရင် ပြင်ပေးပေါ့၊ တပည့်တော်တို့က မှားတယ်မှန်တယ် သိမှမသိဘဲကိုး။

တော်။ ။ဟုတ်တာပေါ့ တကာကြီးရာ၊ အခုဒီစာအုပ်မှာ ကြည့်ရင် ဦးဇင်းတို့ သဘောမကျတာတွေ တော်တော် တွေ့နေရတယ်။

နုပ်။ ။အဲဒါ အရှင်ဘုရား ပြောပြပါ၊ ဘယ်နေရာ ဘယ်အချက်တွေပါလိမ့်။

တော်။ ။ဒီလိုလေ တကာကြီး၊ ဒီစာအုပ် စာမျက်နှာ ၅၂ မှာ "ရုပ်ဟူ၍ မမှတ်ရ နာမ်ဟူ၍ မမှတ်ရ" ဆိုပြီး ရေးထားတယ်၊ ဒီ—ဦးဇင်းတို့ ဝိပဿနာလုပ်ငန်း ဆိုင်ရာမှာဘဲဖြစ်ဖြစ်၊ စာပေပရိယတ် ဆိုင်ရာမှာဘဲဖြစ်ဖြစ် "ရုပ်-နာမ်" လို့ဘဲ မှတ်ရမယ်ဆိုတဲ့ ပါဠိစာပေတွေ၊ မြန်မာစာပေတွေဟာ ဟိုရှေး အစဉ်အလာက လာခဲ့တဲ့ စကားတွေဘဲ၊ အခု ဒီစာအုပ် ကျကာမှ ရုပ်နာမ်လို့ မမှတ်ရဆိုတော့ တကာကြီးဘဲ စဉ်းစားကြည့်ပါ၊ အစဉ်အလာ ဘယ်လောက် ချွတ်ယွင်းနေပြီလဲလို့....

## စိတ်ထဲပူပင်-အုံ့သြချင်

(ကိုယ်တော် ပြောလိုက်သည်နှင့် အတော်ပင် ထိခိုက်သည့်စိတ်ကို ဖြေကာ တည်ငြိမ်စွာနှင့်....)

နုပ်။ ။နို့—အဲဒီအကြောင်း ရှင်းထားတာ ဦးဇင်းမဖတ်မိဘူးလား။

တော်။ ။ဖတ်ပါတယ်၊ဖတ်တာမှ ၂ ခေါက်ရှိပြီ၊ဒီရုပ်နာမ်တင် ဘယ်ဟုတ်အုံးမလဲ၊ ဥပေက္ခာသာ ဝိပဿနာ ရှုရမယ်ဆိုတဲ့ အပိုင်းရယ်၊ ဒုက္ခဝေဒနာ မရှုရဘူးဆိုတာရယ်၊ တော်တော် များများပါတယ်၊ အဓိကကတော့ ဒီသုံးချက်ပဲ။

နုပ်။ ။ထားပါအုံးလေ၊ အခု ဒီရုပ်နာမ် အကြောင်းသာ ဆွေးနွေးကြည့်ဖို့။

တော်။ ။ဦးဇင်းတို့က ရုပ်နာမ်ပဲမှတ်ပြီး လေ့လာထား တော့ ကိုယ့်အလုပ်ထဲမှာ ဘဝင်မကျဲ သံသယတွေ အများ ကြီး ဝင်နေတာပေါ့။

နုပ်။ ။ဒါဖြင့် တပည့်တော် သိသလောက် ရှင်းပြပါ့မယ်၊ ဝိပဿနာ အား ထုတ်တဲ့နေရာမှာ အခြေခံဖြစ်တဲ့ ဒီရုပ်နာမ်မှမပြေ လယ်ရင် ဘယ်လိုဆက်ပြီး အားထုတ်လို့မှ ရမှာမဟုတ်ဘူး။

တော်။ ။ဟုတ်တာပေါ့၊ ဦးဇင်းတို့ ပါဠိစာပေ သင်တုန်း ကလဲဘဲ ရုပ်နာမ်၊ မြန်မာစာပေ လေ့လာတော့လဲ ရုပ်နာမ်ဘဲ၊ ဒီတော့ ဒီရုပ်နာမ်ဘဲ ဖြစ်ရမှာပေါ့။

နုပ်။ ။နေပါအုံး ကိုယ်တော်၊ ဦးဇင်းတို့ ပါဠိထဲမှာ ရုပ် နာမ်ဆိုတာ ပါသလား။

တော်။ ။ပါတာပေါ့ တကာကြီးရ၊ "ဉာတိနာမံ–ဉာတိ ရူပံ"တို့၊ "နာမဉ္စရူပဉ္စဣဓတ္ထိသစ္စတော"တို့ ...

နုပ်။ ။တော်ပြီဘုရား၊ တပည့်တော် နားထောင်နေတာ "ရုပ်နာမ်"လို့ မကြားရဘူး၊ နာမံရူပံဆိုဘဲ စကားတွေဘဲ ကြား ရတယ် ဘယ်မှာလဲ ရုပ်နာမ်။

တော်။ ။ဒါကတော့ ပါဠိကိုးဗျ၊ ဒါကို မြန်မာလို ပြန် တော့ ရုပ်နာမ်ပေါ့။

နုပ်။ ။ရူပံကို မြန်မာပြန်တော့ ရုပ်၊ နာမံကို မြန်မာပြန် တော့ နာမ်လို့ အနက်ပြန်ရတယ်လို့ ဘယ်ကျမ်းက ဆိုပါသလဲ၊ ဒီရုပ်နာမ်ဆိုတာ မြန်မာပြန် အမှန်ဘဲလား။

(ဤနေရာတွင် ကိုယ်တော်မှာ တွေဝေ ဝေးစိုက်ကာ စဉ်းစားနေစဉ်....)ဦးဇင်း ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ခဇ္ဇနိယသုတ်မှာကြည့်ပါ။

"ကိဥ္စ ဘိက္ခဝေ ရူပံ ဝဒေထ"

"ချစ်သားတို့ အဘယ်ကို ဘယ်ဟာကို ရူပံဟု ဆိုသနည်း"တဲ့။

ဒါဟာ တပည့်တော်တို့က 'ရူပံ'ကို အနက်မပေးတတ်သေးခင် ဘုရား အလိုတော်အတိုင်း ရူပံလို့ပဲ ထားပီး ကြည့်တာပေါ့၊ မြတ်စွာဘုရားက—

"ချစ်သားတို့တဲ့ ဘယ်ဟာကို ဘယ်သဘောကိုရူပံလို့ ဆိုမလဲ" လို့ မေးပီးတော့။

'ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ'လို့ ကိုယ်တော်တိုင် အဖြေဟောတယ်။

"ချစ်သားတို့ စင်စစ်အားဖြင့် အကြင် တရားသဘောသည် ဖေါက်ပြန်တတ်၏။ ထိုဖေါက်ပြန်တတ်သော တရားသဘောကို ရူပံဟူ၍ ဆိုအပ်၏လို့ ဟောတယ်။ အကြင် တရားသဘောသည် ဖေါက်ပြန်တတ်၏၊ ပြောင်းလဲတတ်၏၊ ထိုတရားသဘောသည် ရူပံမည်၏၊ မြန်မာလို ဖေါက်ပြန်မှု မည်၏လို့ မြန်မာပြန်ရမှာပေါ့၊ အဲဒါကို အရှင်ဘုရားတို့ အနက်ပေးတော့ ဘယ်လိုပေး မလဲ။

တော်။ ။ရူပံကို ဘယ်လိုအနက်ပေးရမလဲဆိုရင်....

"ခန္ဓေ ဘဝေ နိမိတ္တမှိ၊ ရူပံ ဝဏ္ဏေစ ပစ္စယေ၊
သဘာဝ သဒ္ဒသဏ္ဌာန၊ ရူပဇ္ဈာနဝပုသုစ"

အဘိဓာန် အနေကတ္တဝဂ်အရ၊ ရူပက္ခန္ဓာကိုလဲ ဟောတယ်၊ ရူပဘာဝကိုလဲဟောတယ်၊ အကြောင်းကိုလဲဟောတယ်၊ အဆင်းကိုလဲဟောတယ်၊ ဝိဘတ်ပစ္စည်းကိုလဲဟောတယ်၊ သဘောဆိုတဲ့အနက်၊ သဒ္ဒါဆိုတဲ့အနက်၊ သဏ္ဍာန်ဆိုတဲ့အနက်၊ ရူပစျာန်ဆိုတဲ့အနက်၊ ကိုယ်ဆိုတဲ့အနက်တို့ကိုလဲ ဟောနိုင်တာကိုး....

နုပ်။ ။ဒီလို အနက် အများကြီး ဟောနိုင်ပေမဲ့ ဆိုင်ရာအကြောင်းနဲ့ တွဲစပ်ထားတဲ့အခါ၊ အနက်တမျိုးထဲသာဖြစ်ရမှာပေါ့၊ ဥပမာ–

၁။ 'ရူပုပပတ္တိယာ မဂ္ဂံ ဘာဝေတိ' ဆိုတဲ့ ပါဠိပုဒ်ကျတော့ ရူပဘာဝ် အနက်ပဲ။

၂။ 'အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိပဿတိ'ဆိုတဲ့ ပုဒ်ကျတော့ ကသိုဏ်းနိမိတ်ပဲ။

၃။ 'သရူပါဘိက္ခဝေ ဥပ္ပဇ္ဇန္တိပါပကာ'စတဲ့ပုဒ်ကျတော့ အကြောင်းပညတ်ဟောပဲ။

၄။ 'အာကာသော ပရိဝါရော ရူပန္တွေဝ' စတဲ့ ပုဒ်မှာက ကိုယ်ဆိုတဲ့ အကြောင်းပညတ်ဟော။

၅။ 'စက္ခုဉ္စ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ'စတဲ့ ပုဒ်ဆိုတော့ အဆင်းပရမတ်အနက်ပေါ့။

၆။ 'ရူပပ္ပမာဏော ရူပပ္ပသန္နော'ဆိုတဲ့ ပါဠိမျိုး ကျတော့ သဏ္ဍာန်ပညတ်အနက်ပဲ။

၇။ 'ယံကိဉ္စိရူပံ အတီတာနာဂတပစ္စုပ္ပန္နံ' ဒီပါဠိက ခန္ဓာပရမတ်အနက်ကို ဟောတာပေါ့။

ဒါတွေဟာ ဦးဇင်းက ရှုပ်သဒ္ဒါကို ပေးရမဲ့ အနက်များတဲ့ အကြောင်း အဘိဓာန်ဂါထာရွတ်လို့ တပည့်တော်က အနက်ရှိတဲ့အတိုင်း အကုန်မပေးရကြောင်း သူ့နေရာနဲ့ သူ့အနက်သာ ဖြစ်ကြောင်း တင်ပြတာပါ၊ တကယ် တပည့်တော်တို့ အလိုရှိတဲ့ အနက်ဟာ ဘာလဲ သူ့ပါဠိပုဒ်ကိုက–

"ရုပ္ပတီတိရုပံ" အနက် ဖေါ်ထားပီးတဲ့ ဝိဂ္ဂြိုဟ်ဘဲ၊ ရုပ်ဟာ ဘာလဲဆိုရင် ရုပ္ပတိ ဖေါက်ပြန်တတ်ပါတယ် ဆိုသားနဲ့၊ ကဲ– ဦးဇင်းက အနက်ပေးတော့–

တော်။ ။ရုပံ-ရုပ်လို့ပေးတာပဲ။

နုပ်။ ။ဒါဖြင့် တပည့်တော်တို့ ငယ်ငယ်တုန်းက သင်္ဂြိုဟ်တက်တော့ 'စိတ္တံ စိတ်ရင်း၊ စေတသိကံ စေတသိတ်ရင်း၊ ရူပံ ရုပ်ရင်း၊ နိဗ္ဗာနံ နိဗ္ဗာန်ရင်း' ပြန်သလိုပေါ့။

တော်။ ။အင်း အင်း .. ဟုတ်တယ် တကာကြီး။

နုပ်၊ ။ဒါဖြင့် ရုပံ ရုပ်ရင်းဆိုရင် ဒါမြန်မာပြန်အနက်လို့ ဆိုနိုင်မလား၊ ဒီရုပ်ဆိုတဲ့ ပါဠိ ဘုရားစကားကို ကိုယ့်ဘာသာ ကိုယ့်စကားနဲ့ သိစေလိုတဲ့အတွက် မြတ်စွာဘုရားက ဆက်ပီးတော့ အဓိပ္ပါယ် ရှင်းထားတာကိုကြည့်ပါ။

"ကေနရုပ္ပတိ၊ သီတေနပိရုပ္ပတိ၊ ဥဏှေနပိရုပ္ပတိ" တဲ့။

"အဘယ်အကြောင်းကြောင့် ဖေါက်ပြန်သနည်း ၊အေးသောသဘောလည်း ဖေါက်ပြန်၏၊ ပူသောသဘောလည်း ဖေါက်ပြန်၏" တဲ့။

တော်။ ။ဒါဆက် နေပါအုံး၊ တကာကြီး ဓာပေသင်ဘူးသလား။

နှုပ်။ ။နဲ့နဲ့ပါးပါးတော့ သင်ဘူးပါတယ်၊ ဒါထားပါလေ ဦးဇင်းက ရူပံ-ရုပ်ရှင်းလို့ အနက်ပေးတော့ မြန်မာအနက်ဆိုရင် ‘သီတေနပိရုပ္ပတိ’ ကို ဘယ်လို အနက်ပေးမလဲ။

တော်။ ။သီတေနပိ-အအေးကြောင့်လည်း၊ ရုပ္ပတိ-ဖောက်ပြန်၏လို့ ပေးမှာပေါ့။

နှုပ်။ ။သီတေနပိ-သီတကြောင့်လည်း၊ ရုပ္ပတိ-ရုပ်မည်၏လို့ ဘာလို့အနက်မပေးသလဲ၊ ဒါကို တပည့်တော်တို့ စဉ်းစားဖို့ကောင်းတယ်၊ ဒီရူပံဆိုတာကို ရုပ်လို့သာ ပြီးစလွယ်အနက်ပြန်တမ်းဆိုရင် တရားအားထုတ်တဲ့လူကလဲ ရုပ်လို့သာမှတ်လို့ရမယ်ဆိုရင် မြတ်စွာဘုရားက ပါဠိတော်မှာ ‘သီတေနပိ-ဥဏှေနပိ-ဇိဃစ္ဆာယပိ-ပိပါသာယပိ’စတဲ့ ဖောက်ပြန်မှု မျိုးစုံအောင် ပရိယာယ်ပုဒ်တွေနဲ့ အကျယ်တဝင့် ဟောစရာမလိုဘူး၊ နောက်ပြီး ဒီသုတ်အဖွင့် အဋ္ဌကထာမှာလဲ ‘ရုပ္ပတိ, ကုပ္ပတိ, ဃဋ္ဋတိ, ပီဠတိ, ဘိဇ္ဇတိ’ စတဲ့ ပုဒ်တွေနဲ့ အဓိပ္ပါယ်ဖော်ဘို့ မလိုဘူးပေါ့၊ ဒါ-အရှင်ဘုရား စဉ်းစားကြည့်လေ။

တော်။ ။ဟုတ်တော့လဲဟုတ်တာပေါ့၊ဒါပေမဲ့ဦးဇင်းတို့က အစဉ်အလာအတိုင်း ရုပ်လို့နာမ်လို့ ရှုရမယ်ဆိုတဲ့ ရှေးဆရာကြီးတွေရဲ့ စကားအတိုင်း မကျလို့ ပြောရတာပါ။

နှုပ်။ ။ကဲ-ဒါဖြင့် ဦးဇင်းနဲ့ တပည့်တော်နဲ့ သာသနာရေးကို ဆွေးနွေးနေတာနော်၊ တပည့်တော် အထူးသဖြင့် အရှင်ဘုရားကို ရင်းရင်းနှီးနှီး တိတိကျကျ ဆွေးနွေးဖို့ အထူးပဲ တောင်းပန် လျှောက်ထားချင်ပါတယ်။

တော်။ ။ကောင်းပါတယ် တကာကြီး၊ ဦးဇင်းကလဲ တိတိကျကျ လိုချင်လို့ ဆွေးနွေးတာဘဲ၊ ဒီည ဒီရထားပေါ်မှာ မအိပ်ရရင် နေပါစေ၊ ရှင်းရှင်းနှီးနှီးသာ ပြောပါ၊ ဦးဇင်းကလဲ ဝေဖန်မှာပေါ့။

နုပ်။ ။အဲဒါ·တပည့်တော် အကြိုက်ဆုံးပဲ၊ ဘုရားမျက်နှာ သာသနာ့မျက်နှာသာ ကြည့်တမ်းနော်။

တော်၊ ။ကောင်းလိုက်ထာ ဦးဇင်းလဲ ဒါမျိုးမှသဘောကျပါတယ်၊ တကာ့ကြီးကလဲ အရှင်နာဂသိန်က သာသနာအတွက် အရေးကြီးတဲ့ ပြဿနာများ ဆွေး နွေး မယ် ဆိုတော့ မိလိန္ဒမင်းကြီးကို စကားနဲ့ချည်သလို ချည်နေတယ်ထင်ပါရဲ့။

နုပ်။ ။ဒီလိုတော့လဲ မဟုတ်ပါဘူးဘုရား၊ ဒါပေတဲ့ ခိုင်ခံ့အောင်တော့ စကားပလ္လင်ခံရတာပေါ့ဘုရား၊ ကဲ ဒါဖြင့် ဆွေးနွေးမယ်၊ စကားနိုင်လုတဲ့ အဖြစ်မျိုးမရောက်အောင် သာသနာမျက်နှာ တခုထဲကြည့်ပြီး ဆွေးနွေးမယ်ဆိုရင် အရှင်ဘုရားပြောတဲ့ 'အစဉ်အလာက မှတ်သားလာတာမို့ 'ဆိုတဲ့စကားကို စဉ်းစားရမှာဘဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရားကလဲ'မာပရမ္ပရာယ' လို့ ဟောတယ် မဟုတ်လား။

တော်။ ။ဟုတ်ပါတယ်၊ အင်္ဂုတ္တိုရ်-ကေသမုတ္တိသုတ်မှာ—

နုပ်။ ။'အစဉ်အလာက မှတ်ခဲ့လို့ ဆိုပြီးတော့လဲ အမှန်ပဲလို့ မယူလိုက်နဲ့အုံးတဲ့'။

တော်။ ။ဟုတ်ပါတယ်။

နုပ်။ ။ဘုရားရဲ့အလိုတော်ဟာ ဘယ်လောက် လက်တွေ့ကျတယ်ဆိုတာ လင်းရှားဘာပေါ့၊ ဘာဖြစ်ဖြစ်ကိုယ်တိုင်ကိုယ်က

သိအောင်လုပ်၊ ကိုယ်သိရင် ကိုယ်ဟုတ်ထာဘဲဆိုတဲ့ အစီပွါယ်ဘဲ၊ ဒီတော့ အရှင်ဘုရားက ရုပ်လို့မှတ်မယ်၊ တပည့်တော်က ဖေါက်ပြန်မှုလို့ မှတ်မယ်ဆိုပါတော့၊ ဒါဟာ ဘယ်သူက ဘုရားအလိုတော်ကျ လက်တွေ့လို့ဆိုမလဲ၊ အရှင်ဘုရား အားမနာနဲ့နော်၊ ဘုရားမျက်နှာကို ကြည့်ပြီး ပြောသာပြော။

တော်။ ။ဦးဇင်းတို့ ဒီခန္ဓာမှာ(အဋ္ဌဝိသတိရူပါနိ)ရုပ်၂၈ခုရှိတယ်မဟုတ်လား၊ ဒီတော့ ဒီခန္ဓာမှာ တွေ့ရသမျှဟာ ရုပ် ၂၈ ခုထဲက ရုပ်တခုခုဘဲပေါ့။

နုပ်။ ။ဒီခန္ဓာမှာ တွေ့ရသမျှ တခုခုဟာ (အားမနာတမ်းပြောရရင်) ရုပ်လို့ဘယ်သူက ပြောသလဲ။

တော်။ ။ဘုရားပြောတယ်လေ။

နုပ်။ ။ကိုယ်တော် စဉ်းစားပြောပါ၊ ဘုရားပြောတာက ရှုပ်၊ ကိုယ်တော်က ရုပ်လို့ ဘယ်လိုသိသလဲ၊ ဘယ်လက္ခဏာမြင်လို့ သိသလဲ။

တော်။ ။ဒါတော့ သူတို့ရဲ့ 'ကက္ခဠလက္ခဏာပထဝီဓာတု' အရ ခက်မာတဲ့ လက္ခဏာကိုမြင်တော့ ဒီဟာ ပထဝီရုပ်လို့သိတာပေါ့။

နုပ်။ ။ခက်မာတဲ့ သဘောလက္ခဏာကို တွေ့ပြီဘဲ၊ ပထဝီရုပ်လို့ အမည်တပ်ဖို့ လိုသေးသလား၊ နောက်ပြီး ကိုယ်တော်သိနေတာက ခက်မာတဲ့သဘော၊ ရုပ်လို့အမည်တပ်ထာက သူများအပြောကိုမှတ်ထာ၊ ဝိပဿနာအလုပ်ဆိုတာ ကိုယ့်ဉာဏ်နဲ့ ကိုယ်သိချိန်မှာဖြစ်ထာ၊ လူပြောသူပြောမှတ်နေလို့တော့ ဘယ်တော့မှ

ဝိပဿနာမဖြစ်ဖူး၊ မြတ်စွာဘုရားကလဲ 'ငါဟာ ဒီတရားကို လူပြောသူပြောနဲ့ တဆင့်စကား ကြားပီး ပြန်ဟောတာမဟုတ်၊ ငါကိုယ်တိုင် သိပြီးဟောတာ'လို့ (ဓမ္မပဒ)မှာ ဆိုပါတယ်။

တော်။ ။ဟုတ်တယ်–ဦးဇင်းလဲ တွေ့ဘူးတယ်၊ ဓမ္မပဒမှာ ဘဲ။

နုပ်။ ။ဒီလိုဆိုရင် အရှင်ဘုရား နာမည်မတပ်ပဲနဲ့ သိနေတာက ဘာလဲ။

တော်။ ။ခက်မာတာတို့ ပူတာ–အေးတာတို့ပေါ့ဗျာ။

## အမြင်တမျိုး–ထင်တမျိုး

နုပ်။ ။ဒီလိုဆိုရင် တွေ့တာက ခက်မာတာ၊ မှတ်တာက ရုပ်ဆိုတော့ သိတာကတခြား၊ မှတ်တာကတမျိုး ဖြစ်နေရင် ရုပ် ရယ်လို့ မှတ်မဲ့သာမှတ်ရ၊ သဘောက မပါတော့ ကြောင်ပန်း ဆရာတော်ရဲ့စာလို....

"အနိစ္စ–အနိစ္စရယ်နဲ့ ဘိဇ္ဇနကိုဖြင့် တဆိတ်ကမှ မမြင်လို၊ ဒုက္ခ–ဒုက္ခနဲ့ နှုတ်ကသာ ဆိုလို့ညီးပေမဲ့ လူ့စည်းစိမ် ရတနာ ရွှေငွေနဲ့ ဘမရာဗွေ သဟာတွေ တွေးလိုက်တော့ အေးတော့မလို အနတ္တ–အနတ္တရယ်နဲ့ ပါးစပ်က ဆိုသာဆို ကိုယ့်ကိုယ်နဲ့ ပါ တကား ထင်ချက်ကယ်ကွာ ယာဉ်စက်စုံ ဒေသနာနဲ့ တင် လက္ခဏာ ဘယ်လိုသုံးပေမဲ့(မင်းတို့မှာကွာ)မြူးမိတဲ့ငါး...."

ဆိုသလို ပါးစပ်က အနိစ္စ အနိစ္စနဲ့ ရွတ်ပြီး ပုတီးစိတ်နေပေမဲ့ သေတာပြိုကွဲပျက်စီးတာတော့ မတွေ့ချင်, မမြင်ချင်၊ ဒုက္ခ-ဒုက္ခ လို့ နှုတ်က တဖွဖွရွတ်ပေမဲ့လဲ ကိုယ့်သားမယား ဥစ္စာစည်းစိမ် ခြံရံသင်းပင်း တိုက်နဲ့ကားနဲ့ နေရတော့ အေးသလိုလို ဘာ ဒုက္ခမှ မရှိဘူးလိုလိုပေါ့။ အနတ္တ-အနတ္တလို့ ပါးစပ်က ဆိုနေပေ မဲ့လဲ အို-တကယ်တော့ ငါ့ကိုယ်နဲ့ ပါလားလို့ ဒီလိုဆိုတာတခြား သိတာ တလွဲနဲ့တော့ဖြင့် အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာရေး ဘယ်လိုတင်တင်ကိုယ့် အသိကမှ လက္ခဏာမဝင်ရင်တော့ သံသရာ မြုံးထဲမှာ မိတဲ့ငါးတွေလိုဘဲလို့ ဆုံးမတာပေါ့ဘုရား၊ အခုလဲ အရှင်ဘုရား ခန္ဓာမှာ တွေ့တာက ခက်မာတာ,ပူအေးတာလို့ ပြောပြီ၊ ဒါမှန်တယ်၊ အဲဒီလို အသိက သိပြီဘဲ နာမယ်တော့ မတပ် လိုက်ရင် မှန်နေတာဘဲ၊ အသိကိုး....အဲဒါတွေဟာ ခန္ဓာမှာ တကယ်ရှိလို့ တကယ်သိပါတယ်ဆိုတာ ဝန်ခံနိုင်မလား။

တော်။ ။ဟာ-ဝန်ခံ နိုင်တာပေါ့ တကားကြီးရာ၊ ကိုယ့် ကိုယ်တိုင် သိနေတာဘဲ။

နှုပ်။ ။မှန် တာ ပေါ့ ဘုရား၊ အဲဒီတော့ မူလ ပဏ္ဏာသ ဋ္ဌကထာဘုရာ့....

"စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ"(၂၃၈) သည်ပေါ့ဘုရား၊ 'ဝိပဿနာရှုမည့် ယောဂီဟာ ဘူတရုပ်ကြီး ၄ ပါး၊ ဥပါဒါရုပ် ၂၄ ပါး၊ ပေါင်း ၂၈ ပါးသောသဘော တရားတို့ကို လက္ခဏာ သဘောအားဖြင့် ဖေါက်ပြန်တတ်သော သဘောကြောင့်'ရုပ်-ဖေါက်ပြန်တဲ့သဘော'.လို့ မှတ်ထားပါလို့ ဆိုပါတယ်။

တော်။ ။အင်း-အင်း....ဒီစာအုပ်ထဲမှာလဲ ပါတယ်၊ ဟုတ်တယ်-ဟုတ်တယ်။

နုပ်။ ။အဲဒါ-ဦးဇင်းလဲ စဉ်းစားကြည့်ပေါ့၊ ၂၈ ပါးသော သဘောတရားတို့ဟာ သူ့ရဲ့ကိုယ်ပိုင်လက္ခဏာနဲ့ သူဘယ်လိုဘဲ ခက်မာတာဘဲ, ပူတာဘဲ, အေးတာဘဲ, ဘာဘဲဖြစ်နေနေ သူတို့ရဲ့ ပင်ကိုယ် သဘောကတော့ 'ရုပ်' ဆိုတဲ့ 'ဖေါက်ပြန်'တဲ့ သဘောလက္ခဏာကိုသာ ဆောင်နေတဲ့အတွက် 'ဖေါက်ပြန်တဲ့ သဘော'ဘဲလို့သာ မှတ်လိုက်ပါလို့ဆိုတာ အရှင်ဘုရား ဘယ်လို သဘောရသလဲဘုရား။

တော်။ ။ဟာ....တော်တော်ပိုင်ပါလား ဒီလို သဘောတရား အသေးစိပ် ဝေဖန်နိုင်တာထောက်တော့ မဟုတ်မှလွဲရော တကာကြီးဟာ ဆရာကြည်ဘဲထင်တယ်၊

နုပ်။ ။အရှင်ဘုရား-ဆရာကြည်ကို တွေ့ဖူးလို့လား။

တော်။ ။တွေ့ဖူးရင် ဒီလိုတောင် မေးမနေပါဘူး၊ မတွေ့ဘူးလို့ပေါ့၊ ဒီလိုမှမဟုတ်ရင် ဆရာကြည်ရဲ့ အဖွဲ့ထဲက ဓမ္မာစရိယ တယောက်ယောက် ဖြစ်မယ်ထင်တယ်။

နုပ်။ ။ဒါတွေ ထားပါတော့လေ၊ ဒါတွေက အဓိက မဟုတ်ပါဘူး၊ နောက်တော့ တပည့်တော် ရှင်းပြပါ့မယ်။

တော်။ ။ဒါဖြင့် ခန္ဓာမှာ တွေ့တဲ့ခက်မာမှုဆိုတဲ့ သဘောတွေကို ဘယ်လို မှတ်နေရမှာလဲ။

နုပ်။ ။ခက်မာမှုဆိုတာတို့, ပူတယ်အေးတယ်ဆိုတာတို့ဟာ သူတို့သူတို့ရဲ့(သလက္ခဏတော) ကိုယ်ပိုင် လက္ခဏာတွေဘဲ၊ ရှုရမှာက (သာမညလက္ခဏတော)ဆိုတဲ့ သဘာဝကိုရှုရမှာ။

တော်။ ။ဒီမှာ ဦးဇင်းက ကောင်းကောင်းမရှင်းသေးဘူး မရှင်းဆို ကိုယ်တွေ့ကလဲ သိပ်မရှိထားဘဲကိုး၊ တရားအားထုတ်ပီ ဆိုပါတော့ ခန္ဓာမှာ ပူတာတို့အေးတာတို့ တွေ့လာရင် ခန္ဓာမှာ တွေ့တဲ့သိတဲ့အတိုင်း မှတ်နေရမယ်ဆိုတော့ ပူတယ်, အေးတယ် ဒီလိုဘဲ မှတ်ရမလား၊ ဒါက ကိုယ်တိုင်တွေ့ကိုး။

နုပ်။ ။ဟုတ်တော့ဟုတ်တယ်၊ ပူတယ် အေးတယ်လို့တော့ မမှတ်ရဘူး။

တော်။ ။ဘာဖြစ်လို့လဲ ဒါအမှန်ဘဲဟာ။

နုပ်။ ။တပည့်တော် တခုလျှောက်ချင်တယ်၊ တပည့်တော် တို့ တရားအားထုတ်တယ်ဆိုတာဟာ ပညတ် သိဖို့ လုပ်ထာလား၊ ပရမတ်သိဖို့လုပ်ထာလား။

တော်။ ။'စတုဓာပရမတ္ထတော' ဆိုတဲ့အတွက် ပရမတ္ထ တရားလေးပါး သိဖို့လုပ်ထာဘဲ။

နုပ်။ ။လေးပါးဆိုတာ ထားပါအုံး၊ ပရမတ်သိဖို့ ဆိုပါ တော့။

တော်။ ။ဟုတ်ပါတယ် ပရမတ်သိဖို့။

နုပ်။ ။လောကအတွက်လား၊ လောကုတ္တရာအတွက်လား။

တော်။ ။လောကုတ္တရာအတွက်ပေါ့'လောကတောဥတ္တရံ' ကိုး။

နုပ်။ ။ဒါဖြင့် လောကုတ္တရာ ပရမတ်အတွက်ဆိုရင် ခက်မာ တယ်,ပူတယ်အေးတယ်ဆိုတဲ့လောကပညတ်နဲ့သိလို့ ရပါ့မလား။

တော်။ ။ဟာ-တိုက်ပွဲကြီး တွေ့ရပြန်ပါပီ။

နုပ်။ ။ဘာတိုက်ပွဲလဲ ဘုရာ့။

တော်။ ။အခုန တကာကြီး ပြောတဲ့ အထဲမှာ ခက်မာတယ်၊ ပူတယ်၊ အေးတယ်ဆိုတာ ပညတ်လို့ ဆိုသွားတယ်လို့ ဦးဇင်း ကြားလိုက်မိတယ်။

နုပ်။ ။မှန်ပါတယ် ပညတ်ပါဘဲ။

တော်။ ။ခက်မာတယ်ဆိုတာ ပထဝီဘဲ၊ ပူတယ်အေးတယ်ဆိုတာ တေဇောဘဲ၊ ဒီပထဝီတို့ တေဇောတို့ဆိုတာဟာ ပရမတ်မဟုတ်ဖူးလားလို့။

နုပ်။ ။သူတို့ရဲ့သဘောကတော့ ပရမတ်ပဲ၊ ဒါကိုသိနေတဲ့ အရှင်ဘုရားရဲ့ အသိက ခက်မာတယ်၊ ပူတယ်၊ အေးတယ်လို့ သိနေတော့ အဲဒီ အသိကိုက ပညတ်ကိုသိတဲ့အသိ။

တော်။ ။နေအုံးလေ တကာကြီး၊ ပူတာ အေးတာဟာ ပရမတ်ဖြစ်ရင် ဒါကိုသိတဲ့ အသိဟာလဲ ပရမတ်သိဘဲ ဖြစ်ရမှာပေါ့။

နုပ်။ ။အဲဒါ တပည့်တော်တော့ အတော့်ကို ဖြေရခက်နေတယ်၊ တပည့်တော်တို့ မြတ်စွာဘုရား သာသနာဟာ အသိသာသနာ၊ ဉာဏ်ပညာသာသနာနော်၊ အသိမှန်ရဖို့ တပည့်တော်တို့ကြိုးစားနေရတာပါ၊ အသိဉာဏ်အရေးအကြီးဆုံးလို့ တပည့်တော် လျှောက်ပါတယ်၊ အားထုတ်နေကြတာ ကျင့်နေကြတာဟာ အသိအတွက် ဉာဏ်အတွက်ပါ။

တော်။ ။ဒါတော့ ဟုတ်ပါတယ်။

နုပ်။ ။ကဲ-ဒီလိုဆိုရင် ဥပမာ-ဦးဇင်း အခု ညောင်းလို့ နေရာပြင်တယ်နော်။

တော်။ ။ဟုတ်တယ် ထိုင်ရတာပူလို့။

နှိုပ်။ ။ဒါဖြင့် ပူတာကို ပူတယ်လို့ အရှင်ဘုရား သိလိုက်တာဟာ ပရမတ်ကို သိတာလား။

တော်။ ။ဒါကတော့ ပရမတ်ကို သိတယ်လို့ မဆိုနိုင်ဘူးလေ။

နှုပ်။ ။ပရမတ်သိ မဟုတ်ရင် ပညတ်သိပေါ့။

တော်။ ။ဒီလိုဆိုရင် ပူတယ် အေးတယ်ဆိုတာဟာ ပညတ်လို့ ဆိုမလား။

နှုပ်။ ။ပူတာအေးတာကတော့ ပညတ် မဟုတ်ဖူး၊ပူတယ် အေးတယ်လို့ သိနေတာကတော့ ပညတ်သိပဲ။

တော်။ ။ဘာဖြစ်လို့လဲ။

နှုပ်။ ။ပရမတ်က မပူမအေး တက်ပါဘဲနဲ့ မှတ်တဲ့လူက အမှတ်မှားပြီး ပူတယ် အေးတယ်မှတ်လို့ပေါ့။

တော်၊ ။ဒီ အမှတ် ပညတ်ဆိုတာကို ဦးဇင်းတော့ နားမရှင်းဘူး။

နှုပ်။ ။ပညတ်ဆိုတာဟာ လော က သား တို့ သူတို့ရဲ့ ဘာဝအလျောက် ခေါ်ဝေါ် ပညတ် သုံးစွဲအပ်တဲ့ သင်္ကေတ အမှတ်အသား အားလုံးဟာ ပညတ်ချည်းဘဲ။

'သင်္ကေတ ဝစနံသစ္စံ၊ လောကသမ္မုတိကာရဏာ'နော် ဒါဆို အရှင်ဘုရား အစိပ္ပါယ်သိပြီဘဲ။

တော်။ ။အင်း-သိပါတယ်၊ လောကရဲ့ အမှတ်သညာ အမည်နာမတွေပေါ့။

နှိုပ်။ ။ဟုတ်ပါတယ်၊ ဒီတော့ အရှင်ဘုရားရဲ့ ခန္ဓာမှာ သဘောတရားတခုတွေ့ရင် ပူတယ်လို့ ခုလို အရှင်ဘုရားက မှတ်လိုက်မယ်ဆိုပါတော့။

တော်။ ။အခင်း-မှတ်တယ်။

## ရိုးရိုးသိရာ ပရမတ်ပါ

နုပ်။ ။ဒါဖြင့် ပူတယ်ဆိုတာဟာ ခန္ဓာက ပူတယ်လို့ ပြောသလား၊ ကိုယ်တော်က ပူတယ်လို့ မှတ်ထားသလား။

တော်။ ။ဒါကတော့ ဦးဇင်းကတွေ့ရင် ဦးဇင်းက မှတ်ထားပေါ့။

နုပ်။ ။အဲဒါ လောကထဲက ပညတ်နယ်ထဲက အမှတ် အသားနဲ့မှတ်လို့ ပညတ်သိလို့ပြောတာ ဦးဇင်း မရှင်းသေးဘူးထင်တယ်၊ တပည့်တော် ရှင်းအောင် ပြောပြမယ်၊ ဒီပူတယ်-အေးတယ်ဆိုတာ တကယ်တော့ ကိုယ်တိုင်သိ မဟုတ်ဖူး၊ လောကထဲက ပညတ်ထားလို့ လောက ပညတ်အလိုက် သိတာဆိုရင် ဦးဇင်း ငြင်းမလား-ကဲ။

တော်။ ။ဟာ-ငြင်းတာမှ တကယ့်ကိုငြင်းရမှာဘဲ၊ ဘယ့်နှယ် ကိုယ့်ကိုယ်တိုင် ပူမှန်းသိလို့ ပူတယ်လို့ ပြောတာပေါ့၊ ဦးဇင်းက လေဖြတ်ထားတာမှ မဟုတ်ပဲ။

နုပ်။ ဦးဇင်း စိတ်မတိုနဲ့လေ၊ တရားဆွေးနွေးနေတာပဲ

တော်။ ။မတိုပါဘူး တကာကြီးရာ၊ ပျော်လို့ ရီတာ ပြောတာပါ။

နဲ့ပ်။ ။ဒါဖြင့် ကောင်းပါတယ်၊ ပျော်ပျော်ဆွေးနွေးတာပေါ့၊ ပူတယ်သိ, အေးတယ်သိဆိုတာဟာ ကိုယ်တိုင်သိမဟုတ်ဖူးလို့ တပည့်တော် ပြောတော့ ဦးဇင်းကအစ အများကဘဲ ကိုယ်တိုင်သိလို့ဆိုကြမှာဘဲ၊ တပည့်တော် ကိုယ်တွေ့တခု လျှောက်မယ်၊ ဦးဇင်းတို့ တပည့်တော်တို့ကတော့ ကြီးလာကြလို့ မေ့နေဘီထားတော့၊ အိမ်မှာ နှစ်ခါလယ်ကျော်ကျော် ကလေးတယောက်ရှိတယ်၊ သူဟာ လူကြီးတွေသောက်နေတဲ့ ရေနွေးကြမ်းဝိုင်းနားလာပြီး၊ဟိုကိုင်ဒီကိုင်နဲ့ လာလာရှုပ်တယ်၊ တနေ့တော့ ကလေးလဲ အနားလာရော တပည့်တော်က သူ့လက်ကို ယူပြီး ရေနွေးအိုးနဲ့ ထိပေးလိုက်တော့ သူရှုန်းကန်ပြီး လှည့်ထွက်သွားတယ် နောက်တခါ အနားလာတော့ ရေနွေးအိုးပြလိုက်ထာနဲ့ မလာတော့ဘူး၊ ဒီတော့မှ သူ့ကိုပြောရတယ်၊ 'သား-အဲဒါမှတ်ထား ပူတယ်'လို့ ပြောထားသင်ထားပြီးတော့ နောက်ရေနွေးအိုးပြပြီး 'ဒါဘာလဲ'လို့ မေးတဲ့အခါ'ပူတယ်'လို့ သူပြောတယ်၊ 'ဒါဟာ ပူတယ်,ဒီလိုအတွေ့ဟာပူတယ်'လို့ ပတ်ဝန်းကျင် လောကပညတ်နဲ့ အမှတ်အသားလုပ်ထားတာသိတော့ ဒါမျိုးတွေ့ရင်ပူတယ်လို့ မှတ်ရာက ကြီးလာတော့ ကိုယ်သိဘဲလို့ထင်လာတယ်၊ ဦးဇင်း တပည့်တော်တို့လဲ ဒီသင်ကြားမှုကို မှတ်လာခဲ့တာဟာ အသေအချာဘဲ၊ လောကပညတ်က သင်ထားလို့ တပည့်တော်တို့မှတ်လာတာဘဲ၊ ဒါဟုတ်·မဟုတ် ဘယ်သူကမှ ကိုယ့်ဟာနဲ့ကိုယ် တည်ထွင် သိလာတာမဟုတ်ဖူးဆိုတာ ဦးဇင်းစဉ်းစားနိုင်လောက်ပါဘီ။

တော်။ ။အင်း-စဉ်းစားစရာဘဲ။

နုပ်။ ။အဲဒါလိုဘဲ အေးတယ်, ထုံတယ်, ညှောင်းတယ်, ကျင်တယ်၊ အို-အားလုံး လောကပညတ်တွေဟာ ပတ်ဝန်းကျင် လောက,က သတ်မှတ်တဲ့အတိုင်း လိုက်မှတ်, လိုက်သိနေရတာ ချည်းဘဲ၊ တခုမှ ကိုယ်သိမဟုတ်ဖူး၊ ဦးဇင်း သဘောပေါက်ရဲ့ လား၊ မပေါက်သေးရင် ဥပမာ—တခု ပြောအုံးမယ်။

"တပည့်တော်ရဲ့ ငယ်နာမည်က မောင်ညဏ်တဲ့၊ ဒီနာမယ် ဟာ တပည့်တော် သုံးလသားအရွယ်က မိဘတွေရဲ့ တောဓလေ့ အတိုင်း ဆရာဘုန်းကြီးဆီမှာ နာမယ်တောင်းတော့ 'မောင်ညဏ်' လို့ နာမယ်ပေးလိုက်တယ်၊ တပည့်တော်ရဲ့ မိဘတွေကလဲ လူကြီး တွေဖိတ်ပီး ကွမ်းဆေးလဖက်နဲ့ ကင်မွန်းတပ်ညှော်ခံတယ်၊ 'မောင် ညဏ်တဲ့ဟေ့'လို့ ပြောကြခေါ်ကြ၊ တရွာလုံးက 'မောင်ညဏ်, မောင်ညဏ်'လို့ ခေါ်တော့တာပေါ့၊ ဘယ်လိုဘဲ တရွာလုံးက ခေါ်ခေါ် ကာယကံရှင် တပည့်တော်ကတော့ မသိတာအမှန်၊ ဒီလိုနဲ့ဘဲ အခါလယ် ကျော်တော့ သိလာတယ်၊ နောက် မောင်ညဏ်ရေလို့ ခေါ်လိုက်ရင် 'ငါ့ကို ခေါ်တာဘဲ'လို့ မှတ် ထားတယ်"။

ဒီအချိန်မှာ ကိုယ့်ကိုယ်တိုင်က သိတာမဟုတ်၊ သူများက ပတ်ဝန်းကျင်က ပညတ်လို့ သတ်မှတ်လို့ အဲဒါကြီးဟာအတည် ဖြစ်နေလိုက်ထာ ကြီးတဲ့အထိဘဲ၊ ကြီးလာတော့'မောင်ညဏ်ဆို တာငါဘဲ'လို့ မှတ်တယ်'ငါ့နာမယ်ဘဲ'လို့ ယူစွဲထားတယ်၊ ဒါ ဟာကိုယ်တိုင်သိလား,သူများခေါ်ဝေါ်ပြောဆိုတာလားဆိုတာ

အရှင်းကြီးဘဲ၊ အဲဒီလို ခေါင်း့ကိုယ့်ခြေ့လက့်နားရွက့်မျက်စိ စတဲ့ လောကထဲမှာ သိစရာဆိုရင် အားလုံး ပညတ်ကသင်ပေး ထားချည်းဘဲ၊ ဒီတော့ ဦးဇင်းပြောတဲ့ ခက်မာတာတို့ ပူတာ အေးတာတို့လဲ လောက့က မှတ်ခိုင်းတာဘဲ၊ ကိုယ်တိုင်သိဟုတ်ကို မဟုတ်ဖူး၊

တော်။ ။ဟုတ်ပါရဲ့ ဒါကြောင့် 'သူများပါးစပ်နဲ့ လမ်း မဆုံးစေနဲ့ 'ဆိုတာ ဒါကိုး။

နုပ်။ ။ပရမတ်ဆိုတာ သူများပြောမဟုတ်တဲ့ ကိုယ့်ခန္ဓာ မှာ ကိုယ်ရိုးရိုးသိနေမှုဖြစ်ထာ။

တော်။ ။အတော် ကိုနက်နဲပါလား၊ တခါမှ ဦးဇင်းတို့ မစဉ်းစားမိဘူး။

နုပ်။ ။ဒါဟာ-လူတိုင်း စဉ်းစားနိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ ပရမတ်သိဖို့လေ့လာတဲ့အခါမှ ဆန့်ကျင်ဘက် ပညတ်တို့ အရာ ကျယ်ပုံကို သိလာရတာ။

တော်။ ။ဟုတ်ပါရဲ့ ဗျာ၊ အိုး....တောင်ငူတောင် ရောက် လာပြီဘဲ။

နုပ်။ ။ဦးဇင်း ကျိန်းတော့မလား၊ ၁၁ နာရီကျော်ပီ။

တော်။ ။ဟာ-တကာကြီး အိပ်ချင်ရင်သာပါ၊ ဦးဇင်းက တော့ စာအုပ် အများကြီး မဖတ်ရဘဲနဲ့ လေ့လာပြီးသား ဖြစ် နေလို့ မအိပ်တော့ပါဘူး။

နုပ်။ ။တပည့်တော်ကလဲ တရားနဲ့သာဆိုရင် မိုးလင်းချင် လင်းရော့။

တော်။ ။ကဲ–ဒါဖြင့် ဆက်ပြောပါအုံး၊ ပုသို့အေးသိဆိုတာ လောကသတ်မှတ် မှည့်ခေါ်ထားတာဖြစ်လို့ လောကသိ ပညတ် သိသာ ဖြစ်တယ်၊ ကိုယ်သိ မဟုတ်ဖူးဆိုရင် ကိုယ်သိက ဘာလဲ။

နုပ်။ ။ဒါကတော့ ရှင်းနေတာဘဲ၊ ခန္ဓာကပြတဲ့အတိုင်း, ပြောတဲ့အတိုင်းသိရင် ယထာဓမ္မ,ယထာသဘာဝပေါ့။

တော်။ ။ဒီလိုဆိုရင် ခန္ဓာက ဘာပြလို့ ဘာသိရမှာလဲ။

နုပ်။ ။ဒါ စောစောထဲက တပည့်တော်ပြောထားသားဘဲ အရှင်ဘုရားက ရှေ့နေလို အမှားကွက် ပြန်စောင့်နေတယ်ထင်တယ်။

တော်။ ။မဟုတ်ရပါဘူး တကာကြီးရာ၊ဦးဇင်း အင်မတန် စိတ်ဝင်စားလွန်းလို့ အသိလမ်းမှန်ဖို့လေ့လာနေတာပါ၊နောက်ပြီး ဒီပြဿနာ စ,မူတည်ကထဲက 'ရုပ်လို့မရှုရ–နာမ်လို့ မမှတ်ရ ဆိုတာ ဒါ့ကြောင့်ကိုး'လို့ တဝက်တပျက်တော့ ဦးဇင်း ရိပ်မိထားပြီ၊ အားလုံး သံဒိဋ္ဌာန်ကျ သိချင်လို့ပါ။

နုပ်။ ။ဟုတ်ပြီ ဒီပြဿနာရဲ့ သရုပ်လဲ ကွဲသွားပါလိမ့်မယ် ဒီခန္ဓာဟာ အပြောအားဖြင့် ရုပ်နာမ်နှစ်ပါး ပေါင်းဖွဲ့ထားတဲ့ ခန္ဓာဘဲလို့(ဉာတပရိညာ)မှတ်သိ သိထားပါ။

တော်။ ။ဒါတော့ ယုံကြည်ထားပါတယ်။

နုပ်။ ။ဒီတော့ ဒီခန္ဓာနဲ့ ပတ်သက်လို့ သိစရာရှိသမျှအားလုံးဟာ(ရုပ်ဆိုတဲ့)ဖေါက်ပြန်မှုချည်းဘဲပေါ့။

တော်။ ။ဦးဇင်းတို့ စောစောက 'ရုပ်'လို့ ပြောခဲ့တာတွေဟာ 'ဖေါက်ပြန်မှုတွေဘဲ'လို့ မှတ်ရမယ်ဆိုပါတော့။

နုပ်။ ။အရှင်ဘုရား သည်းခံပါ၊ 'မှတ်ရမယ်ဆိုပါတော့ လို့မလုပ်ပါနဲ့ 'တကယ်ဖေါက်ပြန်နေတာတွေဘဲ'လို့ကိုယ်တိုင် သိမှ ကိုယ်သိဖြစ်မှာပေါ့၊ သူများမှတ်ခိုင်းလို့ မှတ်နေရတယ်ဆို ရင် ကိုယ်တိုင်သိ ဟုတ်ပါ့မလား။

တော်။ ။တကယ်တိကျပါလား။

နုပ်။ ။ဒီအလုပ်က မတိကျရင် ရကိုမရဘူး၊ သူများပြော တိုင်း 'ဒါကရုပ်-ဒါကနာမ်'လို့ မှတ်ဆိုတိုင်း မှတ်လို့ မရဘူး ကိုယ့်တော်-အသိအလုပ်,ဉာဏ်အလုပ်ဆိုတာ ဘယ်တော့မှ မျက် ခြေပြတ်လို့မရဘူး။

တော်။ ။ဩော်-ဩော်-ရုပ်လို့မရှုရ, နာမ်လို့ မမှတ်ရ ဆိုတာ အခု သဘောပေါက်ပါပြီ၊ ကိုယ်မသိတဲ့ သဘောကို ကိုယ်သိသလိုမလုပ်ရ၊ တနည်း-လုပ်မရဆိုတဲ့ အဓိပ္ပါယ်ပေါ်သွား ပါပြီ၊ ဝမ်းသာလိုက်တာ တကာကြီးရယ် ရုပ်နာမ် ဆိုတာ ဘကယ်တော့ အလုပ်နယ်က မဟုတ်ပဲ အပြောနယ်ကပါလား။

နုပ်။ ။ဟာ-ကျေနပ်လိုက်တာ ဦးဇင်းရယ် ပြောရကျိုး နပ်ပါတယ်။

တော်။ ကဲ။-ကဲ-မှတ်ထားနဲ့သိတာ မတူဘူးလား။

နုပ်။ ။ဒါ-စာကကို ခွဲလာတာဘဲ၊ အရှင်ဘုရား စာသင် လာသားနဲ့ဘယ်တူမလဲဘုရာ့ မှတ်ထားကသညာ၊သိတာကပညာ ဘဲ၊ တနည်းအလုပ်သဘောနဲ့ပြောရင် မှတ်ထားကသတိ၊ သိတာ က သမ္ပဇဉ်ပညာဘဲ။

တော်။ ။ကဲလေ-ထားပါတော့ ဖေါက်ပြန် နေတယ်လို့ ဘမျိုးထဲ သိနေရမှာလား။

နုပ်။ ။အရှင်ဘုရား–ဒီခန္ဓာမှာဖေါက်ပြန်တာနဲ့ သိတာနဲ့ ကလွဲလို့ ဘာရှိသေးသလဲ။

'နာမရူပ မတ္တတော'လို့ ဝိသုဒ္ဓိမဂ်က ဆိုတယ်နော်။

တော်။ ။တကာကြီးက အာဂုံတွေလဲ တယ်ရတာကိုး၊ ဦးဇင်းတို့တော့ သိတော့သိတယ် အာဂုံက မရဘူး။

နုပ်။ ။ဒီလိုဘဲ မှန်းတန်း ရွတ်ရတာဘဲ၊ ဟုတ်မဟုတ်တော့ ဘယ်သိမလဲဘုရာ့။

တော်။ ။မဟုတ်ရင် ဦးဇင်းတို့ရှေ့မှာပုါဠိရွတ်လို့ ဘယ်ရမလဲ။

နုပ်။ ။အရှင်ဘုရားလဲ အလေ့အလာများလာရင် အာဂုံလဲရလာမှာပေါ့၊ ဒီတော့ ဖေါက်ပြန်တာနဲ့ သိတာနဲ့ကလွဲလို့ မရှိတော့ဘူးဆိုရင် 'ဖေါက်ပြန်တဲ့ သဘောတွေ'ရယ်လို့ဘဲ သိနေပါ၊ကဲ–အခုဆိုပါတော့ ဦးဇင်းထိုင်နေတာ ဘယ့်လိုသိနေသလဲ။

တော်။ ။ပူနေတယ်။

နုပ်။ ။အဲဒါဟာ ပညတ်အမှတ်မျိုးဖြစ်တော့ ပရမတ်သိဖြစ်အောင် ဘယ်လိုသိမလဲ။

တော်။ ။ဖေါက်ပြန်တယ်လို့ သိမယ်ဆိုရင် ဖေါက်ပြန်တယ်လို့ မှတ်တာလဲ နာမည်တပ်ပီးမှတ်လို့ ဒါလဲ ပညတ်မဖြစ်ဖူးလား။

# မှတ်ထာပညတ်-သိပရမတ်

နှုပ်။ ။အမှတ်တမဲ့ ဆိုတော့ မေးစရာဘဲပေါ့၊ တကယ်တော့ ပူတယ်၊ အေးတယ်စတဲ့ လောကပြောတဲ့စကားမျိုးမှတ်ထာက ခန္ဓာရဲ့ ပင်ကိုယ်သဘာဝကို လောကနည်းနဲ့ နာမယ်တပ်သိလို့ ပညတ်သိလို့ပြောတာ၊ ပုံစံပြရရင်—

'ရူပံ အတ္တတော သမနုပဿတိ'ခန္ဓာရဲ့အရှိသဘောက 'ရုပ်' ဆိုတဲ့ ဖေါက်ပြန်မှု။ ဒါကို ပညတ်နဲ့ နာမယ်တပ်မှတ်ထာက 'အတ္တတော' ဆိုတဲ့ ငါလို့ သူလို့ ပူလို့အေးလို့ မှတ်တာရှုတာ အဲဒါ သက္ကာယဒိဋ္ဌိဖြစ်ရော၊ပင်ကိုယ်ရှိတဲ့ ပရမတ်သဘောကိုသာ ပရမတ်အတိုင်း....

'ရူပံ ရူပန္တိ သမနုပဿတိ' ခန္ဓာရဲ့ ပင်ကိုယ် ဖေါက်ပြန်နေတာကို ဖေါက်ပြန်နေတယ်လို့ ခန္ဓာရဲ့ပကတိသဘောကိုပကတိအတိုင်းသာ သိနေမယ်ဆိုရင် ပညတ်နာမယ် မတပ်မယူ မစွဲတဲ့အတွက် သက္ကာယဒိဋ္ဌိမဖြစ်ဖူး၊ ဖြစ်ခွင့်လဲမရှိဘူး၊ဖေါက်ပြန်တယ်ဆိုတာဟာ မှတ်ထာမဟုတ်ဖူး၊ ခန္ဓာရဲ့ ပကတိသဘောကိုပကတိအတိုင်း သိနေတာပါ၊ စကားအနေနဲ့ ပြောလို့သာ မှတ်မှတ်နဲ့ ပြောတာ တကယ်တော့ သိရမဲ့တရားပါ။

တော်။ ။တကာကြီးရှင်းပြတဲ့ အချက်အလက်တွေကတော့ အတော့်ကို သဘာဝလဲ ကျပါတယ်၊ လက်တွေ့နဲ့သေးတဲ့ ဦးဇင်းအတွက်တော့ ဘဝင်ကောင်းကောင်းမကျသလိုဘဲ။

(ထိုအခါ ကျွန်ုပ်က ဦးဇင်းလက်ကို အသာဆုပ်လိုက်ပြီး)

နုပ်။ ။ကဲ-အရှင်ဘုရား ဘယ်လိုသိနေသလဲ။

တော်။ ။နွေးတယ်လို့ သိနေတယ်။

နုပ်။ ။အဲဒီနွေးတယ်ဆိုတာ နာမယ်တပ်ထာမဟုတ်လား၊ အဲဒီနွေးတယ်လို့ နာမယ်မတပ်ဘဲနဲ့ အရှင်ဘုရားမသိဘူးလား။

တော်။ ။အင်း-သိတော့သိနေတယ်၊ဘာပြောရမှန်းတော့ မသိဘူး။

နုပ်။ ။မပြောပါနဲ့လေ-သိတော့သိနေတယ် မဟုတ်လား၊ အဲဒီ သိနေတာဟာ ပရမတ်ကို သိနေတာဘဲ၊ မသိမရှိဘူးနော် နာမယ်သာမတပ်လိုက်ပါနဲ့ အဲဒီတော့ ဒါဟာ အမှန်ခန္ဓာမှာရှိတဲ့ သဘာဝတရားတို့ရဲ့ ဖေါက်ပြန်မှု ပြောင်းလဲမှုဘဲလို့ သိနေရင် နာမယ်တပ်စရာ လိုသေးသလား။

တော်။ ။ဟင်း-တယ်ဟုတ်ပါလား၊ ဒီလိုကိုး၊ သိမ်မွေ့ တယ်နော်။

နုပ်။ ။အဓိပ္ပါယ်က ကိုယ့်ခန္ဓာမှာ ကိုယ်သိရမဲ့ ဖေါက်ပြန်မှုလို့ သိနေရင် ကိုယ်မသိတဲ့ ရုပ်လို့ နာမ်လို့ မှတ်ဖို့များ လိုသေးသလား၊မှတ်ရင်ကော မှန်မလား။

တော်။ ။အဲ့ပေါ်ပြီ၊ ဒီစာအုပ် စာမျက်နှာ နံပတ် ၅၂ မှာ ရုပ်လို့မရှုရ-နာမ်လို့မရှုရဆိုတာ ဒီလိုရှုလို့ကိုမရလို့ပြောတာ ကိုး၊ အင်း-ရှင်းပေါ့ဗျာ။

နုပ်။ ။ဒါဖြင့် ဒီပြဿနာရှင်းပီပေါ့၊ အခု လက်ကိုင်ပြတာ ဟာ အရှင်ဘုရား သိလွယ်အောင်လို့သာ ပြရတာပါ၊ ပရမတ် သဘောဆိုတာ ဒီလိုလုပ်ယူရ,လုပ်သိရတာမျိုးမဟုတ်ဖူး၊ သူ့သ

ဘောအတိုင်း ဖြစ်နေတာသာသိနေရတာပါ၊ တချို့လ် ဒီလိုကိုင်လို့ တကာမတွေကိုင်ပီး ပြတယ်လို့ ကြားရတယ်ဘုရား။

တော်။ ။အေးဗျာ–ကြားဖူးတယ်၊ ဒါဟာ သာသနာကို ထိခိုက်တာဘဲ။

နုပ်။ ။အရှင်ဘုရားမို့ သိအောင်သာပြရတာတကယ်တော့ 'ကာယဥ္စ ပဋိစ္စ'နဲ့ ခန္ဓာရဲ့ ပရမတ်သဘောတွေဟာ သူ့ဟာသူ သိနိုင်တာချည်းပါဘဲ၊ အဲဒီတော့ ကျင်လာမယ်, ထုံလာမယ်, ညောင်းလာမယ်, ကိုက်လာမယ်ဆိုရင်ကော။

တော်။ ။ဒီခန္ဓာရဲ့ သဘောအရဖြစ်လို့ ဖေါက်ပြန်တာဘဲလို့ သိနေမယ် မှန်ရဲ့လား။

နုပ်။ ။ဩော်–ကိုတော့်နှယ် သံသယနဲ့ကိုး၊ အတိအကျ ဖေါက်ပြန် တယ်ဘဲ သိနေရမှာပေါ့၊ ဒါကြောင့် 'သီတေနပိ ပညတ်နယ်က အေးတယ် ဆိုတာဟာလဲ ရုပ္ပတိ–ပရမတ်နယ်က ဖေါက်ပြန်တဲ့ သဘော'လို့ စောစောက ပြောခဲ့တာ သဘော ပေါက်ရဲ့လား။

တော်။ ။သဘောပေါက်ပါတယ်၊ ရုပ်ဆိုတာ လက်တွေ့ ကျတော့ ဖေါက်ပြန်မှုကိုဆိုတာဘဲ၊ ဖေါက်ပြန်မှု ဆိုတာဟာလဲ တကယ်တော့ ခန္ဓာကိုယ်မှာ ဘယ်နေရာမှ မလပ်အောင် ပြောင်း လဲနေတဲ့ သဘောတွေဘဲ၊ ဒါကြောင့် 'နဒီသောတောဝိယ,ဒီပ ဇာလာဝိယ'လို့ ဟောပေတာဘဲ၊ ဒါတွေဟာ ခန္ဓာမှာ အချိန် မရွေး ရှိနေတာဘဲနော် တကာကြီး။

နှုပ်။ ။ဒါပေါ့ ဘုရား၊ အချိန်မရွေး ရှိနေလို့ ခန္ဓာရှိတဲ့ ဦးဇင်းတို့ တပည့်တော်တို့မှာ ရင့်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း တရားတွေ ဖြစ်နေတာပေါ့ ဘာဖြစ်လို့လဲ။

တော်။ ။ပြောရမှာတောင် ခပ်ခက်ခက်ပဲ၊ ဦးဇင်းလဲတရား လေ့လာချင်တာနဲ့ နာမည်ကြီး ဌာနတခု ဆိုပါတော့ အဲဒီမှာ သွားပြီး စမ်းသပ်အားထုတ်ကြည့်ဖူးတယ်၊ အဲဒီမှာတော့ အာနာ ပါနကစပြီး အားထုတ်ရတာပေါ့၊ နောက်ခန္ဓာကိုယ်မှာရုပ်တွေ ရှိတယ်၊ အဲဒါတွေဟာ တောင့်တင်းခက်မာတာတို့ ပူတာအေးတာ တို့ တွေ့လာရင် ဘာဖြစ်ဖြစ် ရုပ်လို့ပဲရှု၊ နာလာ ကျင်လာရင် ဝေဒနာလို့ ရှုဆိုလို့ ရှုတာဘဲ၊ အဲထိုင်လို့ အတော်လေးကြာတော့ ပူလာတယ်၊ အေးလာတယ်၊ ညောင်းလာတယ် ပေါ့ဗျာ၊ အဲဒီ တော့ 'ရုပ်ပဲရုပ်ပဲ' လို့ ရှုတာပါဘဲ၊ နောက်နေရာမပြောင်းဘဲ ရှုနေ တော့ နာလာတယ်၊ ကျင်လာတယ်၊ ဒီတော့လဲ 'ဝေဒနာဘဲ၊ ဝေဒနာဘဲ' လို့ ပြောင်းရှုရပြန်တာပေါ့လေ။

နှုပ်။ ။ဒါဖြင့် တရားရှုလို့ရအောင် အတော် စောင့်ရမှာ ပေါ့။

တော်။ ။ဟုတ်တယ် ၁၅ မိနစ် လောက်တော့ စောင့်ရ တာပေါ့။

နှုပ်။ ။ဒါဖြင့် ၁၅ မိနစ် အတွင်းမှာတော့ ဘယ်တရားမှ မပေါ်ပြန်ဘူးလို့ ဆိုရမလားဘဲ။

တော်၊ ။အခု စဉ်းစား ကြည့်တော့ ၁၅ မိနစ်လောက် စောင့်နေရတာဟာ တရားကိုမဟုတ်ပဲ အညောင်းကို စောင့်နေ

ရတာပါလားလို့ စဉ်းစားမိတယ် ( ဆို၍ အားရပါးရ ရယ်လေသည်)

နုပ်။ ။ခန္ဓာမှာ အမြဲရှိတယ်ဆိုရင် စောင့်ဖို့လိုသေးသလား ရှာဖို့လိုသေးသလား၊ ရှာရတယ်စောင့်ရတယ်ဆိုကထဲက ဒီတရား ဟာ ခန္ဓာမှာပါး ဘယ်ကရလာသလဲ၊ ဘယ်အနာဂတ်ကိုစောင့် ရတာလဲ၊ မြတ်စွာဘုရားကတော့—

'ပစ္စုပ္ပန္နဉ္စယောဓမ္မံ တတ္ထ တတ္ထ ဝိပဿတိ'လို့ ဟောတယ်။

'ယဒါ ပညာယ ပဿတိ'ဆိုတာလဲ ပစ္စုပ္ပန်ကိုဟောတာဘဲ။

'နပ္ပဋိကင်္ခေ အနာဂတံ' နောင်ကို နောက်ကို မမျှော်လင့်နဲ့ ဆိုတယ်၊ ကိုယ်က နောင်လာမဲ့ ဒုက္ခကို ရှာနေ စောင့်နေတော့ မခက်ဖူးလား၊ အဲ—လာတော့ တွေ့တော့လဲ ဒုက္ခဝေဒနာဆိုတော့ နကိုက ရှိနေတဲ့ သိရမဲ့ ပရမတ်တွေကို မသိတော့ဘဲ၊ မသိရမဲ့ ပယ် ရမဲ့ မကပ်ရမဲ့ ဒုက္ခဝေဒနာ ပညတ်ကို သွားသိနေပါတယ်ဆိုရင် အင်မတန် ဝမ်းနည်းစရာဘဲဘုရာ့။

တော်။ ။အေးဗျ - ဒါကြောင့်လဲ'ယထာဘူတံအဇ္ဇာနန္တာ၊ သုဒ္ဓိကာမာပိယေ့ဗ္ဗခ'စသည်ဖြင့် ဝိသုဒ္ဓိမဂ်ကဆိုတာဘဲ၊ ဘယ်သူ မဆိုပေါ့လေ တရားအားထုတ်မယ်ဆိုရင်အရင်းခံဖြစ်တဲ့ဒီရုပ်နာမ် သဘာဝကိုဖြင့် ကျကျနန ပိုင်ပိုင် နိုင်နိုင် ပရမတ် ရောက်အောင် မလုပ်ထား မသိထားရင် မဖြစ်ဖူးနော်။

နုပ်။ ။မှန်တာပေါ့ ဘုရား၊ သူက အခြေခံ သူမှန်မှ ရှေ့ကို သိရမဲ့ သဘောတရားကို သိသွားနိုင်တာကိုး၊ အခု တရားအား ထုတ်တဲ့ပုဂ္ဂိုလ်အချို့ဟာ အခြေခံရုပ်နာမ်တော့ မကွဲဘူး၊စကား ပြောတော့ မဂ်နဲ့ ဖိုလ်နဲ့ ဘဲ။

တော်။ ။ဦးဇင်းလဲ တကာမကြီးတယောက်ကိုတွေ့ဖူးတယ် သူဟာတရားထိုင်လို့ ၅ မိနစ်လောက်ကြာတာနဲ့ မဂ်ကိုဖိုလ်ကို ဆိုက်ဆိုက်သွားတာဘဲတဲ့၊ ဒီတော့ ဦးဇင်းက မဂ်တို့ဖိုလ်တို့ဆိုတာ အကျိုးတရား၊တကာမကြီးကမဂ်ဖိုလ်ဆိုက်လောက်တဲ့အကြောင်း တရားဘာကိုရှုသလဲလို့ မေးတော့ 'ဖြစ်ပျက်ဖြစ်ပျက်' ရှုတာဘဲတဲ့ ဒါကျတော့အခြေခံကမပါဘဲ အောက်ခြေလွတ်မနေဘူးလား။

နုပ်။ ။အဲဒါ တပည့်တော် ပြောနေတာပေါ့၊ တပည့်တော်တို့က 'အထက်တော်က နေပါအုံး-အောက်လုံအောင်ဖုံး' ဆိုတာလို ဘယ်လိုဖြစ်ဖြစ် မဂ်ဖိုလ်အသာထား အခြေခံရုပ်နာမ် ပရမတ်မှန်အောင် အရေးတယူပြောနေရပါတယ်၊ အခြေခံဖြစ်တဲ့ ဒီရုပ်နာမ် သဘောတရားကို သေသေချာချာသိ၊ ထပ်ကာထပ် ကာ သိတော့မှ ဒီဉာဏ်ဟာ ခန္ဓာရဲ့ အကြောင်းကို အသိကြေ ညက်ပြီး တက်တက် သွားရမှာကို အောက်က ရုပ်နာမ်တောင် ဘာမှန်းမှမသိသေးဘဲနဲ့ သူ့ဟာက မဂ်ဆိုက်သွားတယ်ဆိုတော့ ခန္ဓဝဂ္ဂသံယုတ်မှာလာတဲ့ အရှင်ဆန္နလို ရှုမယ်မှ မကြံသေးဘူး ချေမံဒိသွာ နိရောဓံ အဘိညာယ' ချုပ်ချုပ်သွားတာမြင်တယ် သိတယ်ဆိုတဲ့သဘောမျိုးပေါ့၊ ပြုကျင့်သုပ်ဆောင်အပ်တဲ့အလုပ် မပါဘဲ အားမထုတ်ဘဲနဲ့တော့ ကိလေသာကို မပယ်မသတ်နိုင် ဘူးလို့ နေတ္တိအဋ္ဌကထာမှာ 'နဟိ မဂ္ဂဘာဝနာ ဝိနာ ကိလေသ ဝိနောဒနံ အတ္ထိ'(၂၄၈)။

"မဂ္ဂဘာဝနံ-ကိလေသာ သေအောင် အားထုတ်အပ်သော သတိပဋ္ဌာန် ပွားများကြောင်း မဂ်အလုပ်ကို၊ ဝိနာ-ကြဉ်ဖယ်

ရှောင်ရှား ဝေးစွာထား၍၊ ကိလေသဝိနောဒနံ-ကိလေသာပူ
မင်ရန်သူကို ဉာဏ်ယူနှိမ်နင်း ပယ်ဖျောက်ခြင်းသည်၊ နအတ္တိ
သာသနာ့နယ်ပယ်တွင် ရှိပင်မရှိကောင်းပေ”တဲ့

တော်။ ။ဟုတ်ပါတယ် တကာကြီးရာ၊ တချို့ကတော့လဲ
ဒီ တကာမကြီး လိုတောင် တရား အားထုတ်ဖေါ် မရဘဲနဲ့
အချောင် နိဗ္ဗာန်စကား ပြောနေတာတောင် ကြားနေရတယ်
တကာကြီးရဲ့။

နှုပ်။ ။ကိုယ့်ဟာကိုယ် နိဗ္ဗာန်ရတယ် ထင်ရင်လဲ ထင်ကြ
ပေါ့၊ ဒီလိုတောင်မကဘူး အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကိုဘဲ
ကဲ့ရဲ့ပြစ်တင်တဲ့ လူတွေလဲ ရှိနေကြသေး ဘုရာ့။

တော်။ ။တကယ် တရားအားထုတ်လို့ သော တာ ပန်
အရိယာဖြစ်နေတဲ့ ပုဂ္ဂိုလ်ကို ကဲ့ရဲ့စွပ်စွဲမိရင်တောင်အလွန်အပြစ်
ကြီးတဲ့ (မဟာသာဝဇ္ဇ) ကံဖြစ်တယ်၊ ပဥ္စာနန္တရိယကံနဲ့တောင်
အတူတူဘဲလို့ ဦးဇင်း နေတ္တိအဋ္ဌကထာ ကြည့်ရင်း သွားတွေ့မိ
တယ်၊ ဘာတဲ့ ‘မဟာသာဝဇ္ဇောဟိ အရိယူပဝါဒေါ အနန္တရိယ
သဒိသော’(၁၇၃)မှတ်ချင်လို့သာ မှတ်ထားလိုက်တာ နံပတ်
တောင် မမှတ်မိဘူး။

နှုပ်။ ။ကောင်းပါ့ဘုရား၊ အပည့်တော်လဲ ရှာဖွေကြည့်ပါ
အုံးမယ်၊ထားပါတော့ဘုရား၊ တပည့်တော်တို့ ဘာကိုဘဲလုပ်လုပ်
အခြေခံမှန်မှ ရှေ့ဆက်လုပ်ရမဲ့လုပ်ငန်း ဖြောင့်မှာမို့ ဒီအခြေခံ
နာမ်ရုပ်ကို မိမိတို့ဘာသာ, မိမိတို့စကားနဲ့ ကိုယ်နားလယ်မဲ့
အစီပွါယ်ရှိတဲ့ သဘောမျိုးနဲ့ သိရမယ်ဆိုတာ အင်မတန်သဘာဝ
ကျပါတယ်။

တော်။ ။ဟုတ်တယ်၊ ဒါကြောင့် ဦးဇင်း အထင်ပေါ့လေ တရားအားထုတ်တော့မယ်ဆိုရင် ရုပ်အဋ္ဌဝီသ–နာမ်တေပညာသ လောက်တော့ သိထားရင် ကောင်းမယ်လို့ထင်တယ်။

နုပ်။ ။အရှင်ဘုရားပြောတာ သရုပ်လား သဘောလား။

တော်။ ။သဘောကတော့ အလုပ်လုပ်မှ သိမှာမို့ပထမ သရုပ်ကွဲထားဖို့ပြောတာ။

နုပ်။ ။သရုပ်ကွဲထားရင်တော့လဲကောင်းတာပေါ့ ဒါပေမဲ့ တရားအားထုတ်တဲ့အခါ အဲဒီသရုပ်တွေ ဝင်ဝင်ရှုပ်နေလို့ အလုပ် မဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်တချို့ တွေ့ဖူးတယ်။

တော်။ ။ဘယ်လိုလဲ တကာကြီး၊ ဦးဇင်း အဓိပ္ပါယ်မရှင်း ပါလား။

နုပ်။ ။ဦးဇင်းတို့ တပည့်တော်တို့လို အစပထမက ပရိယတ္တိ သင်မယ်ဆိုပြီး သင်ယူ လာတာမျိုး ကတော့ ပရိယတ္တိ တခုထဲ ဦးတည်ချက်နဲ့ သင်လာလို့ ဒါလောက် ကိစ္စမရှိဘူးထား၊ အခု တရားအားထုတ်ရမဲ့ ပုဂ္ဂိုလ်ကပရိယတ္တိဆိုတဲ့ စာကလဲ သရုပ်ကွဲ ချင်တော့ အဲဒီမှာ စိတ်ရောက်နေ၊ တကယ် တရားအားထုတ် တော့မယ်ဆိုတော့ စိတ်ဟာ ၂ ခုဖြစ်လာရင် အလုပ် မဖြောင့် တော့ဘူး၊ တပည့်တော် ဆိုလိုတဲ့ အဓိပ္ပါယ်က ဝိပဿနာအလုပ် ဟာ တခုထဲသော အာရုံအပေါ်မှာ ငြိမ်သက်တဲ့ စိတ်နဲ့ စူးစိုက် နိုင်မှ သိနိုင်ခဲ့, မြင်နိုင်ခဲ့တဲ့ ပရမတ်ကို သဘောပေါက်မှာ ဒီအလုပ်ကလဲ ပြောရ တော်တော်ခက်ပါတယ်၊ သဘောတရားကို သိမှမြင်မှဆိုတော့ သရုပ်အမှတ်ဝင်ရှုပ်ရင်တော့ မလွယ်ဘူးပေါ့၊

မြတ်စွာဘုရားကလဲ ဝိဘင်းပါဠိတော်မှာ-

"တတ္ထ ကတ မော ရူပက္ခန္ဓော၊ ယံကိဉ္စိရူပံ အတီတာ
နာဂတ ပစ္စုပ္ပန္နံ ။ပ။ တဒေကဇ္ဈံ အဘိသညူဟိတွာ
အဘိသင်္ခိပိတွာ အယံဝုစ္စတိ ရူပက္ခန္ဓော"

လို့ ဟောတော့ ဦးဇင်းလဲသင်ခဲ့ဘူးတာဘဲ ရုပ်ဆိုတဲ့ ဖေါက်ပြန်မှုအမျိုးမျိုး ဘယ်လောက်ပဲများများ အားလုံးကို လိုက်မလုပ်ရဘဲ၊ တဒေကဇ္ဈံ-တပေါင်းထဲ တစုထဲ သဘောတရားဆိုတဲ့ ဖေါက်ပြန်မှုရယ်လို့ တခုထဲသိအောင် ချုံး၍, ရုံး၍, ပေါင်း၍, စု၍, သိစရာ တခုထဲထားပြီး၊ ဖေါက်ပြန်မှု သဘောတရားတခုသာသိရင် ရူပက္ခန္ဓာမှာပါတဲ့ ရုပ်အဌဝီသ ကိစ္စပြီးပါတယ်။

တော်။ ။ဦးဇင်းအနေနဲ့ အလုပ်သဘော လက်တွေ့နဲ့သေးတော့ သဘောမရှင်းသေးပါဘူး၊ ဒီပါဠိတော်လဲ ဦးဇင်း ရပါတယ်၊ သမ္မောအဌကထာလဲ လေ့လာ ထားတော့ သိသင့်သလောက်လဲ သိပါတယ်၊ စာသိဘဲဆိုပါတော့ ဒီလိုတော့ သဘောမပေါက်ခဲ့ပါဘူး၊ ဒီရုပ်ဆိုတဲ့ ဖေါက်ပြန်မှုကို ဘယ်လောက် အတိုင်းအတာနဲ့ သိမှ သက္ကာယဒိဋ္ဌိ ပယ်နိုင်မယ်ဆိုတာ။

နုပ်။ ။တပည့်တော်တို့ ဒီ ခန္ဓာကိုယ်တွေဟာ ပရမတ် ရုပ်နာမ်အမှန်နော်၊ ဒီပရမတ်ကို ပရမတ်အတိုင်း မသိတဲ့အတွက် နေရာတကာပညတ်နဲ့ချည်း မှတ်နေ သိနေရတာ များတော့ ဒါအမှန်ထင်ပြီး စွဲယူကြလို့ သက္ကာယဒိဋ္ဌိ ဖြစ်တယ် ဆိုတဲ့ မြတ်စွာဘုရားရဲ့ ဉာဏ်တော်အမြင်ဟာ ဘယ်လောက် အံ့သြ

စရာ ကောင်းသလဲ အရှင်ဘုရားကြည့်လေ၊ ဖေါက်ပြန်မှုဆိုတဲ့ ပရမတ်ကို ဖေါက်ပြန်မှုလို့ သိနေတာနဲ့ သက္ကာယဒိဋ္ဌိ ဖြစ်ခွင့် မရဘူး။

## စိတ်ခေတ်ပြိမ်ဘိ–သမာဓိ

တော်။ ။ပရမတ်ရုပ်နာမ်တို့ရဲ့ သဘောတရား သိနေရုံနဲ့ သက္ကာယဒိဋ္ဌိ မဖြစ်ဖူးလို့ ဆိုလိုသလား။

နုပ်။ ။မှန်ပါတယ် ဖြစ်ခွင့်မရှိပါဘူး။

တော်။ ။ဒီလိုဆိုရင် ရာဟုလသံယုတ်မှာ'ပထဝီဓာတုံ ခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိံ ပဇဟတိ'လို့ ဟောတော့ ပထဝီရုပ်ရဲ့ အနိစ္စသဘောလက္ခဏာ တွေနဲ့ သိမှမြင်မှ သက္ကာယဒိဋ္ဌိ ပယ်နိုင်တယ်ဆိုတဲ့ ပါဠိတော်နဲ့ မဆန့်ကျင်ဘူးလား။

နုပ်။ ။အရှင်ဘုရား နဲ့နဲ ဆန္ဒ စောသွားတယ်ထင်တယ်၊ တပည့်တော်က ပထဝီစတဲ့ တခုခုသော ဖေါက်ပြန်မှုကို သိနေတဲ့ အချိန်ဟာ သက္ကာယဒိဋ္ဌိဖြစ်ခွင့် မရတာကိုဆိုပါတယ်၊ ပယ်နိုင် တယ်လို့ မဆိုသေးပါဘူး၊ ဒီအချိန်မှာ ယထာဘူတဉာဏ်ဘဲ ဖြစ်မှာ။

တော်။ ။ယထာဘူတဉာဏ်ဆိုရင်လဲ ဦးဇင်းတို့ အင်္ဂုတ္တရ ဋီကာမှာ–

'ယထာဘူတ ဉာဏဒဿနန္တိ-ယထာ သဘာဝဇာနန သဒ်ါတံ ဒဿနံ'လို့ဆိုတော့-ထိုထိုရုပ်နာမ်တို့ရဲ့ လက္ခဏာကို သဘောကို သိကာမျှ မြင်ကာမျှနဲ့ ပယ်နိုင်မယ်လို့ မထင်ဘူး။

နုပ်။ ။ဦးဇင်းရဲ့ ယထာဘူတဉာဏ်ကတော့ မပယ်နိုင်သေးဘူးမှန်တယ်၊ ဒီဉာဏ်ဟာ တဆင့်ရင့်လာတော့ ဒီဖေါက်ပြန်မှုရဲ့ မမြဲပုံ့ဆင်းရဲပုံ့အစိုးမရပုံစတဲ့ သူ့သဘောသူ့လက္ခဏာတို့ကိုသိနေတဲ့အသိဉာဏ်ဟာ ပယ်နိုင်လောက်တဲ့အခြေရောက်လာရင်တော့ သူ့ဟာသူ ပယ်သွားမှာပေါ့၊ အခုတော့ မဖြစ်ရှုပါ မပယ်နိုင်သေးပါဘူး။

တော်။ ။အခု တကာကြီး အဆိုအရ ဒီပညတ်လွတ်ဖို့တော်တော်အရေးကြီးပါလား။

နုပ်။ ။နို့–အရှင်ဘုရား သိချင်တဲ့ တရားက ပရမတ်ပဲကိုး။

တော်။ ။ဦးဇင်းတို့ မဟာဋီကာမှာ 'သစ္စံဂယှတိ ပုဗ္ဗဘာဂေ' တဲ့ ပထမပညတ်နဲ့ဘဲ ယူရအုံးမယ် ဆိုတာ တွေ့ရတယ်ဒါဘယ်လိုဆိုမလဲ။

နုပ်။ ။ဒါဟုတ်သားဘဲ၊အဲဒီ မဟာဒီဋီကာကို အသာထား၊ မြတ်စွာဘုရားအလုပ်ပေးတဲ့ သတိပဋ္ဌာန်မှာတောင် 'သွားတယ်, ကွေးတယ်, ဆန့်တယ်'စတဲ့ ကာယနဲ့ ပတ်သက်တဲ့ နေရာမှာ ပညတ်နဲ့စတာဘဲ၊'ချမ်းသာတယ်, ဆင်းရဲတယ်'စတဲ့ ဝေဒနာနဲ့ ပတ်သက်တဲ့ နေရာမှာလဲ ပညတ်နဲ့စတာဘဲ၊ အဲသတိပဋ္ဌာန်တရားစတာဟာ ပညတ်နဲ့ချည်းပေါ့၊ သဘောတရား ဓမ္မပိုင်းကျတော့ ပရမတ်ကို တိုက်ရိုက်ဟောတာဘဲ၊ မဟာဋီကာကလဲ

ရှေးဦးစွာသာပညတ်နဲ့ တည်ပြီးနောက် 'သဘာဝေယေဝတိဋ္ဌန္တိ' ပရမတ်ကို ဆက်ဆိုတယ်မဟုတ်လား။

တော်။ ။ဟုတ်ပါတယ်၊ ဒါအသာထားပါအုံး၊ အရေးကြီးတာ ကျန်နေတယ်၊ အခု တကာကြီးပြောလာတဲ့ အလုပ်သဘောထဲမှာ သမာဓိလုပ်ငန်း မတွေ့လိုက်မိဘူး။

နုပ်။ ။ဟုတ်ပါတယ် သီးသန့်မလုပ်ပါဘူး။

တော်။ ။ဒီလိုဆိုရင် 'သမာဓိ ဘိက္ခဝေ ဘာဝေထ' ဆိုတဲ့ ပါဠိတော်အရ သမာဓိမှမပါရင် ရုပ်နာမ် ပရမတ်သိပါ့မလား။

နုပ်။ ။မှန်တယ်ဘုရား၊ သမာဓိမပါရင် ရုပ်နာမ်ပရမတ်ကို မသိတာအမှန်ဘဲ၊ ရုပ်နာမ်ပရမတ်လို့ သိနေတာဟာလဲ သမာဓိပါလို့ပါဘဲ။

တော်။ ။အင်း ပဟေဠိတော့ ဖြစ်နေပြန်ဘီ၊ သမာဓိလုပ်ငန်း မထူထောင်ဘဲနဲ့ ဘယ်လိုပါမလဲ၊ ဝိသုဒ္ဓိမဂ်ကတော့ 'ယထာထမ္ဘေနိဗန္ဓေယျ' စတဲ့ ဂါထာနဲ့ သမာဓိ ထူထောင်ပုံ ပြတာလေ တကာကြီးလဲရမှာပါဘဲ၊ ပြေးနေတဲ့စိတ်ကိုအရင်ဆုံး ဖမ်းပြီး၊ နွားရိုင်းကလေးကို တိုင်မှာ ကြိုးနဲ့ ချည်ထားရသလို လုပ်ရမယ်ဆိုတာ ဦးဇင်းအနေနဲ့ ပြောရမယ်ဆိုရင် ဒီလိုစိတ်ကို ချည်တုပ် ဆုံးမမှ ရမယ်ဆိုတာ ယုံလဲယုံတယ်၊ စိတ်ဆိုတာငြိမ်မှ မငြိမ်ဘဲကိုး။

နုပ်။ ။ဝိသုဒ္ဓိမဂ်ကတော့ အာနာပါနစတဲ့ သမာဓိအလုပ် သတ်သတ် လုပ်မဲ့သူတွေအတွက် စိတ်ဖမ်းဘို့ပြတာပါ၊ ဝိပဿနာ လုပ်ငန်း တိုက်ရိုက်လုပ်ပြီဆိုတော့ သမာဓိအလုပ် သီးခြားမလုပ်

ရတော့ဘူး၊ သူ့မဂ္ဂင်နဲ့သူ ပါသွားတာပါဘဲ၊ ဓမ္မစကြာမှာ ပဥ္စဝဂ္ဂီတို့ကို မြတ်စွာဘုရား ဟောတော့ သမ္မာဒိဋ္ဌိ ပညာက စဟောတာကို ကြည့်ပါ။

တော်။ ။ဟာ-တကာကြီး၊ ပဥ္စဝဂ္ဂီတို့ကသမာဓိရပြီးသား ဖြစ်နေလို့ပေါ့။

နုပ်။ ။ပဥ္စဝဂ္ဂီတို့ဟာ သမာဓိ ရပြီးသားဆိုရင် 'ဒွေမေ ဘိက္ခဝေ အန္တာ' အစွန်းနှစ်ပါးကို မမှီဝဲအပ်,ပယ်စွန့်ရမယ်လို့ ဟောစရာမလိုဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အစွန်း ၂ ပါးဟာ သမာဓိမရှိလို့ ကိလေသာဖြစ်နေတဲ့အတွက် ပယ်စွန့်ရတာပေါ့၊ စဉ်းစားပါလေ၊ သမာဓိရဲ့အနည်းဆုံးသတ္တိဟာ ကိလေသာကို 'ဝိက္ခမ္ဘနသဘောနဲ့' ခေတ္တတော့ခွါနိုင်သေးတာဘဲကိုးနောက်ပြီး ပဥ္စဝဂ္ဂီတို့ကို ဓမ္မစကြာ မဟောခင် သာသနာပ ကာလဘဲ မဟုတ်လား၊ ဒီတော့ မဟာပရိနိဗ္ဗာနသုတ်မှာ'ချစ်သားသုဘဒ္ဒ ငါဘုရားသာသနာရဲ့ အပြင်အပမှာ မဂ္ဂင်ရှစ်ပါးကို မရအပ်'လို့ ဟောထားတာကိုကြည့်ရင် သာသနာပက ပဥ္စဝဂ္ဂီတို့လဲ မဂ္ဂင်ရှစ်ပါးထဲမှာပါတဲ့ သမ္မာသမာဓိ ဘယ်နည်းနဲ့ရပါ့မလဲ၊ မရတာ အမှန်။

တော်။ ။စဉ်းစားစရာပါဘဲ၊ ဦးဇင်း အနေနဲ့ ကတော့ သမာဓိမှ မရရင်ဒီအလုပ်မဖြစ်ဖူးလို့ယူဆားတယ်လေ၊ဒီတော့....

နုပ်။ ။နေအုံး အရှင်ဘုရား၊ သမာဓိဆိုတာ အာနာပါန စတဲ့ သမထလုပ်မှ ရမယ်ထင်ရင်တော့ မှားမှာပေါ့၊ တပည့်တော်တို့ ဝိပဿနာ သမာဓိကတော့ သမ္မာသမာဓိမဂ္ဂင်ဘဲဘုရာ့ သမထနဲ့တူထောင်ဖို့မလိုတဲ့ သမာဓိပေါ့။

တော်။ ။သမထမပါဘဲ သမာဓိ ဖြစ်ပါ့မလား။

နုပ်။ ။တပည့်တော်တို့ ဝိပဿနာ လုပ်ရာမှာ လိုအပ်တဲ့ သမာဓိက 'ခဏိကသမာဓိ'ဘဲ သမထနဲ့ ထူထောင်ယူရတာမဟုတ်ဖူး၊ နိဒါနဝဂ္ဂသံယုတ်-သုသိမသုတ်မှာ ကြည့်ပါ 'ပညာဝိမုတ္တာ မယံခေါ်သုသိမ ပုဗ္ဗေဓမ္မဋ္ဌိတိဉာဏံ-ပစ္ဆာနိဗ္ဗာနေဉာဏံ'တဲ့ ဈာန်အဘိညာဏ်ဖြစ်လောက်တဲ့ သမထ သမာဓိမပါဘဲ၊ သမ္မာဒိဋ္ဌိ ပညာနဲ့ ကိလေသာကလွတ်ပုံ ဦးစွာမေ့ဋ္ဌိတိဉာဏ်နဲ့ ဝိပဿနာ ရှုပြီး နောက် နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်ဖြစ်ပုံ ဟောထားတာ အထင်အရှားဘဲဘုရား။

တော်။ ။သုသိမသုတ်မှာပညာနဲ့ ကိလေသာကလွတ်တယ်ဆိုတော့ သမာဓိမပါဘူးလား။

နုပ်။ ။သမာဓိပါတယ် အဓိကတော့ မဟုတ်ဖူး၊ သမ္မာသမာဓိမပါရင် မဂ္ဂင်မစုံဘူး၊ မဂ္ဂင်မစုံရင်လဲ မဂ်မရဘူး၊ အခုကိုယ်တော်တွေအားလုံး မဂ်ရပြီး၊ ရဟန္တာတွေချည်းဘဲဆိုတော့ သီလ-သမာဓိ-ပညာ အားလုံးစုံလို့ပေါ့။

တော်။ ။ဟုတ်တော့လဲ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဦးဇင်း ဘဝင်မကျသေးလို့။

နုပ်။ ။ဘဝင်မကျတာ ဘဝင်ကိုင်လို့ဖြစ်မှာပေါ့။

တော်။ ။တကာကြီးကလဲနောက်တတ်သားဘဲဟုတ်မှန်းလဲ သိတယ်၊ ဦးဇင်းကတော့ သမာဓိအလုပ်ဟာ ပညာရဲ့ အခြေခံဖြစ်ရမယ် ယူထားလို့ပါ။

နုပ်။ ။ဒါဖြင့် အရှင်ဘုရား ဟိုတုန်းက လေ့လာဘူးတဲ့ သမထကစရတယ်ဆိုတဲ့ အစွဲမကင်းလို့ဖြစ်မှာပေါ့၊ တပည့်တော်

အခုလျှောက်ပြတဲ့ သသိမသုတ်မှာ ‘ ပညာဝိမုတ္တ’ မဟုတ်ဖူးဆိုရင် ဦးဇင်း ချက်ခြင်း ငြင်းနိုင်တာဘဲ၊ ကဲ-ဒီလိုဆိုရင် တပည့်တော် စောစောက လျှောက်ခဲ့တဲ့အတိုင်း ခန္ဓာကို နှလုံးသွင်းထားပါ၊ ဘာတွေ့နေသလဲ။

တော်။ ။ပူတာတွေ့နေတယ်။

နုပ်။ ။ပရမတ်သိအနေနဲ့ ဆိုရင်ကော။

တော်။ ။ဖေါက်ပြန်တယ်လို့ သိနေတယ်။

နုပ်။ ။ဖေါက်ပြန်နေတဲ့ သဘောတရားကို ဖေါက်ပြန်နေတယ်လို့ သိတော့ အမှန်တရားကိုအမှန်အတိုင်း သိနေတာဟာ သမ္မာဒိဋ္ဌိဘဲ၊ ဝိပဿနာသမ္မာဒိဋ္ဌိပေါ့၊ ကိုယ်တော် အခုလိုသိနေတာဟာ သမာဓိမပါဘူးလား။

တော်။ ။မပါဘူး

နုပ်။ ။ဘယ်ဟုတ်မလဲ ပါတာပေါ့ဘုရား၊ ‘ယဒါပညာယ ပဿတိ’ပုဒ်မှာ ‘ယဒါ’ ဆိုတာ သမာဓိဘဲ၊ အရှင်ဘုရားခန္ဓာကို သတိထားပြီး ဉာဏ်နဲ့ ကပ်ထားကထဲက မှန်တာကို သိဖို့လုံ့လ စိုက်ခြင်း သမ္မာဝါယမ မှန်တာကိုသိဖို့ ဂရုစိုက်ခြင်း သမ္မာသတိ၊ မှန်တာပေါ်မှာ ဉာဏ်ပညာနဲ့ သိလောက်အောင် ငြိမ်သက်ခြင်း သမ္မာသမာဓိဆိုတဲ့ အဓိစိတ္တမဂ္ဂင်သုံးလုံး တခါထဲပါသွားတာဘဲ၊ ငြိမ်သက်မှု သမာဓိမရှိဘဲ ပြေးနေတဲ့စိတ်နဲ့ ဒီလိုသိမ်မွေ့တဲ့ ပရမတ်ကို သိဖို့တော့ ဝေးစွခြောက်ပါးဘဲ၊ ကဲ။

တော်။ ။အား-တော်တော်သိမ်မွေ့ပါလား။

နုပ်။ ။သမ္မာဒိဋ္ဌိမဂ္ဂင်နဲ့တွဲပါတဲ့သမာဓိမို့ ‘ခဏိကသမာဓိ’ လို့ ပြောတာပေါ့ဘုရား၊အဲ သမထယာနိက လမ်းမျိုးကျတော့

ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့နဲ့ စျာန်ရအောင် ရင်းနှီးပြီး တော့သူ့ကိုတခါအခြေခံအနေထားပြီးမှ ဝိပဿနာ တက်ရှုတော့မယ်ဆိုရင် ခဏိကသမာဓိနဲ့ဘဲ ရှုရတယ်၊ ပဥ္စမစျာန် ရအောင် လုပ်လာရတဲ့ ဥပစာရ သမာဓိ အပ္ပနာသမာဓိ မျိုးနဲ့တော့ ဝိပဿနာရှုလို့ ဘယ်တော့မှ မရဘူး။

တော်။ ။အဲဒီ သမာဓိမျိုးနဲ့ ဝိပဿနာရှုလို့ မရတာ ဘာဖြစ်လို့လဲ။

နုပ်။ ။ဝိပဿနာဆိုတာက ပရမတ်ရုပ်နာမ်တို့ရဲ့ တသဲသဲ တဖြုတ်ဖြုတ် တလှုပ်လှုပ် တရွရွနဲ့ ဖြစ်နေတာကို ဖြစ်တိုင်း ပျက်တိုင်း အချက်ကျကျ ရှုနေသိနေရတာအရှုခံဖြစ်တဲ့ ဒီရုပ်နာမ် သင်္ခါရကော ရှုဉာဏ်ဆိုတဲ့ ဉာဏ်သင်္ခါရရော ပျက်နေတဲ့ပင်ကိုယ် သဘာဝအတိုင်း ရှုနေရတော့ သူနဲ့ပါတဲ့ သမာဓိလဲ ပျက်နေ တာဘဲ၊ ရုပ်နာမ်အသစ်တို့ ဖြစ်လာတိုင်း သမာဓိလဲအသစ်၊ သမ္မာဒိဋ္ဌိလဲအသစ်ပဲ၊ အဲ-ရုပ်နာအဟောင်းတို့ ပျက်သွားတော့လဲ ပျက်တယ်လို့ သိတဲ့သမ္မာဒိဋ္ဌိ အဟောင်းလဲ ပျက်သွားသလို သမာဓိအဟောင်းလဲ ပျက်ပျက် သွားရလို့ ခဏိကသမာဓိလို့ ခေါ်တာ ဥပစာရသမာဓိ-အပ္ပနာသမာဓိဆိုတာ ဦးဇင်း သိသလောက် ပြောစမ်းပါ။

တော်။ ။ဥပစာရသမာဓိဆိုတာက အပ္ပနာသမာဓိစျာန် အနီးအနား ရောက်တဲ့ သမာဓိဘဲ၊ ကာမာဝစရ စျာန်ပေါ့၊ အပ္ပနာသမာဓိကတော့ ရရှိမဲ့စျာန်ကို အခိုင်အမာ ဖြစ်အောင် ခိုင်ခံ့တဲ့ သမာဓိလို့ ဆိုပါတယ်။

နုပ်။ ။ရှိပါစေဘုရား၊ ဒီသမာဓိ ၂ မျိုးဟာ ကိုယ်ရဖို့ အားထုတ်နေတဲ့ ဈာန်တရားရဲ့ ခိုင်မာမှု၊ဖြစ်မှု မပျက်အောင် အလွန်ဂရုစိုက်လုပ်ဆောင်ရတဲ့အတွက် ခန္ဓာသင်္ခါရတို့ရဲ့ ဖြစ်မှု၊ ပျက်မှုကို ဘယ်လိုရှုနိုင်မလဲ၊ ဘယ်လိုငြိမ်သက်နိုင်မလဲ။

တော်။ ။ဒီသဘောမျိုးကိုဦးဇင်းအနေနဲ့ လုံးဝမစဉ်းစား မိခဲ့ဖူးပါဘူး၊ ဦးဇင်းအထူးဘဲ အာရုံစိုက်နားထောင်နေတဲ့အခါ ဝိသုဒ္ဓိမဂ်မှာဆိုတဲ့'သင်္ခါရေ သင်္ခါရာ ဝိပဿန္တိ'ကို သဘောပေါက် လာတယ်၊ မဟာဋီကာဆိုတဲ့'နဟိ ခဏိက သမာဓိဝိနာ ဝိပဿနာ သမ္ဘဝတိ' 'ခဏိက သမာဓိမပါဘဲ ဝိပဿနာမဖြစ်ဖူး' ဆိုတာလဲ အဓိပ္ပါယ်ရှိလာတယ်၊ ကျေးဇူးတင်လိုက်ထာ တကာကြီးရာ။

နုပ်။ ။မှန်ပါ၊ကဲ-အရှင်ဘုရား ၂ နာရီထိုးပီးဘီ၊ပျဉ်းမနား လဲရောက်ပီ၊ ခေတ္တတော့ အိပ်အုံးမှဘဲ။

တော်။ ။တကာကြီး အိပ်ပါဗျာ၊ ဦးဇင်းတော့ ကြာလေ မျက်စိကျယ်လေဘဲ။

(သို့နှင့် စကားပြောရပ်ကာ အိပ်လိုက်ကြသည်၊နံနက် ၅–နာရီခွဲ သာစည်ဘူတာ ရထားရောက်မှ နိုးတော့သည်၊ မျက်နှာများ သစ်ကြပြီး၊ ကော်ဖီ–ကောက်ညှင်းပေါင်း စသော စားသောက်စရာများဖြင့် ဦးဇင်းကပင် ကျွေး မွေးဧည့်ခံသည်၊ ၎င်းစားသောက်ပြီးနောက်၊ ၆ နာရီခွဲ ကစပြီး ဆွေးနွေးပွဲ ပြန်စသည်၊ ရထားလည်း ၇–နာရီ အစား ၈–နာရီခွဲမှ ရွှေညောင်သို့ ထွက်သဖြင့် အချိန် များစွာ ရပေသည်)။

# ရှုဘိမှန်စွာ-ဥပေက္ခာ

တော်။ ။ကဲတကာကြီးရေ့။ ဒီစာအုပ်ကိစ္စနဲ့ဆွေးနွေးတာ ဆရာကြည်နဲ့မတွေ့ရပေမဲ့ တကာကြီးနဲ့ဘဲ တော်တော်သဘော ကျနေပြီ၊ ဥပေက္ခာ အကြောင်းကော တကာကြီး ဆွေးနွေးနိုင် မလား။

နုပ်။ ။ဥပေက္ခာကို အရှင်ဘုရား ဘယ်လိုသဘော မကျလို့ လဲ ဆွေးနွေးကြည့်တာပေါ့။

တော်။ ။ဒီလိုလေ-ဦးဇင်းတို့ မဟာဝဂ္ဂမှာရော, ပဏ္ဏာသ မှာရော ဟောထားတဲ့ မဟာသတိပဋ္ဌာနသုတ် ပါဠိတော်မှာ သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခါဝေဒနာ အစပြုပြီးတော ဝေဒနာ ၉ မျိုးရှုရပုံကို ဟောထားတယ် မဟုတ်လား၊ ဒီဟော ချက်အတိုင်း တမျိုးတမျိုးချင်း ပါဠိတော်လာအတိုင်း ရှုပုံကို ဖေါ်ပြရင် ဦးဇင်းတို့က ဝေဖန်စရာမလိုဘူးပေါ့။ အခုဒီစာအုပ် မှာပြတာက ဥပေက္ခာဝေဒနာတမျိုးထဲရှုရမယ်ဆိုတော့ ကျန်တဲ့ ဝေဒနာ အမျိုးမျိုးကို မရှုရဘူးလို့ အဓိပ္ပါယ် ရောက်မသွား ဘူးလား။

နုပ်။ ။အရှင်ဘုရား-သေသေချာချာ လေ့ လာ မိ ရင် ဒီအဓိပ္ပါယ် မရောက်ပါဘူး၊ဝိပဿနာလုပ်ငန်းကို တပည့်တော်တို့ ဉာဏ်မှီသလောက် စီစစ်ကြည့်တော့ မြတ်စွာဘုရား၏ ရည်ရွယ် ချက်ဟာ 'ဥပသမာယ'ဆိုတဲ့ သံသရာမှာ ဒုက္ခပေးတဲ့ ကိလေသာ

မီးငြိမ်းသွားဖို့ တခုထဲပါ၊ နေရာတကာမှာ ကိလေသာမဖြစ်ဖို့ ကာယနဲ့ပတ်သက်လာလဲ သတိနဲ့စောင့်၊ ဝေဒနာနဲ့၊ စိတ္တနဲ့၊ ဓမ္မနဲ့ပတ်သက်လာလဲ သတိနဲ့ စောင့်ရတဲ့ ကိလေသာဝင်ပေါက် ပိတ်-ဝင်တဲ့ကိလေသာကို ဖျက်ဆီးလို့ ကိလေသာမီးငြိမ်းသွား အောင် လုပ်ရတဲ့ နည်းလမ်းဟာ မြတ်စွာဘုရားရဲ့ တခုထည်း သော ရည်မှန်းချက်ပဲဘုရား။

တော်။ ။ဟုတ်ပါတယ်လေ-ဒီလို ကိလေသာ ဖြစ်တတ်တဲ့ ဝေဒနာ အမျိုးမျိုးကို ဘယ်ဝေဒနာမှာမှ ကိလေသာ မဖြစ် ရအောင် ၉ မျိုး, ၉ ပုံ ဟောထားတယ်မဟုတ်လား၊ ဉပေက္ခာ ဝေဒနာတခုကိုသာရှုလို့ ကိလေသာ မဝင်ရဘူးဆိုရင် ကျန်တဲ့ သုခဒုက္ခစတဲ့ ၈ မျိုးမှာဖြစ်တဲ့ ကိလေသာတွေကိုတော့ ဝင်ခွင့် ပေးထားရာ မရောက်ဖူးလား။

နိုင်။ ။တပည့်တော်တို့စိစစ်လေ့လာအားထုတ်တဲ့နည်းက မြတ်စွာဘုရားရဲ့ လိုအပ်ချက် တခုထဲသော လမ်းကြောင်းဆို တော့ ဒီလမ်းစဉ်ဟာ 'ရာဂမဒနိမ္မဒန, ဒေါသမောဟမဒနိမ္မဒန' လို့ ပဏ္ဏာသတို့, အင်္ဂုတ္တရအဋ္ဌကထာတို့ အဆိုအရ ရာဂနှိမ်နင်း ကြောင်း, ဒေါသ မောဟ နှိမ်နင်းကြောင်း တရားချည်းဘဲလို့ သဘောပေါက်ထားတယ်၊ နောက်ပြီး တိကအင်္ဂုတ္တရပါဠိတော် အာဇီဝကသုတ်မှာလဲဘဲ ရာဂ, ဒေါသ, မောဟ, ပယ်နိုင်ဖို့ အား ထုတ်ရတဲ့အကြောင်း စသည်ဖြင့် ဒီကိလေသာတွေကိုသာတိုက်ဖို့ ဦးတည်ထားတယ်၊ နောက် အင်္ဂုတ္တရ သတ္တကနိပါတ်-သတ္တု သာသနသုတ်၊ အဋ္ဌကနိပါတ် သံခိတ္တသုတ်တို့မှာလဲ'ရာဂ, ဒေါသ

မောဟ ကိလေသာဖြစ်လာရင် ငါဘုရားရဲ့ တရားမဟုတ်ဖူး’လို့ ဟောထားတာတွေ တပည့်တော်တို့က မမှိတ်မသုန် ယုံကြည်ထားတော့ ဘယ်လိုအားထုတ်အားထုတ် ဘုရားရဲ့တရားအမှန်က ရာဂ, ဒေါသ, မောဟ ကိလေသာမဖြစ်ဖို့က အရေးကြီးတယ် မဟုတ်လား။

တော်။ ။ဟုတ်ပီ၊ အဲဒီကိလေသာမဖြစ်အောင် အားထုတ်တယ်ဆိုတော့ တကာကြီးတို့က ‘ဥပေက္ခာသာ’ကိလေသာ သတ်တယ်ဆိုရင် ဘုရားကိုယ်တော်တိုင် ဟောထားတဲ့ ‘သုခဝေဒနာ, ဒုက္ခဝေဒနာ’စတဲ့ ၈ မျိုးကတော့ ကိလေသာဖြစ်ဖို့ ဘုရားဟောသလား။

နုပ်။ ။တပည့်တော် လျှောက်ပါရစေ အရှင်ဘုရားရဲ့ အဲဒီစကားကတော့ အတော် လွန်သွားဘီထင်တယ်၊ နဲနဲသတိထားပါဘုရား၊ နောက် တပည့်တော်ပြောလို့ ရေလည်သွားရင်တော့ တပည့်တော် နားလည်သလောက် ရှင်းပြ ပီးရင်တော့ အရှင်ဘုရား သဘောအတိုင်း သုံးနိုင်ပါတယ်၊ ဒီကိစ္စကို တပည့်တော် သဘောပေါက်သလောက် ရှင်းပါရစေ။

တော်။ ။ကဲ ထားပါတော့လေ ပြောစမ်းပါအုံး။

နုပ်။ ။ပထမဦးဆုံး ဒီတရားကို ဝေဒနာနုပဿနာဆိုပီး ခေါင်းစဉ်တပ်တယ်၊ ဒါဟာ ဘာကိုဆိုလိုတာလဲ။

တော်။ ။ဝေဒနာ–ဆိုတာကခံစားတာ၊ အနုပဿနာက– အကြိမ်ကြိမ်ရှုတာပေါ့။

နုပ်။ ။မှန်တယ်ဘုရာ့ ‘ခံစားတာကို အကြိမ်ကြိမ်ရှုရမယ်’ ဆိုတော့ တပည့်တော်တို့က ဘာခံစားတာကို ရှုနေရမှာလဲဆိုတာ

မသိဘူး၊ ဒီတော့မှ သတ္တဝါတွေ သိလောက်တဲ့ (သုခဝေဒနာ) ချမ်းသာခံစားမှု (ဒုက္ခဝေဒနာ) ဆင်းရဲခံစားမှုစတဲ့ သတ္တဝါ သိလောက်တဲ့ခံစားမှုသရုပ်ကို ဘုရားဟာဖော်ထုတ်ဟောရတော့ ဘာပေါ့၊ ဒီအထဲမှာ(နိရာမိသသုခဝေဒနာစတဲ့) ဈာန်နဲ့ ပတ်သက်တဲ့ခံစားမှုတွေကော ခံစားမှုနဲ့ဆိုင်ရာ မကျန်အောင် ဟော တော့ ၉ မျိုးဖြစ်သွားတာပေါ့၊ တပည့်တော်တို့က ဘယ်နှစ်မျိုး ဘဲဟောဟော ပင်ကိုယ်အရင်းခံဖြစ်တဲ့ 'ခံစားမှု' ဆိုတာတော့ မျက်ခြေပြတ်လို့မရဘူး၊ ရှုရမှာက ဒီခံစားမှုဘဲ။

တော်။ ။ဒီလိုဆိုရင် သုခ-ဒုက္ခစတဲ့ ဝေဒနာတွေ ဘုရား ဘာလို့ဟောသလဲ။

နုပ်။ ။ဩော်-တပည့်တော် ပြောခဲ့ပြီးပါပကော၊သတ္တဝါ သိလောက်တဲ့သရုပ်ကို ဟောတာလို့ ဒါကြောင့် အရှင်ဘုရား စောစောကဟောတဲ့ (သစ္စံ ဂယှတိ ပုဗ္ဗဘာဂေ) ဆိုတဲ့ ပညတ်ကို အရင်ဆုံးတယ်ရတယ်လို့ဆိုတာ မဟာဋီကာက ဒါမျိုးရည်ရွယ် တာပေါ့ဘုရား၊ မြတ်စွာဘုရားတို့ရဲ့ ထုံးစံဟာလဲ ဒီအတိုင်းမို့ သတ္တဝါတို့သိတဲ့ စကားနဲ့ အရင်ဟောလို့ နားလယ်သဘော ပေါက်လာမှ လိုအပ်တဲ့ ပရမတ်ကိုဟောတဲ့အကြောင်း ဒေသနာ တော်တွေမှာ အများအပြားဘဲ မဟုတ်လား။

တော်။ ။ဦးဇင်းဆိုလိုတာက ဝိပဿနာ ရှုနေကြတဲ့နေရာ တော်တော်များများမှာလဲ သုခဝေဒနာတွေ, ဒုက္ခဝေဒနာတွေ ရှုနေကြတယ် ဦးဇင်းလဲ ဒီအတိုင်း သဘောပေါက်ထားတော့ ဒါကိုရှုတာဘဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီစာအုပ်မှာ ဥပေက္ခာ

အကြောင်းပါလို့ လေ့လာကြည့်တော့ ဦးဇင်းလဲကျမ်းဂန်ထဲမှာ ရှာကြည့်တဲ့အခါ၊ သတိပဋ္ဌာန်အဖွင့်မှာ 'အဒုက္ခ မသုခါပန ဒုဒ္ဒိပနာ အန္ဓကာရာဝ အဝိဘူတာ'လို့ တွေ့ရတယ် 'ဒီဥပေက္ခာ ဝေဒနာဟာ သုခဒုက္ခလို မထင်ရှားတဲ့အတွက် အလွန် သိခဲမြင်ခဲတယ်လို့ဆိုတော့ ဘယ်သို့လုပ်ပီး ရှုနိုင်မလဲလို့ ဦးဇင်းအနေနဲ့ စဉ်းစားတာပေါ့လေ။

နုပ်။ ။ဟုတ်ထာပေါ့-ဦးဇင်းက သုခဝေဒနာ၊ ဒုက္ခဝေဒနာ လောက်သာ အာရုံစိုက်ထားပြန်၊ နောက်ပီး အဋ္ဌကထာစကား ကလဲ သိခဲတယ်၊ မြင်ခဲတယ် မထင်ရှားဘူးဆိုပြန်တော့ ဘယ်လို လုပ် ရှုနိုင်မလဲလို့ စိတ်ပျက်မယ်ဆိုလဲ ပျက်စရာပေါ့။

တော်။ ။ဟာ-စိတ်တော့ မပျက်ပါဘူး တကာကြီးရ၊ ဖြစ်နိုင်လို့သာ ဘုရားဟောတာဘဲလို့တော့ ယုံကြည်ထားတယ်။

နုပ်။ ။သာဓုပေါ့ဘုရား၊ ဒီဥပေက္ခာ ဝေဒနာရှုပုံနဲ့ ပတ်သက်လို့ တပည့်တော်တို့လဲ ခိုင်လုံအောင် လေ့လာ ရှာဖွေရတာဘဲ၊ အဲဒီမှာ သိရဖို့က ခုနက အရှင်ဘုရား ရွတ်ပြသွားတဲ့ မူလပဏ္ဏာသဋ္ဌကထာမှာ—

'သုခ ဒုက္ခာနံ အပဂမေ သာတာ သာတပ္ပဋိက္ခေပဝသေန မဇ္ဈတ္တာကာရဘူတာ အဒုက္ခမသုခါ ဝေဒနာတိ နယတော ဂဏှန္တဿပါကဋာဟောတိ'(၂ဂ၂)တဲ့။

တော်။ ။အဲ-ဟုတ်တယ် ဟုတ်တယ် ကျောက်ဖျာပေါ် သမင်ပြေးတော့ တက်တဲ့ခြေရာ ဆင်းတဲ့ခြေရာ မြင်ရတာနဲ့ ကျောက်ဖျာပေါ်မှာ ခြေရာမမြင်ပေမဲ့ ဒီပေါ်က ဖြတ်ပြေး

တယ်လို့ (နယဂ္ဂါဟ ပေါလေ) သိနိုင်သလို သုခဒုက္ခဆိုတဲ့ တက်ခြေရာ ဆင်းခြေရာ မြင်ရင် အဒုက္ခမသုခဆိုတဲ့ ကျောက်ဖျာပေါ်က ပြေးကြောင်း ဥပေက္ခာဝေဒနာကို ပြထားတာဘဲ 'မိဂပဒဝလဉ္ဇနနည်း'လို့ ဆိုရမှာပေါ့။

## ချမ်းသာဆင်းရဲ-ရှုလမ်းလွဲ

နုပ်။ ။အဋ္ဌကထာ စကားက ချမ်းသာဘဲ, ဆင်းရဲဘဲလို့ မမှတ်ပဲနဲ့ နေရင် သာယာဖွယ်, မသာယာဖွယ်ဆိုတဲ့ နှလုံးသွင်းမှု မရှိတော့ ချမ်းသာရယ်လို့ မခံစားတဲ့ ဆင်းရဲရယ်လို့ မခံစားတဲ့မဇ္ဈတ္တာရုံဖြစ်လာတယ်၊ အဲဒီလိုဖြစ်ချိန်မှာ ဥပေက္ခာဟာလဲပေါ်လွင်ထင်ရှားလာတယ်လို့ ပြောတဲ့အဓိပ္ပါယ်ဘဲ။

တော်။ ။ဥပေက္ခာဆိုတာ သုခဒုက္ခလို မထင်ရှားတော့ ရှုဘို့မလွယ်ဘူးပေါ့။

နုပ်။ ။ကဲ-ကိုယ်တော်နဲ့ တပည့်တော် အရင်းခံကို ပြန်ကြည့်ကြမယ်၊ သတိပဋ္ဌာန် အဋ္ဌကထာမှာ 'ကော ဝေဒယတိ-ဘယ်သူခံစားသလဲ' ဆိုတဲ့နေရာမှာ 'နကောစိသတ္တောသာဝါ-ပုဂ္ဂိုလ်သတ္တဝါ ဘယ်သူမှ ခံစားတာ မဟုတ်ဖူး'တဲ့၊ 'ကဿဝေဒနာ-ဘယ်သူ့ရဲ့ခံစားမှုလဲ' ဆိုတော့၊ 'နကဿစိသတ္တဿဝါ-ပုဂ္ဂိုလ်သတ္တဝါ ဘယ်သူရဲ့ခံစားမှုမှမဟုတ်ဖူး'တဲ့၊ ဒါဖြင့်'ကိံ ကာရဏာ ဝေဒနာ ဘယ်အကြောင်းကြောင့် ခံစားသလဲ'ဆိုတော့ 'ဝတ္ထုအာရမ္မဏာဝ ပနဿဝေဒနာ-ဝတ္ထုနဲ့အာရုံ အကြောင်း ဆုံမှ

ဖြစ်ပေါ်လာတဲ့ ပရမတ်တို့ရဲ့ သဘောတရားခံစားမှု' လို့ ဆို တော့ တပည့်တော်တို့ရှုရမှာက 'ဝေဒနာနုပဿနာ-ခံစားမှုဆိုတဲ့ ပရမတ်' 'အရှင်ဘုရား ပြောတာက ချမ်းသာဆင်းရဲပညတ်' ဒီတော့ ကွာမနေဘူးလား။

တော်။ ။နို့-ပါဠိတော်မှာ သုခဝေဒနာ ဒုက္ခဝေဒနာ ပါတယ်လေ။

နုပ်။ ။ဒါကြောင့် ရေလယ်အောင် တပည့်တော်လျှောက် နေတာပေါ့၊ ဝေဒနာနုပဿနာလို့ ဆိုကထဲက သရုပ်အနေနဲ့ ရေတွက်ပြတာ၊တနည်းတော့လဲ သတိအနေနဲ့ သိထားဖို့၊ နောက် တော့ သုခဖြစ်ဖြစ်, ဒုက္ခဖြစ်ဖြစ်'ခံစားတယ်'ဆိုတဲ့ပရမတ်သဘော ဟာ ဖြစ်ပြီး ပျက်သွားတာဘဲလို့ သဘောတရားကို ဝိပဿနာ ရှုရတာဘဲ၊ တကယ်ဆိုတော့ ချမ်းသာဆင်းရဲလို့ သတ္တဝါတွေ သိထားတဲ့ ပညတ် အမှတ်အသား အားလုံးဟာ ဖြစ်တတ် ပျက်တတ်တဲ့ ပရမတ်သဘောချည်းဘဲလို့ ရှုရတာပေါ့။

တော်။ ။သုခဒုက္ခဆိုတာ ပရမတ်မဟုတ်ဖူးလား။

နုပ်။ ။မဟုတ်ပါဘူး ပညတ်ပဲ။

တော်။ ။ဘာဖြစ်လို့လဲ။

နုပ်။ ။ပုဂ္ဂိုလ်အလို သတ္တဝါရဲ့ သတ်မှတ်ချက် ဖြစ်လို့ ပေါ့။

တော်။ ။ပုဂ္ဂိုလ်သတ္တဝါရဲ့သတ်မှတ်တဲ့အတိုင်း ချမ်းသာ ဆင်းရဲဟာ ဖြစ်လို့လား။

နုပ်။ ။ဥပမာ-အရှင်ဘုရား တောင်ကြီးမြို့ကို ရောက်ဖူး သလား။

တော်။ ။ရောက်ဖူးပါတယ် ၂ ခေါက်-၃ ခေါက်။

နုပ်။ ။တပည့်တော်တို့ ရန်ကုန်ကလာတဲ့လူအနေနဲ့ကတော့ သူတို့ဆီက ဖါရင်ဟိုက် ဒီဂရီ ၇၀ လောက်ဆိုရင် တပည့်တော်တို့ မီးလှုံရတယ်၊ အေးလွန်းလို့(ဒုက္ခ)၊ သူတို့ကတော့မှန်ရုံဘဲ(သုခ) အဲဒီမှာ တပည့်တော်တို့ အေးတာက'ဒုက္ခဝေဒနာ'၊ သူတို့မှန်ရုံက 'သုခဝေဒနာ' 'ဒီ ဒီဂရီ ၇၀ ဟာ တပည့်တော်တို့ကို ဒုက္ခဖြစ်စေ၊ တောင်ကြီးနေတဲ့ လူတွေတော့ သုခဖြစ်စေ'လို့ သူကလုပ်ထာလား၊ ပုဂ္ဂိုလ်သတ္တဝါရဲ့ သတ်မှတ်ချက်လားဆိုတာ ကြည့်လေ၊ နောက်ဒီလိုဘဲ တပေါင်းလ တပည့်တော်တို့ ရန်ကုန်ကို သူတို့လာတဲ့အခါ၊ ဒီဂရီ ၉၀ ဆိုရင် ရန်ကုန်ကလူတွေက အနေတော်ဘဲ(သုခ)၊ သူတို့ကတော့ ပူလွန်းလို့ ခဏခဏ ရေချိုးရတဲ့(ဒုက္ခ)၊ ဒါလဲ ပုဂ္ဂိုလ်သတ္တဝါရဲ့ သတ်မှတ်ချက်ပဲ။

တော်။ ။ဒါဖြင့် သုခဝေဒနာ ဒုက္ခဝေဒနာကို ဝိပဿနာ မရှုရဘူးလား။

နုပ်။ ။ဒီလို ယတိပြတ်ပြောရင် မှားသွားမှာပေါ့၊ ပါဠိတော်ကိုကြည့်ပါ၊ အရှင်ဘုရား သတိပဋ္ဌာန် ပါဠိတော် ရတယ်နော်။

တော်။ ။ရပါတယ်။

နုပ်။ ။'သုခံ ဝေဒနံ ဝေဒယမာနော'ဆိုတဲ့ဝါကျကိုအနက် ပေးကြည့်ပါ။

တော်။ ။"သုခံ-ချမ်းသာသော၊ ဝေဒနံ-ခံစားမှုကို၊ဝေဒယမာနော-ခံစားသည်ရှိသော်၊ သုခံဝေဒနံ-ချမ်းသာခံစားမှုကို၊ ဝေဒယာမိ-ခံစား၏၊ ဣတိ-ဤသို့၊ ပဇာနာတိ-သိ၏"

နှုပ်။ ။ဟုတ်ပြီဘုရား၊ ချမ်းသာတဲ့ခံစားမှုတခု တွေ့လာရင် ချမ်းသာ ခံစားတယ်လို့ သိပါတဲ့၊ ဒီအသိဟာ အရှင်ဘုရားတို့ ချမ်းသာတယ်-ချမ်းသာတယ်၊ ဆင်းရဲတွေ့ရင်လဲ ဆင်းရဲတယ် ဆင်းရဲတယ်လို့ သိနေရမယ်ဆိုရင် တရားအားမထုတ်တဲ့ လူတွေ ကုန်ကုန်ပြောရရင် ကလေးတွေလဲ မသိဘူးလား။

တော်။ ။အင်း-အဋ္ဌကထာက မေးကာစ ကလေးတောင် သိသေးရဲ့တဲ့။

နှုပ်။ ။ဟုတ်တယ်ဘုရား၊ ဒါပေမဲ့ သာမန်လူတွေ ကလေး တွေ သိတာက သတ္တဝါသိ၊ ငါသိ၊ သူသိမျိုးပေါ့၊ အရှင်ဘုရားတို့ သိတာကတော့ 'ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဖူးတဲ့၊ ခံစားတတ်တဲ့ သဘောတရား'လို့ သိမှာပေါ့၊ အဲဒီအသိကိုဘဲ ပုဂ္ဂိုလ်သတ္တဝါ ဆိုတဲ့ ပညတ်နဲ့ ခံစားတတ်တဲ့ ပရမတ်နဲ့ ခွဲခြားသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ် အခြေခံဘဲ ရှိသေးတယ်၊ ဆိုလိုတာက ဒီအသိ၊ ဒီဉာဏ်ဟာဝိပဿနာ မရှုရသေးတဲ့ ပညတ်မကင်းသေးတဲ့အောက် တန်းဉာဏ်ဘဲပေါ့။

တော်။ ။ဒါဖြင့်ဒီအသိဟာဝိပဿနာမဖြစ်သေးဘူးလား။

နှုပ်။ ။မဖြစ်သေးဘူး'ဝေဒနာသု ဝေဒနာနုပဿနာ ဘာ ဝေတွော်သတော'လို့ မဟာနိဒ္ဒေသ ဋ္ဌကထာအရ သတိဘဲ။

တော်။ ။ဥဒယဗ္ဗယဉာဏ် မဖြစ်မချင်း ဝိပဿနာမဖြစ်ဖူး ပေါ့။

နှုပ်။ ။မှန်ပါတတ် ဒါဟာ လုပ်ငန်းရဲ့ လမ်းစဉ် အမှန် ဘဲကိုး။

တော်။ ။ဒါဖြင့် ဘယ်အချိန်ကျမှ ဝိပဿနာဖြစ်မလဲ။

နုပ်။ ။အရှင်ဘုရား အဲဒီခံစားမှုတို့ကို ဖြစ်ပျက်ပဲလို့ သိလာတဲ့အချိန်ဟာ ဝိပဿနာဉာဏ်ဖြစ်ချိန်ပေါ့။

တော်။ ။ဒါဖြင့်ရင် ချမ်းသာခံစားမှုဟာ ဖြစ်ပျက်ပဲလို့ ရှုရမယ်ဆိုပါတော့။

နုပ်။ ။ဟာ-ဒီလိုရှုလို့တော့ မရရေးချ မရဘဲ။

တော်။ ။ဟော-တကာကြီးက ဖြစ်ပျက်ရှုရမယ်ဆို။

## ဆင်းရဲချမ်းသာ-ပညတ်ပါ

နုပ်။ ။ဖြစ်ပျက်ရှုရမှာက ခံစားမှုပရမတ်၊ အရှင်ဘုရား ပြောတာက ချမ်းသာဆိုတဲ့ ပညတ်၊ ဘယ်ရမလဲ၊ ပညတ်ကို ဝိပဿနာရှုလို့ရတာမှ မဟုတ်ဘဲ။

တော်။ ။ခက်တော့နေပါဘီ၊ တယ်မျက်စိလယ်တာကိုး။

နုပ်။ ။မျက်စိမလယ်နဲ့လေ၊ အရှင်ဘုရား သတိပဋ္ဌာန်ပါဠိတော် ဝေဒနာနုပဿနာ နောက်ပိုင်းကျတော့ မြတ်စွာဘုရားက 'သမုဒယဝယ ဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟာရတိ' လို့ မဟောဘူးလား၊ 'ဝေဒနာသု ခံစားသော သဘောတို့၌၊ သမုဒယဝယဓမ္မာနုပဿီဝါ-ဖြစ်ခြင်း ပျက်ခြင်း သဘော တို့ကို အကြိမ်ကြိမ် ရှုသည်ဖြစ်၍မူလည်း၊ ဝိဟာရတိ-နေ၏'လို့ မဟော ဘူးလား။

တော်။ ။ဟောတယ်လေ၊ ဒါကြောင့် ဖြစ်ပျက် ရှုရတာ ပေါ့။

နုပ်။ ။မဟုတ်ဖူး၊ ကိုယ်တော်က သုခဒုက္ခဆိုတဲ့ ချမ်းသာဆင်းရဲတွေ ပါနေတယ်၊ ဘုရားက– 'ဝေဒနာသု-ခံစားသော သဘောတို့၌'လို့ ပရမတ်ကို ဟောတာ 'သုခဝေဒနာသု–ချမ်းသာခံစားသော သဘောတို့၌'လို့ မဟောပါလား။

တော်။ ။အေးဗျ-ဟုတ်တယ်၊ 'ဝေဒနာသု'လို့ သာမညပုဒ်နဲ့ ဟောတယ်၊ အဲဒါ ဘယ်လိုကြောင့်လဲ။

နုပ်။ ။စောစောထဲက တပည့်တော် လျှောက်သွားတဲ့ တပည့်တော်တို့ မဟာဝဂ္ဂ သံယုတ် ပါဠိတော် သတိသုတ်မှာ 'သတောဘိက္ခဝေ ဘိက္ခု သမ္ပဇာနော' စသည်ဖြင့် ဟောတယ်၊ မြတ်စွာဘုရားရဲ့ သာသနာဟာ သတိ·ပညာ သာသနာတဲ့ကိုး၊ ကိုယ်တော်က ချမ်းသာတယ်တဲ့ရှုရှု၊ ဆင်းရဲတယ်လို့တဲ့မှတ်မှတ်၊ ဒါ သတိချည်းတဲ့၊ သတိနဲ့သိရ မှတ်ရသမျှ ပညတ်လွတ်မှမလွတ်သေးတဲ့၊ အဲ–သတိနဲ့ မှတ်လို့ မြဲလာပီဆိုတော့ ကြည့်လေ၊ ပညာနဲ့ ဝိပဿနာဖြစ်ပျက်ရှုလို့ရတာတဲ့၊ ကိုယ်တော် သတိပိုင်းကိုကြည့်ပါ၊ 'ပဇာနာတိ–သိ၏'လို့ ဟောတယ်၊ ဟောဒီပညာပိုင်းကျတော့ 'နုပဿီဝိဟရတိ–ရှုနေတော့'လို့ ဟောတယ်၊ ခွဲဟောတော့ ခွဲသိပေါ့။

တော်။ ။ဟာ–ဦးဇင်းတို့ ဒီလောက်တောင် မစိစစ် မလေ့လာဖူးဘူး၊ သုခဝေဒနာ-ချမ်းသာခံစားတယ် ဆိုတာ သိရုံသိထားဖို့ သတိအလုပ်၊ ချမ်းသာဆင်းရဲ မမှတ်သွားတဲ့ ခံစားတတ်တဲ့ သဘောကို ရှုနိုင်မှ ပညာတဲ့လို့ မှတ်ရမှာပေါ့။

နုပ်။ ။ဟာ–အမှန်တဲ့ဘုရာ့၊ မြတ်စွာဘုရားက ဒီဝေဒနာနုပဿနာတွင်သာမဟုတ်၊ ကာယာနုပဿနာ နောက်ပိုင်းမှာလဲ

ကာယသိမ္ဓိ သမုဒယဝယဘ' ဖြစ်ပျက်၊ စိတ္တာနုပဿနာ နောက်ပိုင်းလဲဘဲ'စိတ္တသိမ္ဓိ''ဘဲ။

တော်။ ။အင်း ဟုတ်တယ်၊ ဒါနဲ့နေစမ်းပါအုံး၊ ဥပေက္ခာ တောင် မျက်ခြေပြတ်သွားဘီ။

နုပ်။ ။မပြတ်ပါဘူး၊ ဒါတွေသိမှ ပေါ်လာမှာ။

တော်။ ။ဒါထက် သုခ ဒုက္ခ ဖြတ်ပြီး ဖြစ်ပျက် ရှုရမယ် ဆိုတော့ ဥပေက္ခာကော မဖြတ်ရဘူးလား။

နုပ်။ ။ဥပေက္ခာဝေဒနာရဲ့ သဘောကို ပါဠိတော်မှာ ဘယ်လိုဟောသလဲ။

တော်။ ။အဒုက္ခမသုခါ ဝေဒနာလို့ ဟောတယ်။

နုပ်။ ။ဟုတ်ပါတယ်၊ မြန်မာလိုပြန်တော့ ဆင်းရဲမဖြစ်၊ ချမ်းသာမဖြစ်တဲ့သဘောပေါ့၊ ချမ်းသာဆင်းရဲလို့ မမှတ်ထားပေါ့။

တော်။ ။ဟုတ်တယ် အဲဒါဘယ်လိုရှုရသလဲ။

နုပ်။ ။အရှင်ဘုရား၊ဒီစာအုပ်ထဲမှာတွေ့လိမ့်မယ်၊မာလုကျပုတ္တသုတ်။

တော်။ ။တွေ့တယ် တကာကြီး၊ ဒါရုစီရိယ အကြောင်းလဲ တွေ့တယ်။

နုပ်။ ။ဒါရုစီရိယတော့ ထားပါတော့၊ မာလုကျပုတ္တကို မြတ်စွာဘုရားက 'မာလုကျပုတ္တ-သင်ဟာ အတိတ်ကလဲ မမြင်ဖူး ခဲ့တဲ့ နောင်အနာဂတ်မှာလဲ မြင်ဖို့မမြော်လင့် စိတ်ကူးမထားတဲ့ အခုပစ္စုပ္ပန်မှာလဲ မြင်ဆဲမဟုတ်တဲ့ အဆင်း' တခုခု အပေါ်မှာ

လိုချင်တပ်မက် နှစ်သက်တဲ့ သဘော ဖြစ်မလား’တဲ့၊ ဒီတော့ မာလုကျပုတ္တက ‘မဖြစ်ပါဘုရား’ လို့ လျှောက်တော့မြတ်စွာဘုရားက ‘ဒါဖြင့် အဆင်းတခုခုကို အခုမြင်ပီဆိုပါတော့ အဲဒီ မြင်ဆဲ အဆင်းအပေါ်မှာ သင်ဟာ အခုနမမြင်ဖူးတဲ့ အဆင်းအပေါ်မှာလို လိုချင်တပ်မက် နှစ်သက်တဲ့ သဘောမျိုး မဖြစ်အောင် စိတ်ကိုထားနိုင်ရင် သင်ဟာ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန် ရပြီ’ လို့ ဟောလိုက်တယ်၊ ဒိဋ္ဌေဒိဋ္ဌမတ္တံ သဘောပေါ့၊ အဲဒါ ဥပေက္ခာဘဲ။

တော်။ ။စာသဘောကတော့ ဟုတ်ပီ၊ အလုပ်သဘောနဲ့တော့ ဦးဇင်းမရှင်းဘူး။

နုပ်။ ။ဥပေက္ခာဆိုတာ သတ်သတ်လုပ်ယူရတာ မဟုတ်ဖူး ‘အဒုက္ခမသုခ’ ဆိုတဲ့အတိုင်း ဆင်းရဲချမ်းသာ မသတ်မှတ်တဲ့ ခံစားမှုသက်သက်ဟာ ဥပေက္ခာဘဲ။

တော်။ ။အလုပ်လက်တွေ့မရှိသေးလို့လားတော့ မပြောတတ်ဖူး၊ ဦးဇင်းတော့ သဘောကို မပေါက်သေးဘူး။

နုပ်။ ။ခန္ဓာမှာ ဦးဇင်း တွေ့သိနေတဲ့ ချမ်းသာဆင်းရဲကို ကိလေသာဘဲရယ်လို့ သိတာနဲ့ သူ့ကို နှလုံးမသွင်းတော့ရင် ဥပေက္ခာဟာ အလိုလိုဖြစ်လာတာဘဲ၊ အေး-ကိုယ်က ချမ်းသာတာ ဆင်းရဲတာကို ကိလေသာလို့မထင်ဘဲ၊ ဒါမှရှုစရာ အာရုံလို့ စွဲယူထားရင်တော့ ဘုရားလဲတတ်နိုင်မှာမဟုတ်ဖူး၊ ဥပရိပဏ္ဏာသ ပါဠိတော် ဣန္ဒြိယဘာဝနာသုတ်မှာကြည့်ပါ၊ ဒီစာအုပ်ထဲမှာလဲ ပါတယ်နော်၊ တပည့်တော်က သဘောလောက်ပဲပြောပါ့မယ်

ဥပမာ—ကိုယ်ထဲမှာ အသိကပ်ထားလိုက်တော့ 'ဥပ္ပဇ္ဇတိမနာပံ· ချမ်းသာဆိုတဲ့ သဘောကျမှုလေးလဲ ဖြစ်ချင်ဖြစ်မယ်၊ ဥပ္ပဇ္ဇတိ အမနာပံ·ဆင်းရဲဆိုတဲ့ သဘောမကျ မနှစ်သက်မှုလဲ ဖြစ်ချင်ဖြစ်မယ်၊ ဥပ္ပဇ္ဇတိမနာပါမနာပံ–သဘောကျသလို မကျသလိုလဲ ဖြစ်ချင်ဖြစ်မယ်'ပေါ့။

တော်။ ။အင်း·တခုခုတော့ ဖြစ်မှာပေါ့လေ။

နှံ့ပ်။ ။အဲဒီလိုဖြစ်လာရင်ဒါကိုသိနေရတဲ့ယောဂီဟာ စဉ်းစားပါတဲ့'သဘောကျမှုဆိုတဲ့ သုခဝေဒနာကလဲ ကိလေသာဖြစ်လို့ကြမ်းတန်းတယ်၊ သဘောမကျမှုဒုက္ခဝေဒနာကလဲကိလေသာဖြစ်လို့ကြမ်းတန်းတယ်၊အကြောင်းကိုစွဲပြီးဖြစ်ရတဲ့ပဋိစ္စသမုပ္ပါဒ်မျိုးဖြစ်တယ်။ ဒီကိလေသာဖြစ်တဲ့ သဘောတွေကို အာရုံမပြုဘဲ သိစရာရှိတဲ့ ရုပ်နာမ်သဘောတရားကို သိနေရတာဟာ'ငြိမ်သက်တယ်,မြတ်တယ်'လို့ နှလုံးသွင်းပီး ချမ်းသာဆင်းရဲကို မရှုဘဲ၊ လစ်လျူပြုပီး အမှန်သဘောတရားကိုသာ ရှုနေသိနေတဲ့ ယောဂီအတွက် ဥပေက္ခာအသိဟာ မျက်စိဖွင့်ရာက မှိတ်လိုက်သလို·မှိတ်ရာကဖွင့်လိုက်သလို အချိန်အတွင်း ကောင်းစွာ တည်လာသတဲ့၊ သတ်သတ်လုပ်မယူရဘူး၊ ဆိုလိုတဲ့သဘောက အရှင်ဘုရားတွေနေတဲ့ သဘောတခုကို ချမ်းသာဘဲ ဆင်းရဲဘဲ မမှတ်တော့ဘဲ၊ ဖေါက်ပြန်ဖြစ်ပျက်လို့ ရှုလိုက်သိလိုက်တာနဲ့ အဲဒီလို ရှုနေတာဟာ ဥပေက္ခာဖြစ်တဲ့ သဘောဘဲ ဒါကပါဠိတော်နည်း၊ အဋ္ဌကထာနည်းကတော့'တဒုဘယံ–ထိုချမ်းသာဆင်းရဲ ဝမ်းသာဝမ်းနည်း နှစ်သက်မနှစ်သက် နှစ်မျိုးကို၊ အဘိနိဝေဇ္ဇေတွာ ကြည်

ဖယ်၍၊ ဝိပာရိတုကာမော-ရှုကာနေလိုသော ယောဂီသည်၊ ကိံကရောတိ အဘယ်သို့ရှုရမည်နည်းဆိုသော်’ စသည်ဖြင့်ပြပါတယ်၊ ဒါကို ဦးဇင်း လေ့လာပီးဖြစ်ပါလိမ့်မယ်။

တော်။ ။ဒါဖြင့် သုခ ဒုက္ခ ချမ်းသာ ဆင်းရဲကို ဖယ်ပစ်ရမှာပေါ့။

နုပ်။ ။သက်သက်မဖယ်ရပါဘူး ‘သူတို့ဟာ ကိလေသာပဲ, ပညတ်ပဲ, သူတို့ကို နှလုံးမသွင်းဘူး၊ သိစရာရှိတဲ့ အမှန်တရား ပရမတ်ကိုသာ သိနေတော့မယ်’လို့ သဘောထားပြောင်းလိုက်ရင် ဥပေက္ခာဟာ ရုပ်နာမ် ပရမတ်သိ အလိုလို ဖြစ်လာရတာဘဲ၊ သဋ္ဌာယတနသံယုတ် ဂေလညသုတ်မှာလဲဘဲ ‘ဥပ္ပန္နာခေါမျာယံ သုခါဝေဒနာ’စသည်ပေါ့ဘုရား၊ သုခဝေဒနာဆိုတဲ့ ချမ်းသာ ခံစားမှုဖြစ်လာရင် ယောဂီက‘ငါ့မှာတော့ ချမ်းသာခံစားမှု ဖြစ်လာပီ၊ ဒီချမ်းသာခံစားမှုဟာအလိုလို ဖြစ်ထာမဟုတ်၊ဒီခန္ဓာကို စွဲမှီပီးဖြစ်တယ်၊ ဒီခန္ဓာဟာလဲ ပျက်နေတဲ့သဘော, အကြောင်းတရားတို့ ပြုပြင်စီမံခံရတဲ့သဘော, အကြောင်းမကင်းတဲ့သဘော ဖြစ်လို့ အစွဲအမှီခံရတဲ့ ဒီခန္ဓာပင်လျှင် ဒီလိုဖြစ်နေရင် ဒီခန္ဓာကို စွဲမှီပီးဖြစ်ရတဲ့ ဒီ(သုခဝေဒနာ)ချမ်းသာခံစားမှုဟာ (ကုတော နိစ္စာဘဝိဿတိ) ဘယ်မှာမြဲပါ့မလဲ ဖြစ်ပျက်ပဲလို့ အသိပြောင်းတာနဲ့ ဥပေက္ခာဝေဒနာရှုပီးဖြစ်ထာဘဲ၊ ဒုက္ခဝေဒနာကျတော့လဲ အတူတူဘဲ။

တော်။ ။ဒါဖြင့် ဥပေက္ခာဟာ ဦးဇင်းတို့ထင်သလို အထူး မလုပ်ရပါလား။

နုပ်။ ။မှန်တယ်ဘုရာ့၊ သူ့ဟာနဲ့သူဖြစ်လာတာဘဲ၊ အဲဒီ ဥပေက္ခာဖြစ်ရင်သာ သူ့အတိုင်း မှန်မှန် သိသွား ရှုသွားရုံဘဲ၊ ဥပမာဆိုပါတော့ အခုတပည့်တော်ရယ်၊ဦးဇင်းရယ်၊ပသီကုလား တယောက်ရယ် ဒီအခန်းထဲမှာ ရှိနေတယ်ဆိုပါတော့ ဒီနေရာကို ဒါနပြုချင်တဲ့လူတယောက်က ဆွမ်းနဲ့ဝက်သားဟင်း ယူလာပြီး ကျွေးမွေးလှူဒါန်းတယ်၊ ဒီအခါမှာ ပသီကုလားရဲ့ စိတ်ထဲမှာ မလိုလားအပ်တဲ့ အနိဋ္ဌာရုံကြောင့် စိတ်ဆင်းရဲမှု (ဒေါမနဿ ဝေဒနာ)ဖြစ်မှာဘဲ၊ အဲ-တပည့်တော်ကျတော့ ဣဋ္ဌာရုံကြောင့် စိတ်ချမ်းသာမှု(သောမနဿဝေဒနာ)ဖြစ်မှာဘဲ၊ အရှင်ဘုရားက တော့ ဘုရားအဆုံးအမအရ ကောင်းတယ်ဆိုးတယ် အာရုံမပြု၊ အာဟာရအတွက်သာနှလုံးသွင်းရတဲ့မဇ္ဈတ္တာရုံကြောင့်(ဥပေက္ခာ ဝေဒနာ)ဖြစ်မှာဘဲ။

တော်။ ။အဲဒါဘယ်လိုကြောင့်လဲ။

နုပ်။ ။ဒီအာရုံ ဒီမြင်ကွင်းဟာ မကောင်းဘူးလို့ ပသီ ကုလားက ဆုံးဖြတ်သတ်မှတ်ထားလို့ ဒေါမနဿဝေဒနာ ဖြစ် တာပေါ့၊ တပည့်တော်တို့ကျတော့ ကောင်းတယ်လို့ ဆုံးဖြတ် သတ်မှတ်လို့ သောမနဿဝေဒနာ ဖြစ်တယ်၊ အရှင်ဘုရားကျ တော့ ကောင်း၊မကောင်း နှလုံးမသွင်းရတော့ ဥပေက္ခာဝေဒနာ ဖြစ်တာဟာ တကယ်စင်စစ် ပြောရရင် အာရုံက ဘာမှမဆိုင်ဘူး၊ ပုဂ္ဂိုလ်ရဲ့ သတ်မှတ်ချက်လိုက်လို့ ဖြစ်ရတာဆိုတော့ သူ့နှလုံး သွင်းအတိုင်း ဖြစ်သွား တာပေါ့၊ ဒီနေရာမှာတော့ ကောင်း မကောင်း၊ ကြိုက် မကြိုက်၊ သဘောကျ မကျ နှလုံး မသွင်းတဲ့

အရှင်ဘုရားမှာဥပေက္ခာဖြစ်အောင် လုပ်မယူရဘဲ၊ပသီကုလားလို ဒေါမနဿမဖြစ်အောင် တပည့်တော်လိုသောမနဿမဖြစ်အောင် ပစ္စဝေက္ခဏာနဲ့ စောင့်စည်းရုံနဲ့ ဥပေက္ခာ ဖြစ်သွားပုံကို ကြည့်ရင် ဒီဥပေက္ခာဆိုတာဟာ 'ဒုက္ခာဘာဝေနအဒုက္ခံ' ဆင်းရဲတယ်လို့လဲ မသတ်မှတ် နှလုံးမသွင်း 'သုခါဘာဝေနအသုခံ' ချမ်းသာတယ်လို့လဲ မသတ်မှတ် နှလုံးမသွင်းရင် 'အဒုက္ခမသုခဝေဒနာ' ဆိုတဲ့ ဥပေက္ခာဟာ ဖြစ်ထာဘဲ။

## ဥပေက္ခာမှ-ရှုဥာဏ်ရ

တော်။ ။ဒီဥပမာအတိုင်းသာ ဆိုရင်တော့ ဥပေက္ခာဟာ သုခဒုက္ခ မဖြစ်အောင် စောင့်စည်း နှလုံးသွင်း လမ်းပြောင်းတာနဲ့ ဖြစ်ထာဘဲကိုး တယ်ဟုတ်ပါလား။

နုပ်။ ။အဲတာကြောင့် တပည့်တော် လျှောက် သွား ဘဲ 'ဒုက္ခာဘာဝေနအဒုက္ခံ - သုခါဘာဝေနအသုခံ'လို့ ပဋိသမ္ဘိဒါမဂ်လာ စကားအရ၊ ဆင်းရဲ မဖြစ်မရှိ နှလုံးမသွင်း, ချမ်းသာမဖြစ်မရှိ နှလုံးမသွင်းခြင်းဟာ ဥပေက္ခာပါလို့ အဲဒါက ဥပေက္ခာဖြစ်ထာ၊ ဝိပဿနာ အားထုတ်တယ် ဆိုတော့ အဲဒီ ဥပေက္ခာကိုရှုတာ ပထမတော့ ချမ်းသာဆင်းရဲကို နှလုံးမသွင်း အာရုံမပြုတာ, ရှောင်တာ, စောင့်စည်းတာဟာ ဥပေက္ခာဘဲ၊ ဝိပဿနာ မဖြစ်သေးဘူး၊ အဲဒီဥပေက္ခာ ဖြစ်လာတဲ့ ပရမတ် ရုပ်နာမ်ကိုရှုမှ ဝိပဿနာဖြစ်ထာ၊ ဒါကြောင့်လဲဘဲ ဋ္ဌကထာရုံလို့

နှလုံးသွင်းမှားရင် သုခဝေဒနာကြောင့် ကိလေသာဖြစ်မယ်၊ အနိဋ္ဌာရုံလို့ နှလုံးသွင်းမှားရင် ဒုက္ခဝေဒနာကြောင့် ကိလေသာဖြစ်မယ်၊ ဒီဥပေက္ခာကတော့ ကောင်း,မကောင်း အာရုံမလိုက်တဲ့ (မဇ္ဈတ္တာရုံ)ကြားအာရုံပေါ့ဘုရား၊ ဒါကြောင့် 'တတိယဝေဒနံ ဒီပေတိ'လို့ ပြတာပေါ့၊ ဥပေက္ခာ သဘောပေါ်မှာ ရုပ်နာမ် ပရမတ်ပဲလို့ ဝိပဿနာဉာဏ်ရောက်ပီး ရှုတာကို 'ဝိပဿနုပေက္ခာ' လို့ ဝိသုဒ္ဓိမဂ်ကဆိုတယ်၊ သူကမှ ရှုချက်မှန်မှန်နဲ့ သိသွားရင် သင်္ခါရုပေက္ခာဉာဏ်ကို ကျေးဇူးပြုပီး မဂ်ဝင်တယ်လို့ ဝိသုဒ္ဓိမဂ်တို့, ပဋိသမ္ဘိဒါမဂ်တို့က ဆိုတာပေါ့။

တော်။ ။အို-ဒီဥပေက္ခာဟာ တကယ်ကိုမရှုရင် ဝိပဿနာမဖြစ်ထာ အမှန်ပါလား၊ အင်း ဦးဇင်းတို့တော့ လေ့လာပေမဲ့ ဒီဥပေက္ခာကို ဒီလောက်အထိလဲ စိတ်မဝင်စားဖူးဘူး၊ဒီလိုအရေးကြီးမှန်းလဲ မသိဘူး၊ ဒီစာအုပ်တွေမှ ဒီဥပေက္ခာ အကြောင်းတွေ့ရတော့ တခြား ဘယ်စာအုပ်တွေမှ ဥပေက္ခာ မရေးကြ, မပြောကြပါဘဲနဲ့ ဒီစာအုပ်ကျမှ ဥပေက္ခာသာ ရှုရမယ်ဆိုတော့ အင်မတန်ကို မကျေမနပ်ပေါ့ တကာကြီးရယ်၊ အခု သေသေချာချာ ရှင်းပြတော့ ဥပေက္ခာဆိုတာ ဝိပဿနာ ယောဂီအတွက် တခုထဲသော ရှုရမဲ့ တရားလို့ ဦးဇင်းတော့ ဆိုချင်တာဘဲ။

နုပ်။ ။ဒါဖြင့် ဒီစာအုပ် ဥပေက္ခာရေးတာ ဦးဇင်းထောက်ခံပီပေါ့။

တော်။ ။ဟာ—ထောက်ခံသမှု တကိုယ်လုံး ထောက်ခံပါတယ်။

နုပ်။ ။ဒီဥပေက္ခာမှ မရှုနိုင်ရင် လုံးဝ မဖြစ်ဖူးလို့တော့ သေသေချာချာနှလုံးသွင်းမှနေ ဒီဥပေက္ခာရှုနိုင်မှမြတ်စွာဘုရားရဲ့ မဇ္ဈိမပဋိပဒါလမ်းစဉ်မှန် ဖြစ်မှာပေါ့။ ဥပေက္ခာ ရှုတာဟာ မဇ္ဈိမပဋိပဒါဖြစ်သလို မဇ္ဈိမပဋိပဒါ လမ်းစဉ်ဟာလဲ ဥပေက္ခာ ရှုနိုင်မှဖြစ်ထာ။

တော်။ ။ကဲ–ဒါကတော့ ဗဟုဿုတပေါ့ တကာကြီးရာ ပြောစမ်းပါအုံး။

နုပ်။ ။ဗဟုဿုတတွေ ဘာတွေ မှတ်မနေပါနဲ့ ဘုရား၊ ဒီသဘောတရားကို မလယ်ရင် အရှင်ဘုရား တရားအားထုတ်လို့ ရမှာ မဟုတ်ဖူး။

တော်။ ။ဟာ–ဘာဖြစ်လို့ပါလိမ့်။

နုပ်။ ။ဥပေက္ခာဆိုတာ သုခဒုက္ခဆိုတဲ့ ချမ်းသာ ဆင်းရဲ မပါတဲ့ ကြားဝေဒနာ၊ မဇ္ဈိမပဋိပဒါဆိုတာက ကာမသုခလ္လိက ဆိုတဲ့ လောဘ၊ အတ္တကိလမထဆိုတဲ့ ဒေါသ အစွန်း မကပ်တဲ့ အလယ်လမ်းကြောင်း ဒီတော့ သဘောချင်းဟာ ကိလေသာ မပါတဲ့ သဘောချည်းဘဲဖြစ်နေတယ်၊ ခန္ဓာနာမ်ရုပ်ဆိုတဲ့ တရားတွေကိုဝိပဿနာဉာဏ်နဲ့ ရှုနေရင် (လူဋ္ဌ အနိဋ္ဌ သုခ ဒုက္ခ ကာမ အတ္တ လောဘ ဒေါသစတဲ့)အစွန်းတရားတွေ လုံးဝဖြစ်ခွင့်မရဘဲ နေတဲ့အခိုက် ကိလေသာဆိုတဲ့ အညစ်အကြေးတို့ အပူအလောင် တို့ဟာ ဒီရှုဉာဏ်ကို ဘာမှ ဒုက္ခပေးလို့ မရတော့ဘူး၊ အဲဒီကိလေ သာဖြစ်တဲ့ အစွန်းတရားတွေ လွတ်အောင် ရှုသွားနိုင်လို့လဲ ဒီဥပေက္ခာရှုဉာဏ်ဟာ မဇ္ဈိမပဋိပဒါလမ်းစဉ်ကျသွားတာပေါ့။

တော်။ ။အခု တကာကြီးပြောသွားတော့မဇ္ဈိမပဋိပဒါနဲ့ ဥပေက္ခာနဲ့တသဘောထဲဖြစ်နေတယ်၊ ဦးဇင်းတို့စာပေဒေသနာ အနေနဲ့တော့ သဘောချင်းမတူဘူးထင်တယ်။

နုပ်။ ။မြတ်စွာဘုရားရဲ့ တရားသဘောမှုဟာ ဓမ္မက္ခန္ဓာ ပရိယာယ်အသုံးအနှုန်းကွဲချင်ကွဲမယ်၊ အနှစ်သာရ သဘောတရား အနေနဲ့တော့ လုံးဝကွဲပြားမှု မရှိနိုင်ပါဘူး၊ အခု ဦးဇင်းပြောတဲ့ ဒေသနာသဘောအရ မတူ ကွဲပြားတယ် ဆိုရင့်တော့ ဦးဇင်းတို့ တပည့်တော်တို့ ဉာဏ်မမှီလို့သာဖြစ်ရမယ်နော်။

တော်။ ။ဟုတ်တာပေါ့ တကာကြီးရာ၊ ဦးဇင်းတို့ဉာဏ်က ဒေသနာတော်နဲ့စာရင် အင်မတန် သေးနုပ်ပါတတ်၊ ဒီတော့ တယောက်နဲ့တယောက် ဘုရားတဆူထဲရဲ့ သာသနာ့အလုပ် ဆွေးနွေးတာဘဲ အမြင်ချင်း ဖလှယ်ရမှာပေါ့၊ ရင်းရင်းနှီးနှီး ပြောပါတကာကြီးရာ။

နုပ်။ ။ဦးဇင်းရဲ့ ဒီသဘောထားကို တပည့်တော် အများကြီး ဝမ်းမြောက်ပါတယ်၊ ကဲ-မဇ္ဈိမပဋိပဒါနဲ့ဥပေက္ခာသဘော မတူပုံကို အမိန့်ရှိပါအုံး။

တော်။ ။ဦးဇင်းတို့ ဥပေက္ခာသဘောကို ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကပြတဲ့နေရာမှာ 'ဝေဒနေတ္ထ ဒုက္ခသုခပဋိပက္ခာဘူတာ' (၁၇၉)စတဲ့ စကားရပ်မှာ ဒီဥပေက္ခာဆိုတာ ဆင်းရဲမဖြစ်ခြင်း ချမ်းသာမဖြစ်ခြင်းဟာ ဆင်းရဲချမ်းသာတို့ရဲ့ ဆန့်ကျင်ဖက် ဖြစ် တဲ့သုံးခုမြောက် ဝေဒနာဘဲတဲ့၊ဆင်းရဲချမ်းသာမဖြစ်ရုံသာမဟုတ် တဲ့၊ အဲဒီဆင်းရဲချမ်းသာမဟုတ်တဲ့ သဘောတရားကို သိနေရှုနေတဲ့ သဘောလို့ပြတယ်။

နုပ်။ ။ဒါ အင်မတန် မှန်နေပြီဘဲ။

တော်။ ။အဲ-မဇ္ဈိမပဋိပဒါကျတော့ မူလပဏ္ဏာသဋ္ဌကထာ ထင်တယ်'လောဘောဧကောအန္တော။လ။ မဇ္ဈိမပဋိပဒါတိဝုစ္စတိ' (၁၀၈)တဲ့၊ လောဘဆိုတဲ့ လိုချင်မှု့, ဒေါသဆိုတဲ့ ဖျက်ဆီးမှု့, အစွန်း ၂ ဖက်ကို မကပ်မရောက် လွတ်မြောက်အောင် ကျင့်အပ်တဲ့အတွက် မဇ္ဈိမပဋိပဒါ ခေါ်တယ်ဆိုပီး ပြတယ်။

နုပ်။ ။ဒါလဲ သိက်ဟုတ်တဲ့ စကားဘဲ၊ ဘယ်နေရာမှာ ဘယ်လိုကွဲလို့လဲ။

တော်။ ။တကာကြီး ပြောတဲ့ဥပေက္ခာက ချမ်းသာဆင်းရဲ စတဲ့သုခဒုက္ခကို ကိလေသာဖြစ်မှန်းသိလို့ ဖယ်လိုက်ရင်, အာရုံမပြုရင် ဥပေက္ခာဟာ အလိုလိုဖြစ်တယ်လို့ ဦးဇင်း မှတ်လိုက်ရတယ်၊ အခု မဇ္ဈိမပဋိပဒါကတော့ 'ပဋိပဇ္ဇတိဗ္ဗတောစပဋိပဒါ' လို့ဆိုတော့ ဒီလမ်းစဉ်အတိုင်း ကျင့်ကိုကျင့်မှ မဇ္ဈိမပဋိပဒါဖြစ်မယ်ဆိုတော့ သဘောချင်း ကွဲမနေဘူးလား။

နုပ်။ ။ဒါ ရှင်းဘိုတော့ လွယ်ပါတယ်၊ ကဲ-ပြည်ညောင်ဘူတာတောင် ရောက်ပီ၊ ၁၀-နာရီလဲ ခွဲပီ၊ ဆွမ်းလေးဘာလေးလဲ ဘုဉ်းပေးအုံးမှ ရှေ့ဘူတာမှဆိုရင် အလုအယက်နဲ့ ရချင်မှရမယ်၊ အချိန်ကလဲ လွန်သွားအုံးမယ်ဆို၍ ကိုယ်တော် ၂ ပါးအတွက်ရော၊ မိမိအတွက်ပါ ဆွမ်း ၃ ထုပ် ဝယ်၍ ကပ်လိုက်သည်၊ ကိုယ်တော်မှာ သူတကာခံမည် တကဲကဲရှိနေရာ၊ တပည့်တော်မှာ ခရီးကြုံတုန်း အရှင်ဘုရားတို့ကို လှူရတာ တပည့်တော်ရဲ့ စေတနာတိုက်ဆိုမှုကြောင့် ပြုရတဲ့ကုသိုလ်ပါဟု လျှောက်၍ကပ်လိုက်ရ၏။

ဆွမ်းကပ်ပြီးသော်လည်း ရထားမှာ မထွက်သေးသဖြင့် ဆက်လက်၍—

တော်။ ။ကဲ—တကာကြီး ရှင်းပေးပေရော့။

## သီလသိက္ခာ—ရှင်းပါ

နုပ်။ ။အလုပ်သဘောလဲပါအောင် ပေါင်းပြီးတော့ ရှင်းပေးမယ်ဘုရာ့၊ စောစောက အရှင်ဘုရား ထောက်ပြတဲ့ ပဏ္ဏာသ ဌကထာရဲ့ မဇ္ဈိမပဋိပဒါ ပုံစံမှာ လောဘ ဒေါသဆိုတဲ့ အစွန်း ၂ ဖက်ကို မကပ်မရောက် လွတ်မြောက်တဲ့ သဘောကို ဖေါ်ပြတာဘဲ၊ နောက်ပဋိသမ္ဘိဒါမဂ်တို့, မဟာဝဂ္ဂဋ္ဌကထာတို့ကလဲ 'သံကိလိဋ္ဌသုခဒုက္ခာနံ အဘာဝေါ' (၂၁၆)စသည်ဖြင့် ဆိုတော့ ကိလေသာဖြစ်တဲ့ ချမ်းသာမှတ်မှု, ဆင်းရဲမှတ်မှုတို့ မရှိတာ မဖြစ်ထာကို မဇ္ဈိမလို့ ခေါ်ကြောင်း ဖေါ်ပြတော့ကာ အဋ္ဌကထာ ၃–စောင်ရဲ့ ကိလေသာအစွန်းကို မကပ်ရကြောင်းတူတူဘဲဘုရာ့ အခုတပည့်တော် လျှောက်တဲ့အဋ္ဌကထာ သဘောက 'သုခဒုက္ခာနံ အဘာဝေါ'ဆိုတော့ ဒီပဋိမဇ္ဈိမပဋိပဒါဟာ (သုခဝေဒနာ)ချမ်းသာခံစားမှု(ဒုက္ခဝေဒနာ)ဆင်းရဲခံစားမှုတို့ မရှိဘူး မဖြစ်ဖူးဆိုရင် (အဒုက္ခမသုခါ) ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကို ခံစားတဲ့ ဥပေက္ခာဖြစ်မသွားဘူးလား၊ နောက်ပီး အရှင်ဘုရားရဲ့ မူလ ပဏ္ဏာသဋ္ဌကထာမှာ ဆက်ကြည့်ရင် 'ဝေတေသံမဇ္ဈေ ဘဝတ္တာ မဇ္ဈိမာ'လို့ ဆိုပြန်တော့ 'ဝေတေသံ·ထိုသုခဒုက္ခ လောဘ ဒေါသ ချမ်းသာဆင်းရဲတို့၏၊မဇ္ဈေ အလယ်၌၊ဘဝတ္တာ ဖြစ်သောကြောင့်

မဇ္ဈိမာ-မဇ္ဈိမမည်၏’ တဲ့၊ ကဲ-သုခ ဝေဒနာ ဒုက္ခ ဝေဒနာ တို့၏ အလယ်၌ဖြစ်သောကြောင့် ဉပေက္ခာဝေဒနာ ရှုခြင်းဟာ မဇ္ဈိမပဋိပဒါ ဖြစ်တယ်ဆိုတာ မသေချာဘူးလားဘုရား။

တော်။ ။ဟာ—ဦးဇင်းတော့ ဒီလောက် ထိအောင် ဉာဏ် မရောက်ဖူး။

နုပ်။ ။ဒါဟာ ဦးဇင်းမလေ့လာ ရသေးလို့ပေါ့၊ လေ့ လာရင် သိမှာ အမှန်ပါဘဲဘုရား။

တော်။ ။တယ်လဲစိတ်ဝင်စားစရာ ကောင်းပါလား။

နုပ်။ ။ကဲ–တခါမဇ္ဈိမပဋိပဒါဟာဉပေက္ခာဖြစ်ပုံလျှောက် အုံးမယ်၊ တပည့်တော်တို့ဟာ ဉပေက္ခာကို မလေ့လာခင် ဉာဏ် မရောက်ခင်ပေါ့၊ မဇ္ဈိမပဋိပဒါကျအောင် တရားလေ့လာအား ထုတ်တယ်၊ မဇ္ဈိမပဋိပဒါဆိုတာက ‘ဒွေမေဘိက္ခဝေအန္တာ’ ဆိုတဲ့ ကာမအစွန်း အတ္တအစွန်း ၂ ပါးကို မကပ်မရောက်အောင် သတိ ထားမှုဖြစ်မှာကိုး၊ဒီတော့တကယ့်လုပ်ငန်းခွင် ဝင်တဲ့အခါ တပည့် တော်တို့ကဘာရယ် ညာရယ်လို့ နှလုံးမသွင်းဘဲ၊ ဒီခန္ဓာရဲ့ဖြစ်ရပ် အမှန်ကိုသာ အမှန်အတိုင်း သိနေဖို့လိုပါတယ်။ ခန္ဓာမှာအမှန် ရှိတဲ့ သဘောကို အမှန်အတိုင်းသိမှု မဇ္ဈိမပဋိပဒါ လမ်းစဉ်ရဲ့ ခေါင်းဆောင် သမ္မာဒိဋ္ဌိ ဖြစ်ပါလိမ့်မယ်။

တော်။ ။ဝိပဿနာ သမ္မာဒိဋ္ဌိ မဟုတ်လား။

နုပ်။ ။ဟုတ်ပါတယ် မဂ္ဂင်ရှစ်ပါးမှာပါတဲ့ သမ္မာဒိဋ္ဌိပေါ့၊ သာမည ကမ္မဿကတ သမ္မာဒိဋ္ဌိမျိုးနဲ့တော့ ရပ်နာမ်မြင်ဖို့ လုံးဝ မဖြစ်ပါဘူး။

တော်။ ။အခု တကာကြီး ပြောတာ တရားအားထုတ်တဲ့ လမ်းစဉ်ပြောနေတာနော်၊ မဂ္ဂင်ရှစ်ပါးကို ပဏ္ဏာသမှာ သိက္ခာ သုံးပါးနဲ့ ခွဲဝေလိုက်တော့ သီလ, သမာဓိ, ပညာဘဲ ရတယ်လို့ ဆိုတယ်၊ အဲဒီတော့ သီလအစ သမာဓိအလယ် ပညာအဆုံး သိက္ခာသုံးပါးမှာ အခြေခံ သီလကျန်နေတယ်လို့ ဦးဇင်း ထင်တယ်။

နုပ်။ ။သီလရဲ့ သဘောကို ဦးဇင်း သိထားတဲ့ အတိုင်း ကာယကံ ဝစီကံကို မကျူးလွန်ရအောင် စောင့်ထိန်းတဲ့ အလေ့ အကျင့်ဆိုတော့၊ ဒီခန္ဓာကို တရားအားထုတ်မယ်, လေ့လာမယ်, အကဲခပ်မယ်လို့ စိတ်ကိုဆောက်တည်ထားတဲ့အခိုက် ကာယကံ လွန်ကျူးမှု, ဝစီကံလွန်ကျူးမှုစတဲ့ ဝီတိက္ကမတွေ မဖြစ်ပေါ်စေဘဲ နေနေတာကိုက သီလသိက္ခာထဲ အကျုံးဝင်သွားဘီ တကယ် တော့လဲ သမာဒါနဝိရတိ အနေနဲ့ အာဇီဝဋ္ဌမက သီလခံယူ ဆောက်တည်ရင်လဲ ကောင်းတာပေါ့ တကယ်လုပ်ငန်းသဘာဝ ကိုပြောမယ်ဆိုရင် သတိပဋ္ဌာန်အလုပ် အားထုတ်တဲ့ယောဂီဟာ သမာဒါနအနေနဲ့ သီလကို ခံယူနေမဲ့အစား 'မ လွန် ကျူးမိ အောင် ငါနေမယ်'ဆိုတဲ့ သမ္ပတ္တဝိရတိသာ အရေးကြီးပါတယ်၊ တကယ်တော့လဲ သတိပဋ္ဌာန် အလုပ်ဆိုတာ သွား-ရပ်-ထိုင်- လျောင်း နေရာတကာမှာ ခန္ဓာအကြောင်း သိဖို့ အရေးကြီးတယ် မဟုတ်လား။

တော်။ ။ဦးဇင်းက သိက္ခာသုံးပါး သာသနာသုံးရပ် အစဉ် မကျော်ဖို့ပြောတာပါ။

နုပ်။ ။အစဉ်ဆိုတာက ဒေသနာက္ကမအစဉ်၊ ပဋိပတ္တိက္ကမ အစဉ်ရယ်လို့ ရှိတယ်မဟုတ်လား၊ ဒေသနာက္ကမ အစဉ်ဆိုတာ ကတော့ အယုတ်၊ အလတ်၊ အမြတ်ရယ်လို့ အဆင့်ဆင့်မြင့်အောင် ဟောတာဘဲ၊ အဲ-ပဋိပတ္တိက္ကမ အစဉ်ကျတော့ ဒီလိုမဟုတ်ဖူး၊ သဘာဝကို မူတည်သွားတယ်။

တော်။ ။ဘယ်လိုပါလိမ့်။

နုပ်။ ။အရှင်ဘုရား-ဓမ္မစကြာကို ဘုရားဟောတော့ မဇ္ဈိမ ပဋိပဒါ မဂ္ဂင်ရှစ်ပါးကို အလုပ်နည်းနဲ့ပြတဲ့အခါ၊ သမ္မာဒိဋ္ဌိကို ရှေးဦးစွာမဟောဘူးလား၊ ဒီအခါမှာ ဒေသနာတွေ မရှိသေး ပါဘူး၊ အလုပ်စဉ်နဲ့ဘဲပြတော့ ပညာမဂ္ဂင်က စတာတွေလိမ့် မယ်။

တော်။ ။ဟုတ်တယ် အဲဒီသဘောက....

နုပ်။ ။အဲဒါ တကယ်အလုပ်ဖြစ်ထာကို ပြရတာဖြစ်တော့ ဒီခန္ဓာရဲ့ အဖြစ်မှန်ကို မသိရသေးဘဲနဲ့ ဘာကိုမူတည်ပြီး၊ ဘာကို ရှုမြင်မလဲ၊ ဒီတော့ အမှန်ကို အမှန်အတိုင်း သိရမဲ့ မြင်ရမဲ့ သဘောက ပရမတ်ရုပ်နာမ်ကိုဒီသမ္မာဒိဋ္ဌိဆိုတဲ့အမှန်မြင် မမြင်ရင် ဘယ်လိုမှ အလုပ်ဖြစ်မှာ မဟုတ်လို့ပေါ့၊ ဒါကြောင့် သမ္မော အဋ္ဌကထာမှာ နိဗ္ဗာနဂါမိနိဂမာယ-နိဗ္ဗာန်ကိုရခြင်းငှါ၊ ပဋိပန္နသာ- အားထုတ်သော၊ ယောဂိနော-ယောဂီအား၊ ဗဟူပကာရတ္တာ- အလွန်ကျေးဇူးများသည်၏ အဖြစ်ကြောင့်၊ ပဌမံ-ရှေးဦးစွာ၊ သမ္မာဒိဋ္ဌိ-ရုပ်နာမ်အမှန် ပရမတ်ကို အမှန်အတိုင်း မြင်တတ်သော သမ္မာဒိဋ္ဌိကို၊ ဒေသိတာ-ဟောတော်မူအပ်၏လို့ ဆိုတာပေါ့၊

ဒါဟာလဲ အလွန်ကိုမှန်ကန်ပါတယ်၊ ခန္ဓာရဲ့သဘောကို ဘာဘဲလို့မှ မသိတဲ့ ယောဂီဟာ ဘာကို ဘယ်လိုရှုရမှန်း မသိရင်ခက်မှာပေါ့၊ ဒါကြောင့် နိဗ္ဗာန်ကို အလိုရှိတဲ့ ယောဂီတို့အတွက် ဒီခန္ဓာမှာ အရင်ဆုံး အမှန်တရားကိုသိဖို့ အမှန်မြင်တတ်တဲ့ သမ္မာဒိဋ္ဌိကို အရင်ဆုံး ဟောရပါတယ်။

တော်။ ။ဒါဖြင့် တကာကြီးတို့ ရှုနည်းနဲ့ ခန္ဓာကို သမ္မာဒိဋ္ဌိနဲ့ ဘယ်လိုပြီး ရှုမြင်သလဲ။

နုပ်။ ။ဩော်-အရှင်ဘုရား တပည့်တော်တို့ ရှုနည်းမဟုတ်ပါဘူး၊ မြတ်စွာဘုရားရဲ့ ပဇ္ဈိမပဋိပဒါလမ်းစဉ်ရှုနည်းပါ၊ တရားဌာနတွေမှာ ဒီလို သူ့နည်း၊ငါ့နည်းရယ်လို့ စွဲယူမှုတွေ ရှိနေတာကတော့ သာသနာအတွက် ဝမ်းနည်းစရာ အကောင်းဆုံးဘဲ။

တော်။ ။ဒါက ပြောရိုး ပြောစဉ်ပါ တကာကြီးကလဲ စကားအမှားမခံဘဲကိုး၊ ဒါဖြင့် ဓမ္မစကြာအတိုင်း သမ္မာဒိဋ္ဌိ ပညာမဂ္ဂင်ကစပီး ရှုရမယ်ဆိုပါတော့။

နုပ်။ ။ဓမ္မာစကြာမှာမှ သမ္မာဒိဋ္ဌိက စတာ မဟုတ်ပါဘူး၊ အလုပ်နဲ့ပတ်သက်ပီး ဟောတဲ့ မဟာဝဂ္ဂ-မဂ္ဂ သံယုတ်ပါဠိတော် သုတ်ပေါင်းများစွာ အလုပ်နဲ့ဆိုင်လာရင် သမ္မာဒိဋ္ဌိ အရင်ဆုံး ဟောတာချည်းဘဲ၊ ဦးဇင်း စောစောကပြောတဲ့ မူလပဏ္ဏာသ စူဠဝေဒလ္လသုတ် စသည်တို့မှာသာ သီလ-သမာဓိ-ပညာ ရေတွက်တဲ့နေရာမို့ အစဉ်သုံးတာပါ၊ အလုပ်လုပ်ပီဆိုတဲ့ နေရာတိုင်းတော့ သမ္မာဒိဋ္ဌိ အစချည်းဘဲ။

တော်။ ။ဒါထားပါတော့လေ၊ သမ္မာဒိဋ္ဌိရဲ့ ရှုမြင်ချက်က ဘာတွေတွေ့ရမှာလဲ။

နုပ်။ ။သမ္မာဒိဋ္ဌိ သဘောကိုက ‘အနိစ္စညေဝ ဘိက္ခဝေ ဘိက္ခု’လို့ ခန္ဓဝဂ္ဂမှာဟောတော့ နကိုကပျက်နေတဲ့ ဖေါက်ပြန်မှုကို သူ့နကိုအတိုင်း ‘ဖေါက်ပြန်မှုတို့ပျက်နေတယ်’ ‘ပျက်နေတဲ့ ဖေါက်ပြန်မှုတို့’ဘဲလို့ သိနေရင် သိရရင် ထိုအမြင် ထိုအသိရှိတဲ့ ယောဂီအဖို့ သမ္မာဒိဋ္ဌိဖြစ်ပီတဲ့ ဒီအသိရှိလာတော့ ဖေါက်ပြန်တာ ပျက်ထာ သိနေရရော၊ ဒီအချိန်မှာ ယောဂီဟာ မိမိသိနေတဲ့ ဖေါက်ပြန်သဘော ပေါ်မှာသာ အသိကို ထားနေရတယ်၊ ဂရုစိုက်နေရတယ်၊ ဒီအချိန်မှာ ယောဂီဟာ သီလကို ထိခိုက်တဲ့ ကာယကံ, ဝစီကံ ကျူးလွန်နေတဲ့ အချိန်မဟုတ်ပါဘူး။

တော်။ ။တရားထိုင်နေတဲ့အချိန်မှာတော့ ဟုတ်ထာပေါ့။

နုပ်။ ။ဒါဖြင့် ဘယ်အချိန်က လွန် ကျူး တာကို ပြောတာလဲ။

တော်။ ။သီလဆိုတာ တရားအားမထုတ်ခင်က မိမိသီလ စင်ကြယ် မစင်ကြယ် ဆင်ခြင် ရမယ်လို့ ဟောထားတာဘဲ၊ ဝိသုဒ္ဓိမဂ်မှာလဲဘဲ ‘ပုဗ္ဗေဝခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ’ စသည်ဖြင့် ပြထားတဲ့ဥစ္စာဘဲ။

နုပ်။ ။အဲဒါ ကိုယ်တော်တို့ ရဟန်းတွေကို ဟောတာပါ’ ရဟန်းဆိုရင် ‘သဉ္စိစ္စ ဝီတိက္ကန္တံဟိ အန္တမသော ဒုက္ကဋဒုဗ္ဘာသိတမ္ပိ မဂ္ဂဖလာနံ အန္တရာယံကရောတိ’ လို့ (မူလ ၄ ၁၁၈)၊ ဖေါ်ပြထားတော့ စေတနာနဲ့ လွန်ကျူးမိတဲ့ ကာယကံ အသေးမျိုး, ဝစီကံအသေးမျိုးတောင်မှ မကုစားဘဲနဲ့ တရားအားထုတ်ရင် မဂ်ကိုဖိုလ်ကို အန္တရာယ်ပြုတယ် တရားမရဘူးလို့ ဆိုတယ် မဟုတ်လား။

တော်။ ။ဒီလိုဆိုရင် လူကော ရသလား။

နုပ်။ ။လူကတော့ ပဉ္စာနန္တရိယ ကံကြီးမျိုးသာ မကျူးလွန်ရင် ရတာဘဲ။

တော်။ ။ဟာ–သီလဆိုတာ ရဟန်း ကျူးလွန်လို့ တရားမရရင် လူကျူးလွန်လဲ မရထိုက်ဖူးပေါ့။

နုပ်။ ။အရှင်ဘုရား နဲနဲထိန်းပီး အမိန့်ရှိပါ၊ ဓမ္မပဒမှာ ကဿပဘုရားသာသနာက ဧရကပတ္တရဟန်းဟာ ပိန်းရွက်ပြတ်ဖူးတဲ့ ဒုက္ကဋ်အာပတ်တခုထဲ ထင်ရှားပါတယ်၊ အဲအနှစ်ပေါင်း ၂–သောင်း ရဟန်းတရား အားထုတ်သော်လဲ မကုစားလိုက်ရတဲ့ ဒီပိန်းရွက်ပြတ်မှုဟာ သေကာနီး ပေါ်လာလို့ 'အပရိသုဒ္ဓ မေသီလံ' ငါ့သီလ မစင်ကြယ်ပါကလားဆိုတဲ့ နှလုံးမသာယာတဲ့ စိတ်နဲ့သေလို့ နဂါး ဖြစ်သွားရော၊ အဲဒါ ရဟန်းသီလမစင်ကြယ်လို့၊ နောက် အဲဒီ ဓမ္မပဒမှာဘဲ–

အရိယာဆိုတဲ့ ငါးမျှား သမားဟာ သူ့ ဝမ်းစာအတွက် ချောင်းနားမှာ ငါးမျှားနေတယ်။ ဘုရားနဲ့ သံဃာမျှား ကြွလာလို့ သူနဲ့ မနီးမဝေးရောက်တဲ့အခါ၊ သူ့ငါးမျှားတံကို အသာချပီး ထိုင်နေတယ်၊ မြတ်စွာဘုရားကလဲ နောက်ပါရဟန်းတွေရဲ့ ဘွဲ့အမည်တွေမေးပီး၊ ဟိုတကာ အမည်ကကော ဘယ်သူလဲ မေးတော့ သူ့အမည် အရိယာ ခေါ်ကြောင်း လျှောက်တော့ အရိယာဆိုတာ ကာယကံ ဝစီကံမှုစသည်တို့၌ စောင့်စည်းအပ်ကြောင်း၊ ကာယကံ ဝစီကံ မစောင့်စည်းလျှင် အရိယာ မဟုတ်ကြောင်း သစ္စာလေးပါးနှင့် စပ်ပြီး ဟောလိုက်တော့ ဒီတကာ

သောတာပန်ဖြစ်ကြောင်း အရှင်ဘုရားတွေ့ပါလိမ့်မယ်၊ ဓမ္မပဒမှာ နောက်ပီး —

ခေမကဆိုတဲ့ အနာထပိဏ်သူဌေးကြီးရဲ့တူ သူဌေးသားဟာလဲ ကာမေသုမိစ္ဆာစာရကံတွေ ကျူးလွန်၊ သူများမယားတွေခိုး၊ အမျိုးမျိုး သောင်းကျန်းနေလို့ မင်းချင်း ယောကျ်ားတွေက ဖမ်းဆီးပီး၊ ကောသလမင်းကြီးဆီပို့၊ မင်းကြီးကလဲ အနာထပိဏ်သူဌေးကြီးတူဖြစ်လို့ အပြစ်မပေးဘဲသူဌေးကြီးကိုပြန်အပ် နောက်လဲ အကြိမ်ကြိမ် ကျူးလွန်ဖန်များတော့ သူဌေးကြီးက ဘုရားဆီခေါ်သွား၊ ဘုရား တရားဟောတဲ့အဆုံးမှာ ခေမက သောတာပန် ဖြစ်သွားတာဘဲ မဟုတ်လား၊ အင်္ဂုလိမာလတို့၊ တမ္ဗဒါဌိကတို့လဲ အများကြီးဘဲမဟုတ်လား၊ တခြားလူကို ပြောရတာထက် အရှင်ဘုရားတို့လို တတ်ပြီးသားတွေ ပြောရတာ တပည့်တော်အခက်ဆုံးဘဲ၊ ဘာဖြစ်လို့လဲဆိုတော့မသိချင်ယောင်ဆောင်နေသလို ဖြစ်ထာကိုး။

တော်။ ။ဒီလိုလဲ မဟုတ်ရပါဘူး တကာကြီးရာ၊ ဓမ္မပဒဋ္ဌကထာဆိုတာ တကာကြီးလဲသိတဲ့အတိုင်း မထမငယ်တန်း ဝင်ဖို့ကိုရင် ခပ်ငယ်ငယ်ဘဝကထဲက ဘာသာပြန်အတွက် သင်ခဲ့ရတာပါ၊ သင်သာသင်ခဲ့တယ်၊ သတိမမူတော့ ဂူမမြင်ဆိုတာလို အခု တကာကြီး ပြောသွားမှ အမှန်ဘဲသတိရပါတယ်၊ ဝတ္ထုတွေကလဲ များတော့ အားလုံးမမှတ်မိဘူးပေါ့။

နုပ်။ ။မှတ်မိတာမမှတ်မိတာမဆိုလိုပါဘူးဘုရား၊ ဒီသီလဟာ ရဟန်းကျူးလွန်လို့တရားမရရင် လူကျူးလွန်လဲ မရထိုက်ဖူးဆိုတဲ့

အရှင်ဘုရားရဲ့ စကားကြောင့် တပည့်တော် လျှောက်ရခြင်းပါ၊ ရဟန်းများတော့ မြတ်စွာဘုရားရဲ့ အာဏာတော်ကို ကျူးလွန်ဖြစ်၊ လူကတော့ ငါးပါးသီလ ဆိုတာဟာ မြတ်စွာဘုရားရဲ့ အာဏာမဟုတ်ဖူး၊ ကမ္ဘာကလာတာ ဒါကြောင့်လို့ဘဲ။

တော်။ ။ဒါကြောင့်လဲ အာဏာဝီတိက္ကမန္တရာယ် ဖြစ်ထာပေါ့။

နုပ်။ ။ဒါပေါ့ဘုရား၊ သို့ပေမဲ့သီလဆိုတာ လူမဆို ရဟန်းမဆို စောင့်ထိန်းထားအပ်တဲ့ ကျင့်ဝတ်ကြီးပေကိုး၊ တရားအားမထုတ်မိ ကျူးလွန်မိခဲ့လို့ သီလမလုံပေမဲ့ အားထုတ်မယ်လို့ဆုံးဖြတ်ပီး၊ ခန္ဓာကိုယ် ငြိမ်သက်ထာနဲ့ ကာယကံ ဝစီကံ မလွန်ကျူးတာဟာ လူ့အတွက်တော့ သီလဘဲ၊ အရက်သောက်လာပြီးမှ ရဟန္တာဖြစ်တဲ့ သန္တတိအမတ်ကြီးတို့ ပန်းဖိုးငွေ နေ့တိုင်းခိုးပြီးမှ သောတာပန်ဖြစ်တဲ့ ခုဇ္ဇုတ္တရာတို့လဲ ကြိုတင်သီလ ဘယ်မှာလုံလို့လဲ၊ နောက်ပီး သံကိစ္စ သာမဏေကို သတ်မယ်လုပ်တဲ့ခိုးသားငါးရာ ရဟန္တာတွေဖြစ်တော့ ကြိုတင်သီလ ဘယ်မှာလဲ၊ မဟာတိဿ သတ်မဲ့ ခိုးသားငါးရာတို့ ရဟန္တာ ဖြစ်တော့ကော ကြိုတင်သီလရှိလို့လား၊ ဘုရားကို တညလုံးနှိပ်စက်တဲ့ အာဠဝကရဲ့ သောတာပန်အတွက် ကြိုတင်သီလကကော ဒါတွေပြောရရင်အများကြီးပါ။

တော်။ ။တော်ပါတော့ တကာကြီးရယ်၊ အခု ဦးဇင်းစဉ်းစားကြည့်တော့ မှန်နေတယ်၊ ရဟန်းအတွက်တော့ ကြိုတင်သီလ အမှန်လိုတယ်နော်။

နှုပ်။ ။ဒါဟုတ်တယ် ရဟန်းက ဘုရားရဲ့ အာဏာတော်အောက်မှာကိုး။

## ခန္ဓာမညီ-ဝေဖန်မိ

တော်။ ။ဒါဖြင့် ဒီသမ္မာဒိဋ္ဌိ ခေါင်းဆောင်မှု အောက်မှာ မဂ္ဂင်ရှစ်ပါး အားလုံး ပါဝင်သွားတာမို့ မြတ်စွာဘုရားဟာ သမ္မာဒိဋ္ဌိကို ရှေးဦးစွာ ဟောတယ်ဆိုတာ တော်တော့ကို ခိုင်လုံ ပြည့်စုံပါတယ်၊ ဦးဇင်း အနေနဲ့ကတော့ သီလ-သမာဓိ-ပညာ အစဉ်အလာ အသုံးအစွဲကလဲလို့ ဒီလိုသဘောမပေါက်ခဲ့ကြောင်း ဝန်ခံပါတယ်။ အလုပ်သဘော လိုအပ်မှုဘဲလို့ ထင်ပါတယ်။

နှုပ်။ ။ဝမ်းသာပါတယ်ဘုရား၊ စိတ်ပါဝင်စားတဲ့ အရှင်ဘုရားအတွက်တော့ တပည့်တော်က သာသနာအတွက် တအား တက်ပါတယ်၊ လေ့လာပါ၊ ကိုယ်တိုင် သိလာမှာပါ၊ နောက်ပြီး အင်္ဂုတ္တိုရ်လား၊ ပဏ္ဏာသလား မမှတ်မိဘူး၊ အဋ္ဌကထာမှာ သမ္မာဒိဋ္ဌိသည် ဘုရင်နဲ့တူကြောင်း၊ ဘုရင် ထွက်လာရင် ဘယ်သူ့မှ စောင့်ဖို့မလိုဘဲ၊ အမတ်ကြီးတို့ အတွင်းဝန် အပြင်ဝန်တို့ ပုရောဟိတ်တို့ သေနာပတိတို့ အားလုံးဟာ နေရာယူပြီး ဖြစ်ရတဲ့ အကြောင်း ဖော်ပြထားတာတွေ့ရဖူးတယ်၊ ဒါကြောင့် ခန္ဓာမှာ အမှန်သဘောကိုသိတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်လာရင် ကျန်တဲ့မဂ္ဂင် ၇ လုံးဟာ သူ့နေရာနဲ့သူ နေရာယူပြီးသား ဖြစ်ရမယ် ဆိုတာ အရှင်ဘုရား အလုပ်သဘောနဲ့ ဝေဖန်ကြည့်ပေါ့ဘုရား။

တော်။ ။ဒီနေရာမှာ ဦးဇင်း နဲ့နဲ ဆင်ခြင်ကြည့်တယ်၊ ပရိယတ္တိလို စာလို ဒေသနာအနေနဲ့သာ သဘောပေါက်ပြီး၊ အလုပ်လက်တွေ့ သဘောမပေါက်ရင် အမှန်ကို မသိဘူးနော်၊ တချို့ကလဲ အလုပ်သာဇွတ်ကိုင်ပြီးဒေသနာသဘောမပေါက်ပြန်ရင်လဲ ခက်အုံးမှာဘဲ၊ ဒီတော့ ကိုယ်က ဒေသနာသဘောလောက်သာ သိပြီး၊ အလုပ်လက်တွေ့ မရှိသေးဘဲနဲ့ ဝေဖန်မိရင် အခုဒီစာအုပ်ကို သဘောမပေါက်လို့ ဦးဇင်းဝေဖန်မိသလို ဖြစ်မှာဘဲ၊ သတိထားဖို့ ကောင်းလိုက်ထာနော်။

နုပ်။ ။သာဓုပါဘုရား။ တကယ်တပည့်တော်တို့ ဆင်ခြင်မိတာက ဒေသနာနဲ့ အလုပ်နဲ့ဟာ တထပ်ထဲဘဲဘုရား့၊ ဒီခန္ဓာအကြောင်းသိဖို့ တရားရှာလာတဲ့ အလောင်းတော်ဟာ ခန္ဓာအကြောင်း အရင်သိတာဘဲ၊ နောက်ကုန်စင်အောင်သိပြီး၊ဘုရားဖြစ်ပြီးမှ ခန္ဓာ အကြောင်းမှန်တွေ ပြန်ပြောတာကို ဒေသနာရယ်လို့ ဖြစ်လာတာဘဲ မဟုတ်လား၊ ဒီတော့ တထပ်ထဲတမျိုးထဲဘဲဘုရား့၊ သို့ပေတဲ့ ဒေသနာလောက် လေ့လာတဲ့ ပုဂ္ဂိုလ်ကလဲ မြတ်စွာဘုရားရဲ့ ဆိုလိုချက် အဓိပ္ပါယ်ကို ဉာဏ်မမှီတော့ အလုပ်လက်တွေ့လုပ်တဲ့ လူကိုဝေဖန်တာဘဲ၊ အလုပ် လုပ်တဲ့လူကလဲ လုပ်ဟဲ့ လုပ်ဟဲ့နဲ့ ဘယ်ဒေသနာကိုမှ ဂရုမပြုဘဲ၊ အလုပ်သာ အဓိက အလုပ်သာ အရေးကြီးတယ်ဆိုပီး ဇွတ်လုပ် ဇွတ်ပြော၊ အဲဒီဟာတွေဟာ ဘယ်ကိုရောက်လို့ ဘာတွေဖြစ်နေမယ်ဆိုတာ အရှင်ဘုရား ဝေဖန်ပေတော့။

တော်။ ။ဦးဇင်းအမြင်တော့ ဒေသနာနဲ့ အလုပ်မညှိရင် မှားကုန်မှာဘဲ၊ စိတ်လေးစရာဘဲ တကာကြီးရာ၊ ဦးဇင်းအမြင်

ကတော့ အလုပ်လက်တွေ မရှိသေးရင် မဝေဖန်တာ အကောင်း ဆုံးဘဲထင်တယ်။

နှိပ်။ ။ဒီလိုဘုရား၊ ပရိယတ်တတ်လာတဲ့ အရှင်ဘုရားတို့လို ပုဂ္ဂိုလ်တွေက အလုပ်လက်တွေ လေ့လာလုပ်ကိုင်ပြီး သာသနာ ပြုပေါ့ဘုရား၊ ဒီတော့ ငါတို့မှ အလုပ်မရှိသေးလို့ မဝေဖန်ဘဲ ကြောင့်ကြမဲ့ နေလိုက်ကြရင် သာသနာတော့ သွားရော့ဘဲ။

တော်။ ။ကဲဗျာ အဲဒါ နောက်မှပြောပါ၊ မဇ္ဈိမပဋိပဒါ ဆက်စမ်းပါအုံး။

နှိပ်။ ။တပည့်တော် လျှောက်တဲ့အတိုင်းသမ္မာဒိဋ္ဌိဆိုတာက ခန္ဓာရဲ့ပင်ကိုယ်သဘော အမှန် ရုပ်နာမ်ကို အမှန်အတိုင်း ဉာဏ် မြင်တာလို့ လျှောက်ခဲ့ပြီ၊ အဲဒီဉာဏ်က ခန္ဓာရဲ့ သဘောကို ဖြေ ဖောက်ပြန်နေတဲ့သဘောတွေ၊ ပြောင်းလဲနေတဲ့သဘော တွေ၊ ထိခိုက်နေတဲ့သဘောတွေ၊ နှိပ်စက်နေတဲ့သဘောတွေ၊ပြိုကွဲ နေတဲ့သဘောတွေပါလားလို့ (အဋ္ဌကထာပြ ၅ ချက်) သိနေတာ ပေါ့၊ တကယ်တော့ ဘယ်လိုဖြစ်နေနေ ခန္ဓာရဲ့ သဘောဟာ မတည်မငြိမ် ဖောက်ပြန်နေတာတွေဘဲလို့ သိနေရတာပေါ့။

တော်။ ။ပူတယ်၊ အေးတယ်စတဲ့သဘောတွေ မမှတ်ရဘူး၊ ဒါတွေဟာလဲ ဖောက်ပြန် နေတာဘဲလို့ တမျိုးထဲဘဲ မှတ်နေရ မလား၊ ဒိပြင် ဘာမှ မမှတ်ရဘူးလား။

နှိပ်။ ။မှတ်နေရတာ မဟုတ်ဘူး၊ သိနေရတာပါ၊ ဖောက် ပြန်တတ်တဲ့ သဘောသာရှိတဲ့ ဒီခန္ဓာမှာ ဒိပြင် ဘာသိစရာ ရှိသေးလို့လဲ ပရမတ်ဆိုတာ ဟိုဟိုဒီဒီ မပြောင်းလဲတတ်လို့

မြင်တယ်ဆိုမဟုတ်လား၊ အခု ပရမတ်ရဲ့ သဘောတရား ဖေါက်ပြန်မှုဘဲလို့ သိနေမှဘဲ၊ ဒိပြင် ဘာမှ သိစရာ မရှိပါဘူး၊ အရှင်ဘုရားကိုယ်တိုင် နှလုံးသွင်းကြည့်ရင်လဲ ဒါဘဲ သိနေမှာဘဲ။

တော်။ ။အဲဒီတော့ ဒီဖေါက်ပြန်မှုကိုဘဲ တသိထဲသိထားတယ်ဆိုပါတော့။

နုပ်။ ။အရှင်ဘုရား၊ ဒီလိုသိတာဟာ တနေရာရာမှာ စိတ်ထားပြီး သိတာဖြစ်ပါလိမ့်မယ်၊ တပည့်တော် လျှောက်ချင်တာက ခန္ဓာတခုလုံးရဲ့ သဘောကို ရှုနိုင်ဖို့ဖြစ်တော့ တကိုယ်လုံးအနှံ့အပြား အသိလိုက်ရလိမ့်မယ်ဘုရား။

တော်။ ။သြော်-တကိုယ်လုံးလဲ ဒီသဘောသာ ဘဲလို့ သဘောပေါက်အောင်ပေါ့နော်။

နုပ်။ ။မှန်ပါ-တကိုယ်လုံးရဲ့ သဘောဟာလဲ ဒါပါဘဲလားလို့ အထပ်ထပ် အခါခါသိလာတော့ ဖေါက်ပြန်မှု သိမှုဘဲလို့ ရုပ်နာမ်ကွဲလာတာပေါ့။

## အသိသစ်ပဲ-ရုပ်နာမ်ကွဲ

တော်။ ။သြော်-ရုပ်တခြားကွဲလာမယ်ဆိုပါတော့။

နုပ်။ ။ဒီရုပ်နာမ် ကွဲတယ်ဆိုတဲ့ စကားဟာ အတော်ခက်တယ်ဘုရာ့၊ တချို့က ဖေါက်ပြန်တာကရုပ်တရား၊သိတာက နာမ်တရား၊ ဖေါက်ပြန်တာနဲ့ သိတာနဲ့ တခြားစီကွဲတာဟာ ရုပ်နာမ်ကွဲတယ်လို့ ဆိုကြတယ်၊ ဒါသဘောတရား အနေနဲ့ နကိုယ်ထဲက တခြားစီဘဲ ကွဲပြီးသား ဉာဏ်ကွဲဖို့သာ လိုပါတယ်။

တော်။ ။ရူပံ-ရုပ်သည်၊ အညံ-တပါးတခြား၊ နာမံ-နာမ်သည်၊ အညံ-တပါးတခြားလို့ ဝိသုဒ္ဓိမဂ်ကဆိုပါလား။

နုပ်။ ။အဲဒါ သဘောတရားကို ပြောတာ ဒီအသိရဖို့ ယောဂီရဲ့ဉာဏ်မှာကတော့ အဲဒီဝိသုဒ္ဓိမဂ် နာမရူပ ပရိစ္ဆေဒကထာမှာကြည့်ပါ၊ 'နာမရူပမတ္တတော' စသည်ဖြင့်'သိသဘော'ဖေါက်ပြန်သဘောကလွဲလို့ တပါးတခြားသောလူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်,သတ္တဝါဆိုတာသည် လုံးဝမရှိဘူးလို့ ကိုယ့်ဉာဏ်ကိုယ့်အသိနဲ့ ဆုံးဖြတ်နိုင်ရင် ရုပ်နာမ်ကွဲပြီ၊ တနည်း နာမ်ရုပ်ဆိုတဲ့ ပရမတ်နဲ့ လူနက်ဆိုတဲ့ပညတ် တခြားစီလို့ သိပြီတဲ့။

တော်။ ။တကာကြီးဆီက ကြားရတာတွေဟာ တမျိုးလေးတွေဘဲဗျာ။

နုပ်။ ။မမှန်ရင် အရှင်ဘုရား တပည့်တော်ကို မကြည့်နဲ့ ဘုရားကိုသာ ကြည့်ပြီး ဝေဖန်ပါ။

တော်။ ။မမှန်လို့ မဟုတ်ပါဘူး၊မကြားဖူးရသေးတဲ့ အမှန်ကလေးတွေမို့ပါ။

နုပ်။ ။အဲဒီလို ဖေါက်ပြန်မှု သိမှုတို့ ပေါ်မှာ ဒီသဘောသာ ရှိတယ်လို့ ယုံကြည်လာတဲ့ ယောဂီရဲ့အသိဉာဏ်ဟာတခြားဘာကိုမှ အာရုံမပြုတော့ဘူး၊ ဒီသဘောဒီအသိချည်းဘဲ ဖြစ်နေချိန်မှာ'ယထာဘူတဉာဏ်-ဓမ္မဋ္ဌိတိဉာဏ်' ဆိုတာပေါ့ဘုရား ဒီလိုပညတ်မပါတဲ့ ခန္ဓာရဲ့ သဘောတရား အပေါ်မှာသာ အသိကရောက်ရှိ ကျက်စားနေတော့ ဒီခန္ဓာရဲ့ ဖေါက်ပြန်မှု သဘောတရားလေးတွေဟာ သူတို့ရဲ့လမ်းစဉ်အတိုင်း တရိပ်ရိပ် တရှိန်ရှိန် တသုတ်သုတ်နဲ့ ပျက်ပျက်သွားတာ သိရတော့တာပေါ့။

တော်။ ။ဩော်–ဒီဖေါက်ပြန်တာကို သိတဲ့အနေက ပျက်ထာကို ပြောင်းသိသွားသလား။

နုပ်။ ။ဟာ—ဘာဟုတ်မလဲ ကိုယ်တော်၊ဒီလိုကိုယ်က ရှုချင်သလို ပြောင်းရှုရင် လုပ်ယူတဲ့ သဘော ရောက်သွားမှာပေါ့၊ လိုချင်လို့ လုပ်ယူရင်တော့ မဇ္ဈိမပဋိပဒါနဲ့ ဆန့်ကျင်သွားမှာဘဲ၊ ဝိပဿနာရှုတာကိုက 'ပစ္စုပ္ပန္နဉ္စ ယောဓမ္မံ တတ္ထတတ္ထဝိပဿတိ' ဖြစ်ခိုက်ဖြစ်ဆဲ သိခိုက်သိဆဲ ရှုရတာဘဲ၊ ရုပ်နာမ်ဆိုတဲ့ သဘောတရားဟာ သူ့ဟာသူ သူ့ကိစ္စသူလုပ်နေတာ၊ ဉာဏ်က အလိုက်သင့် သိသွားရုံဘဲ၊ ဒါကို'ဘူတံဘူတတောပဿတိ'လို့ ဋီကာဝုတ်မှာ ဟောတာပေါ့။

တော်။ ။ဒါဖြင့် ရုပ်နာမ် သဘောတရားက အရှုခံ့ရှုသွက်ဆိုပါတော့၊ ဉာဏ်က သူ့သဘောကို သိနေရုံကလွဲလို့ ဘာမှ မလုပ်ရဘူးပေါ့။

နုပ်။ ။မှန်တယ် ဦးဇင်းက အဲဒီလို ရှုနေသိနေတယ်ဆိုပါတော့ အဲဒီလို'ယဒါပဉ္ဉာယပဿတိ' ပရမတ်ကို သိနေတဲ့အချိန် သာယာစရာ, နှစ်သက်စရာ, သဘောကျစရာများ ရှိနေမယ်ထင်သလား။

တော်။ ။ဟာ-သာယာစရာ-နှစ်သက်စရာမရှိတဲ့ သဘောတရားပျက်ထာသာ သိနေရတာကိုး။

နုပ်။ ။ဒီတော့ ဒီအချိန်မှာ ကာမသုခလ္လိက လွတ်မနေဘူးလား။

တော်။ ။မှန်တယ် လွတ်နေတယ် မဲဖြစ်ဖူး။

နုပ်။ ။နောက်ပီး ဒီအသိရှိနေချိန်ဟာ တရားသဖြင့်အမှန်ရှိနေတဲ့ သဘောတရားကိုသာ သိနေရလို့ ပညတ်အာရုံဖြစ်တဲ့ ပြစ်မှားမှု,ဖျက်ဆီးမှု,ညှင်းပန်းမှုများ ဖြစ်နေမလား။

တော်။ ။ဒါလဲ သဘောတရား တခုထဲသာ သိနေရလို့ ဒါတွေ မဖြစ်ပါဘူး။

နုပ်။ ။ဒါဖြင့် ကိုယ်စိတ်ညှင်းဆဲပြစ် အတ္တကိလမထကော မလွတ်ဖူးလား။

တော်။ ။လွတ်တယ် ဟုတ်တယ်။

နုပ်။ ။ဒီအစွန်း ၂ ပါးလွတ်ရင် မဇ္ဈိမပဋိပဒါ မကျဘူးလား။

တော်။ ။ဟုတ်ပ ဟုတ်ပ ဒီလိုကိုး။

နုပ်။ ။နောက်ပြီး အရှင်ဘုရားက ဒီဖေါက်ပြန်မှု သဘောတရားလေးတွေရဲ့ ပျက်ပျက်နေတာကို ဉာဏ်က အလိုက်သင့် သိနေရတာဟာ ချမ်းသာခံစားနေရတယ်ထင်သလား။

တော်။ ။ချမ်းသာခံစားစရာလဲ မတွေ့ပါလား။

နုပ်။ ။ဒါဖြင့် ဆင်းရဲခံစားနေတာလား။

တော်။ ။ဆင်းရဲခံစားနေရတာလဲ မဟုတ်ဖူး။

နုပ်။ ။ဒါဖြင့် ဘာမှ မခံစားဘဲ မေ့နေသလား။

တော်။ ။မမေ့ဘူးလေ သိစရာရှိတဲ့ သဘောတရားကို သိနေတာဘဲ။

နုပ်။ ။အဲဒါဟာ 'ဒုက္ခာဘာဝေနအဒုက္ခံ-သုခါဘာဝေန အသုခံ'ဆိုတဲ့ ဥပေက္ခာ ရှုပီးသားဖြစ်မနေဘူးလား၊ အဲဒီသာယာ

ဖွယ်–မသာယာဖွယ်လွတ်တဲ့'မဇ္ဈိမ'ရယ်၊ ချမ်းသာဆင်းရဲမပါတဲ့ ဥပေက္ခာရယ် တချက်ထဲ ဖြစ်တဲ့အတွက် ဥဒါန်းအဋ္ဌကထာက 'မဇ္ဈတ္တုပေက္ခာ'ဆိုတာ ဒါဘဲတဲ့ဘုရား။

တော်။ ။တကာကြီးရေ–ဦးဇင်း ထပ်းတော့သာ ခုန်ချင် တော့တာဘဲ၊ ဝမ်းသာလိုက်ထာဗျာ သဘာဝကျလွန်းလို့။

နုပ်။ ။မြတ်စွာဘုရားရဲ့ တရားတော်ဘဲ သဘာဝကျတာ ချည်းပေါ့၊ ကိုယ်ကဉာဏ်မမှီရင်သာ ဒီသဘာဝကို မသိတာကိုး၊ ကိုယ့်ဉာဏ်နဲ့ ထောက်မှီတာနဲ့ သဘာဝကျတာနဲ့ဘဲ။

တော်။ ။ဒီတော့ကာ ဦးဇင်း မပြေလယ်တဲ့ ဥပေက္ခာလဲ ပြေလယ်သွားဘီ၊ သဘောပေါက်သွားဘီ၊ တရားအားထုက်တဲ့ ကိစ္စမှာ ဒီလို မရှုနိုင်ရင် ဒီဉာဏ်ကိုမှ မရောက်ရင် ဦးဇင်းတော့ လက်မခံနိုင်ဘူး၊ မြတ်စွာဘုရားရဲ့ အစွန်းလွတ်တဲ့ မဇ္ဈိမပဋိပဒါ ကိလေသာမကပ်တဲ့ ဥပေက္ခာ ဖြစ်အောင် ရောက်အောင် ရှုနိုင်မှသာ ဖြစ်မှာဘဲလို့ ဦးဇင်းတော့လုံးဝယုံကြည်သွားပြီ၊တကာကြီး ကို ကျေးဇူးတင်လိုက်ထာဗျာ။

နုပ်။ ။တပည့်တော်က အရှင်ဘုရားကို ကျေးဇူးတင်ရမှာ ပါ၊ သိချင်တဲ့ မပြေလယ်တဲ့ ကိစ္စကို ပြေလယ်အောင်မေးလို့ တပည့်တော်လဲ ရှင်းပြရလို့ ဝမ်းသာတယ်၊ ကျေးဇူးတင်ပါတယ် ဘုရား၊ ကဲ–ကျန်တဲ့ ဒုက္ခဝေဒနာဆက်ကြအုံးစို့။

# ဆင်းရဲမရှု–ပညတ်မှု

တော်။ ။တော်ပါပြီ တကာကြီးရာ–တကာကြီးလဲ မောရော့မယ်၊ ပင်ပန်းလှပါဘီ၊ ဒုက္ခဝေဒနာကို မေးဖို့တောင် မလိုတော့ဘူး၊ ဥပေက္ခာနဲ့ဘဲ အားလုံးရှင်းသွားလို့။

နှုပ်။ ။ကိစ္စမရှိပါဘူး၊ တပည့်တော်က တရားသာ ဆွေးနွေးရလို့တော့ ဘယ်တော့မှ မမောဘူး၊ အခုမှ ကလောရောက်သေးတယ်၊ အချိန်ရှိပါသေးတယ်ဘုရာ့၊ အဲ နဲနဲတော့ ညောင်းလို့ လှဲခွင့်ပြုပါဘုရာ့။

တော်။ ။အိုတကာကြီးသက်သာသလိုသာနေပါ ပြဿနာအနေနဲ့တော့ သတ်သတ်မမေးပါဘူး၊ တကာကြီးကသာ ဟောပါ၊ ဦးဇင်း မရှင်းတာလေးလောက်ပဲမေးပါရစေ။

နှုပ်။ ။အခုန အလုပ်လက်တွေ့ သဘောတရားတွေရဲ့ဖြစ်မှုပျက်မှုတွေကိုသာမျက်ခြေမပြတ် ရှုနေ,သိနေတဲ့ ယောဂီဟာဒီရုပ်နာမ်ခန္ဓာရဲ့ပျက်ပျက်နေလို့ မမြဲပုံဆင်းရဲပုံအစိုးမရပုံတွေကိုအသိများလို့ ရင့်လာတဲ့ဉာဏ်ဟာ ခန္ဓာအကြောင်း ကောင်းကောင်းသိလာတယ်၊ သံသရာအကြောင်း ကောင်းကောင်းမြင်လာတယ် မိလိန္ဒပဉှာမှာ–'အသရဏော–အတာဏော–ဘဝေသုအရတိ' မိမိခန္ဓာကအစဘုံသုံးပါးမှာ ပုန်းအောင်းစရာ,မှီခိုစရာ,တွယ်တာစရာမရလို့ ငြီးငွေ့လာတဲ့ အကြောင်း ဟောတယ်၊ ဘုရားကလဲ 'အထနိဗ္ဗိန္ဒတိဒုက္ခေ'တဲ့တွေ့ရသိရတဲ့ သဘောကိုက သာယာစရာ

တွယ်တာစရာ ဖြစ်မလာတော့ဘဲကိုး၊ အားလုံးဉာဏ်ရဲ့ မြင်ကွင်းဟာ အပျက်ချည်းဘဲဖြစ်နေတော့ ဒီအသိဉာဏ်ဟာ ဆင်းရဲလာတယ်။

တော်။ ။နို့–ဒုက္ခသစ္စာဆိုတာ ဘယ်အခါဖြစ်မှာလဲ။

နုိ်ပ်။ ။သစ္စာဆိုတာက ပဋိဝေဓကိစ္စဘဲ တဖြေးဖြေးနဲ့ အသိဉာဏ်ထိုးထွင်းလာမှာပေါ့။

တော်။ ။မဟုတ်ဖူးလေ၊ အသိဉာဏ်ရင့်လာတော့ ဒုက္ခတွေ များများတွေ့မလာဘူးလား။

နုိ်ပ်။ ။ဟော–အရှင်ဘုရား သဘောပေါက် သလိုလို့နဲ့ ဒုက္ခဝေဒနာကို ပြောပြန်ဘီ။

တော်။ ။သဘောပေါက်ပါတယ်၊ဉာဏ်ကတော့ ဥပေက္ခာ ရှုနေလို့ ကိစ္စမရှိဘူးပေါ့၊ ရှုကွက်ခန္ဓာက ဒုက္ခဝေဒနာတွေ တက်တက်မလာဘူးလားလို့ မေးတာ။

နုိ်ပ်။ ။ဒီရုပ်နာမ်ဆိုတဲ့ ဖေါက်ပြန်ဖြစ်ပျက်နေတဲ့ ပရမတ် အပြင် ဘယ်ဒုက္ခက တက်လာရအုံးမှာလဲ။

တော်။ ။မဟုတ်ဖူးလေဖေါက်ပြန်တတ်တဲ့ပရမတ်သဘော ဖြစ်ပျက်ကို အရှုကြာလာတော့ ဥပမာဗျာ-ညောင်းလာမယ် ကိုက်လာမယ်ဆိုတော့–

နုိ်ပ်။ ။အဲဒီအချိန်မှာ အရှင်ဘုရားရဲ့ အသိဉာဏ် ဘယ် ရောက်နေမယ်ထင်သလဲ။

တော်။ ။အဲဒီလိုဖြစ်တယ်ဆိုတော့ အဲဒီဆီဘဲ ရောက်မှာ ပေါ့။

နုပ်။ ။အဲဒီ ဒုက္ခပေါ် ရောက်နေရင် အရှင်ဘုရား အသိဟာ ဥပေက္ခာဖြစ်ပါ့မလား။

တော်။ ။အင်း–ဥပေက္ခာ မဖြစ်တော့ပါလား။

နုပ်။ ။နောက်ပြီးအအတ္တစွန်းလွတ်ပါ့မလား။

တော်။ ။အင်း–ဒါလဲ မလွတ်ဖူး။

နုပ်။ ။ဒီလိုဆိုရင် မဇ္ဈိမပဋိပဒါ ကျ,မကျ။

တော်။ ။မကျတော့ဘူးပေါ့။

နုပ်။ ။မကျရင် ဒီအသိမမှန်ဖူး–ဒီအလုပ်မဟုတ်ဖူး။

တော်။ ။ဟာ–အခုနတော့ နေရာအကျသား အခုမှ ခက် ပြန်ဘီ။

နုပ်။ ။တပည့်တော် အထင်လျှောက်ရရင် အရှင်ဘုရား လုပ်ဖူးတဲ့ တရားအစွဲကလေး ပါလာလို့ မဟုတ်လား။

တော်။ ။အစွဲတော့ မပါပါဘူး သဘောမလယ်တာပါ။

နုပ်။ ။အခုန အရှင်ဘုရား ပြောတဲ့ ဒုက္ခဟာ ဘယ်ကလာ သလဲ၊ ကြာကြာတ္တရှိယာပုထ် မပြောင်းတဲ့ဆီက လာတာနော်၊ ကြာကြာနေရင် ဒီခန္ဓာဟာ ဒီလိုဖြစ်တတ်ထာကို သိသားနဲ့ ဘာလို့ကြာကြာထိုင်မလဲ၊ ဒီခန္ဓာဟာ အမြဲ ပြုပြင် ပြောင်းလဲ ပေးနေရတဲ့ ခန္ဓာဆိုတာ သိသားနဲ့ ညောင်းလာအောင် ကိုက်လာ အောင်ထိုင်တာကိုက ဒီဒုက္ခကိုလိုချင်လို့ ရှာယူတာလုပ်ယူတာနဲ့ မတူဘူးလား။

တော်။ ။ဒါဖြင့် ဘယ်လိုလုပ်ရမလဲ။

နုပ်။ ။'ဝေဒနံဝိကၡမ္ဘေတ္ဘ'အရ ဒီဆင်းရဲခံစားမှု မဖြစ်အောင်ရှုပေါ့၊ မရရင် နေရာပြင်ပေးပေါ့၊ ဒါမှမဟုတ်ရင် ရှုနိုင်တဲ့ ဣရိယာပုထ်လေးပါးတောင်ဘဲ ပြောင်းရှုပေါ့။

တော်။ ။ပြောင်းလိုက်ပြင်လိုက်လို့ ဒီဒုက္ခပျောက်သွားရင် ဘယ်အချိန် ဒုက္ခသစ္စာဖြစ်မလဲ။

နုပ်။ ။အရှင်ဘုရားဟာ ဒီဒုက္ခဝေဒနာကို ဒုက္ခသစ္စာ ထင်နေတာ သိပ်ကို ဝမ်းနည်းဖို့ကောင်းတယ်၊ ကဲ–ဘုရာ့ ဒုက္ခသစ္စာ ဆိုတာ ဆင်းရဲအမှန်လို့ ဆိုတော့ အခုန ဒုက္ခတွေဟာ အဲဒီလို ပြင်လိုက်ပြောင်းလိုက်တော့ သူရှိသေးသလား၊ ဒီဆင်းရဲတွေ–

တော်။ ။မရှိတော့ဘူး။

နုပ်။ ။ဒါဖြင့် ဘယ်မှာ အမြဲဆင်းရဲနေလို့လဲ၊ ဘယ်မှာ အမှန်ဆင်းရဲနေလို့လဲ။

တော်။ ။အင်း–ပျောက်သွားတာကိုး ပျက်သွားတာကိုး။

နုပ်။ ။ဒုက္ခသစ္စာ ဆိုတာ(ပြောရမှာကလဲ ဘုန်းကြီးစာချ ဆိုတာလို)သိတဲ့ပုဂ္ဂိုလ်ကို ပြောနေရတာ။

တော်။ ။ပြောသာပြောပါ တကာကြီးရာ ဦးဇင်းမှ မသိဘဲကိုး။

နုပ်။ ။ဒုက္ခဆိုတာက–ဆင်းရဲတာ၊ သစ္စာက–မှန်တာ ဆိုတော့ ဆင်းရဲအမှန်၊ ဘယ်တော့ ဘယ်အခါမှ ချမ်းသာတယ် သက်သာတယ်မရှိတာမှ အမှန်ဆင်းရဲ၊ အမြဲဆင်းရဲ၊ ဘယ်လိုမှ ပြုလို့ပြင်လို့မရတာ ဒုက္ခသစ္စာ၊ အခု တပည့်တော်လျှောက်တဲ့ ဖေါက်ပြန်တတ်တဲ့သဘောဟာဘယ်နေရာကြည့်ကြည့်ဘယ်တော့

ကြည့်ကြည့်အသိဉာဏ်သာ ပါလို့တော့ ပျက်နေတဲ့ သဘော ချည်းတွေ့နေမှာဘဲ။

တော်။ ။ဟုတ်တယ်-ပျက်နေတဲ့ အနိစ္စတော့ တွေ့တယ်၊ ဆင်းရဲတဲ့ ဒုက္ခကိုပြောတာ။

နုပ်။ ။ခန္ဓာရဲ့ဒုက္ခဆိုတာက အဲဒီ ပျက်နေတဲ့ သဘောကို ကြည့်နေရင် 'ဥဒယဗ္ဗယ ပဋိပီဠနဋ္ဌေန-ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ်မပြတ် နှိပ်စက်အပ်သည်၏အဖြစ်ကြောင့်၊ ဒုက္ခာတိ-ဆင်းရဲဟူ၍၊ ဒုက္ခလက္ခဏံ-ဆင်းရဲတဲ့လက္ခဏာကို၊ အာရောပေတိ-တင်၏'လို့ ဆိုပါတယ်၊ နောက်ပီးမြတ်စွာဘုရားက 'ယံအနိစ္စံ-တံဒုက္ခံ' လို့ ဟောတယ်မဟုတ်လား၊ ဒီအနိစ္စဆိုတဲ့ ပျက်နေခြင်းသည် ပင်လျှင် ဆင်းရဲတဲ့။

တော်။ ။ဒါဖြင့် ဒီအပျက်ကို မြင်နေရင် သူဟာ ဆင်းရဲတယ်လို့ ပြောင်းရှုရမှာလား။

နုပ်။ ။ဟော-ဦးဇင်း လုပ်ပြန်ပီ၊ ဒီလို မဟုတ်ဖူးလေ၊ ဝိပဿနာရှုတဲ့ ယောဂီဟာ သူ့ဟာသူဉာဏ်သိသွားတာကလွဲလို့ ဘာမှလုပ်မယူရဘူး၊ စိတ်ကူးမထည့်ရဘူး၊ ဒီအပျက်ကို သိနေရင် ကိုယ်သိတဲ့အတိုင်း ဆက်သာသိရမှာပါ၊ ဒါကြောင့် ပရမတ္ထဒီပနီဋီကာမှာ 'ဝိသေသတောပန ဣမသ္မိံ ဉာဏေ အနိစ္စလက္ခဏာ ဒဿနမေဝ ပဓာနံ'လို့ဆိုတာပေါ့ 'ဒီဝိပဿနာ ဉာဏ်အရာမှာ အထူးသဖြင့် အပျက်ကို မြင်တာသာလိုရင်းပဓာနဖြစ်တယ်' တဲ့ ဒီအပျက်ကိုသာသိနေရင် ကျန်တဲ့ဒုက္ခ-အနတ္တတို့ဟာ သူ့ဉာဏ် ရောက်သလို သိသွားမယ်တဲ့ဘုရား။

တော်။ ။ဒါဖြင့် ဦးဇင်း တို့က ဒီဒုက္ခဆိုတဲ့ ဆင်းရဲကို မသိမချင်းအပျက်သာဆက်ရှုနေရမယ်ပေါ့။

နုပ်။ ။ဒါတော့ ဟုတ်တယ် ဖြစ်ရတဲ့သဘောက တပည့်တော်တို့ ရှုနေတဲ့အခါမှာ ပျက်နေတယ်, ပျက်နေတယ်လို့ သိတဲ့ အသိဟာ သိဖန်များလာတော့ ဆက်သိရမှာကို ဝန်လေးနေတတ်တယ်၊ သိလဲဘဲ အပျက်ကလဲလို့ ဘာမှမရှိဘဲကိုး၊ ဒီတော့ မိလိန္ဒပဥှာမှာ အရှင်နာဂသိန်က ‘ဒီသဘောတွေဟာခန္ဓာသင်္ခါရကြောင့်ဖြစ်ထာဘဲ၊ ဒီခန္ဓာသင်္ခါရတို့မရှိတဲ့သဘောသာလျှင်ချမ်းသာမှာဘဲ’လို့ ယောဂီရဲ့ ဉာဏ်ဟာဖြစ်လာသတဲ့၊ တပည့်တော်တို့လဲ ဒီရုပ်နာမ်ခန္ဓာကြောင့် ဒီအပျက်တွေ ဖြစ်နေတာဘဲ ဒီလိုဖြစ်ပျက်ဖြစ်ပျက်နေတာဟာ ‘ဝိပရိဏာမလက္ခဏံဒုက္ခသစ္စံ’ ဆိုတဲ့ တကယ် ဆင်းရဲတာတွေပါလားလို့ သိလာတဲ့အချိန်ဟာဆင်းရဲ အမှန်ဒုက္ခသစ္စာကိုမြင်တာဘဲ၊ ကိုယ်ဆင်းရဲရယ်လို့ မရှုပေမဲ့ယောဂီရဲ့ ဉာဏ်ဟာ ဆင်းရဲကိုဘဲသိနေရတယ် - ဒီခန္ဓာတွင်သာမက၊ သုံးဆယ့်တဘုံ ရုပ်နာမ်ဖြစ်သမျှ ဒီဆင်းရဲ အမှန်ဖြစ် အမှန်ရှိတာဘဲလို့ သူ့ဉာဏ်နဲ့သူ ထိုးထွင်းပြီးသိလာတာဟာ ဒါသစ္စာဆိုတဲ့ အမှန်တရားဘဲ၊ ခန္ဓာမှာမဖြစ်ပဲ ဉာဏ်မှာ ဖြစ်တဲ့ဒုက္ခနော်၊ ဒါမှ သစ္စာထိုက်တဲ့ အမှန်ဆင်းရဲဘဲ၊ ခန္ဓာမှာဖြစ်တဲ့ ဒုက္ခမျိုးကတော့ ဒီစာအုပ်ထဲမှာ အရှင်ဘုရားတွေပါလိမ့်မယ်၊ အဲဒါတွေဟာ ပညတ်ဒုက္ခတွေဖြစ်လို့ ဝိပဿနာရှုလို့ မရဘူး၊ ဉာဏ်သိဒုက္ခမှတော့ဘူမကဆိုတဲ့ဝဋ်သုံးပါးလုံးဆင်းရဲမြင်ပြီး လွတ်မြောက်နိုင်တာကိုး။

တော်။ ။မမျှော်လင့်ဘဲ ဒုက္ခသစ္စာလဲ သိလိုက်ရတယ်၊ သစ္စာတရားကိုလဲ ဟောပြပါလို့ တိုက်တွန်းချင်ပေမဲ့ တကာကြီးကို အင်မတန်အားနာလို့နေရတာ၊ ဦးဇင်းရဲ့စိတ်ကို သိတဲ့အတိုင်း တကာကြီးပြောသွားတာ ဦးဇင်းတော့ အံ့သြပါတယ်၊ ဒီစာအုပ်ကိုလဲ သဘောထားပြောင်းပြီး ပြန်ဖတ် ပြန်လေ့လာပါအုံးမယ်။

နှုပ်။ ။ပြန်လေ့လာပါအုံးဘုရား၊ဒါပေမဲ့အရင်ကမကျေနပ်ချင်တဲ့ ဒေါ်သာဂတိနဲ့ လေ့လာသလို၊ အခုလဲ ဆန္ဒာဂတိနဲ့ မလေ့လာမိဖို့တပည့်တော်လျှောက်ပါတယ်၊ ဒီအလုပ်ဟာလုပ်နေတဲ့လုပ်ငန်းသာမဟုတ်၊ လေ့လာတဲ့အခါမှာလဲ အစွန်းလွတ်ဖို့လိုအပ်ပုံါတယ်၊ 'ဒီစာအုပ်ရေးတာ ဘယ်သူလို့ဆိုတာနဲ့ စာကိုမကြည့်သေးဘဲ၊ ပုဂ္ဂိုလ်အရ ဒီစာကို မကြည့်ချင်တာလဲ မဟုတ်သေးဘူးဘုရာ့ ဒါက ဒေါ်သာဂတိကိုး'။

တော်။ ။ဒါဟုတ်တယ် ဦးဇင်းတို့လဲ ဖြစ်ဖူးတယ်။

နှုပ်။ ။ဒီလို ပုဂ္ဂိုလ်မျိုး မဆိုထားနဲ့၊ တပည့်တော်တို့ ပိဋကတ်တော် သင်လာတုန်းကတောင် ပခုက္ကူနည်း ဆိုတော့ အရှင်ဘုရားလဲ သိပါလိမ့်မယ်သင်ရိုးကျောင်းအောင် အဓိကထားပြီး သူ့ထက်ငါ စာဝါ များအောင် လိုက်ကြရတာဘဲ၊ စာအုပ်ကုန်ဖို့ကျမ်းပြီးဘို့သာစိတ်ကထားတယ်သိစရာ, မှတ်စရာ,တက်စရာ ဆိုလို့ ဘာမှသိအောင် တပည့်တော် အနေနဲ့ မကြိုးစားခဲ့ဘူး၊ တရားတော်တွေလို့ လဲသတိမထားခဲ့ဘူးအခုပြန်လေ့လာမှတရားတော်တွေဘဲလို့ သိလာရတာပါဘဲ။

တော်။ ။တကာကြီးနဲ့ တွေ့ရတာ ကျေးဇူးများပါတယ်၊ ဗဟုသုတတွေလဲရပါတယ်၊ ဒီကရှေ့ကိုတော့ တရားဘဲလေ့လာ အားထုတ်ဖို့ ဂရုစိုက်တော့မယ်၊ ဒီနှစ် ဒီဃဘာဏက ဝင်ဖို့ စာကျက်နေတာတောင် မဂင်ချင်တော့ဘူး။

နုပ်။ ။ဟာ–အရှင်ဘုရား မြတ်စွာဘုရားရဲ့တရားတော်တွေ ဟာ ဟိုပထမသံဂါယနာတင်ပီးကထဲက အရှင်မဟာကဿပကြီး အမိန့်နဲ့ ဓမ္မက္ခန္ဓာတွေ မပျောက် ရအောင် နှုတ်ငုံဆောင်ဖို့ တာဝန်ယူလာခဲ့ကြတဲ့ 'ဘာဏက'ပုဂ္ဂိုလ်တွေရဲ့ ကျေးဇူး၊ အခု တပည့်တော်တို့ တွေ့နေ သိနေ အသီးအပွင့်တွေ သုံးဆောင်နေရ တာပေါ့၊ အခုလဲ အရှင်ဘုရားတို့က ခွဲဝေပီး နှုတ်ငုံဆောင်ကြမှ သာသနာအကျိုးဖြစ်မှာ 'ဒီဃဘာဏက'ဆိုတဲ့ သုတ်ပါဠိတော် တွေ ဆောင်တာဟာ လုပ်ငန်းခွင်မှာ အထိရောက်ဆုံးဘဲ၊ စာလဲ ကျက်မြဲကျက်ပါ၊အဲ စာကျက်ချိန်ပို့ချချိန်ပီးပြန်တော့ လွယ်လွယ် ကူကူနဲ့ ဒီတရားကို နှလုံးသွင်း ဖြစ်အောင်လဲသွင်းပါ၊ဒါက မမေ့ ကောင်းတဲ့အလုပ်ပဲ။

တော်။ ။ကဲ–ဟဲဟိုးလဲ လွန်လာဘီ အားထုတ်နိုင်ဖို့ အတို ချုပ်လေး ပြောစမ်းပါ။

နုပ်။ ။အရှင်ဘုရား တပည့်တော် လျှောက်ခဲ့တာတွေမှတ် မိရင် အတိုချုပ် သိရောပေါ့။

တော်။ ။မှတ်ရတာတွေက များလွန်းလို့ လုပ်ငန်းသက် သက် အတိုချုပ်ပါ။

နှုပ်။ ။ဒီလိုဆိုရင် ဝိပဿနာ အားထုတ်ထာဟာ ခန္ဓာရဲ့ ပင်ကို သဘောတရားကိုသိဖို့ လုပ်ထာဖြစ်တဲ့အတွက် သိရမဲ့ ခန္ဓာ ပေါ်မှာ သိတတ်တဲ့ အသိဉာဏ် ကပ်ထားလိုက်ပါ။

တော်။ ။စိတ်ငြိမ်ငြိမ်ထားဆိုပါတော့။

နှုပ်။ ။မှန်တယ်ဘုရား၊ ဒီလိုထားတော့ စိတ်ဟာ ဟိုဟိုဒီဒီ မပြေးတော့တဲ့အခါ အမြဲမပြတ်ဖေါက်ပြန်ပြောင်းလဲနေတဲ့အငြိမ် မနေတဲ့ ခန္ဓာရဲ့ သဘောကိုသိလာမယ်၊ ဒါဟာ မိမိကကြောင့်ကြ ဗျာပါရနဲ့ စိုက်ထုတ်လုပ်ရတာ မဟုတ်တဲ့ ခန္ဓာရဲ့ ပကတိအခြေ အနေကိုပြောတာ၊ တပည့်တော်တို့ကသာ ငြိမ်နေတယ်ထင်တာ ခန္ဓာကတော့ ငြိမ်မနေကြောင်း သိလာမှာပေါ့။

တော်။ ။အဲ–သိလာတော့ ဒါတွေ ဟာ ဖေါက် ပြန် တဲ့ သဘောတွေမို့ ဖေါက်ပြန်နေတယ်လို့ မှတ်ရမယ်နော်။

နှုပ်။ ။မှန်ပါ ဒီအတိုင်းသိနေရမှာပေါ့၊ ဒီလိုကြာကြာသိ တော့'ကာယမိမံသမ္ဘသထ'စတဲ့ ဂါထာ အရှင်သာရိပုတ္တာရဟော သလို ခန္ဓာရဲ့ သဘောတရားတို့ကို ကိုယ့်ဉာဏ် ကိုယ့်အသိနဲ့ သေသေချာချာ ပိုင်နိုင်အောင် သိတော့'ဒုက္ခသန္တ ကရိဿတိ'ဖြစ် လာမှာ ကေန်ပါဘုရား။

တော်။ ။ဒါ တကားကြီးတို့ ကိုယ်တိုင်အားထုတ်တဲ့ တရား နော်။

နှုပ်။ ။ဒေသနာတော်အရ စီစစ်ပြီး ပရမတ်ကို တိုက်ရိုက် ဘပည့်တော်တို့ အားထုတ်နေတာပါ။

တော်။ ။ဒေသနာနည်းကော အလုပ်သဘောကော ပြော သွားတာတော့ အတော့်ကိုစေ့စေ့စပ်စပ်ရှိလေတော့ ဦးဇင်းဖြင့် တကာကြီးအပေါ်မှာ သံသယတွေ့ အများကြီးဖြစ်နေတယ်။

နှိပ်။ ။ဒေသနာတော်နဲ့ မကိုက်ရင်ပြောပေါ့၊ ဒေသနာ တော်နဲ့ညီနေရင် သံသယဆိုတာ ပျောက်ရပါတယ်၊ ဘယ်နေရာ မှာ ဒေသနာနဲ့ မညီလို့လဲဘုရား။

တော်။ ။ဒီလို တရားအပေါ်မှာ သံသယ လုံးဝမရှိပါဘူး၊ ဒေသနာနဲ့ကိုက်ထာကိုး၊ တကာကြီး အပေါ်မှာတော့ သံသယ ရှိနေတာပါ။

နှိပ်။ ။လူမို့ဆိုတဲ့ သံသယလား။

တော်။ ။မဟုတ်ပါဘူး တကာကြီးဟာ ဆရာကြည်များ ဖြစ်နေမလားလို့။

နှိပ်။ ။သြော်—ဒါလား ရော့ဘုရား၊ ဟောဒီမှာ တပည့် တော်ရဲ့ အမျိုးသား မှတ်ပုံတင်—

(ဆိုပြီးမှတ်ပုံတင်ကပ်လိုက်ရာ....အိုးဟု ပါးစပ်ကို ဟလျက်....)

တော်။ ။လက်စသတ်တော့ ဆရာကြည်ဘဲကိုး၊ တိုက်တိုက် ဆိုင်ဆိုင်ဗျာ လာတွေ့ရတာ ဝမ်းသာလိုက်ထာ ပထမတုန်းက ဘာလို့မပြောတာလဲ။

နှိပ်။ ။ပထမကထဲက တပည့်တော်ဟာ ဆရာကြည်ဘဲလို့ ပြောရင် အရှင်ဘုရားကလဲ အတိုက်အခံ သဘောနဲ့ ဇွတ်ပြော

ချင်ပြောမယ်၊ နောက်တချက်ကလဲ တပည့်တော်မှန်း သိနေရင် အရှိန်အဝ ါနဲ့ အရှင်ဘုရား ဒါလောက်ဆွေးနွေးချင်မှဆွေးနွေး မယ်၊ မူလပဏ္ဏာသပါဠိတော် ရထဝိနီတ သုတ်မှာ အရှင် သာရိပုတ္တရာဟာ အရှင်ပုဏ္ဏကို တရား ဆွေးနွေးပြီးတဲ့အခါ၊ အရှင်သာရိပုတ္တရာမှန်း သိတော့ အရှင်ပုဏ္ဏက 'နကိုကထဲက အဂ္ဂသာဝကကြီးအရှင်ဘုရားမှန်းသိရင် တပည့်တော်အခုလောက် ထိအောင်ဆွေးနွေးမှာမဟုတ်ဖူး' လို့ အမိန့်ရှိသလို အရှင်ဘုရားလဲ စောစော ကထဲကသာ ဆရာကြည်မှန်းသိရင် ဆွေးနွေး ချင်မှ ဆွေးနွေးမှာကိုး။

တော်။ ။ဟုတ်ပါတယ် ဆရာရယ်၊ ဦးဇင်း ဒီစာအုပ်ကို ပထမတွေ့တော့ သူသူငါငါ ရေးသားကြတဲ့ စာအုပ်တွေလို ခမ္မာစရိယ တဦးတယောက်ကရေးလို့ ဒေသနာ့သဘော၊ စာသ ဘောသာ သူထင်မြင်သလို ရေးတာဖြစ်မယ်လို့ အထင်ရှိပြီးတော့ ကိုယ်လဲ ကိုယ်သဘောပေါက်သလို ဝေဖန်မယ်ဆိုပြီး—

ဒီရုပ်နာမ်မရှုရဘူးဆိုတာရယ်၊

ဥပေက္ခာ ဝေဒနာရှုရမယ်ဆိုတာရယ်၊

ဒုက္ခဝေဒနာ မရှုရဘူး ဆိုတာရယ်၊

ဒီသုံးခု မှတယ်ပြီး ဝေဖန်မိတာဘဲ၊ အခု ဆရာနဲ့ ကိုယ်တိုင် တွေ့ပြီး ရှင်းပြပေးတဲ့အတွက် ဆရာဟာ ဒီစာအုပ်တွေရေးတာ

စာတွေသာမဟုတ်၊ ကိုယ်တိုင်အားထုတ်ရတဲ့ ကိုယ်သိတရားလုပ်ငန်းတရဖ်ပဲလို့ သိလိုက်ရတာ အင်မတန် ဝမ်းသာ ကျေနပ်မိပါတယ်၊ တကယ်လို့ ဆရာနဲ့မတွေ့ရင့်တွေ့ဖို့ရာလဲ မျှော်လင့်ချက်မရှိသလောက် ဖြစ်နေရင် ဆရာပြောသလို ဒေါ်သာဂတိနဲ့ ဘယ်လောက်ထိအောင် ဝေဖန်မိမလဲမသိဘူး၊ ကြောက်စရာဘဲ။

နုပ်။ ။တပည့်တော် လျှောက်ပြတဲ့ အလုပ် တရားမှာ အမှန်ကို ပြောရရင် မြတ်စွာဘုရားဟာ ခန္ဓာမှာ ရှာတွေ့လို့ အရဟတ္တဖိုလ်ပေါက် ဘုရားအဖြစ် ရောက်ပြီးကာမှ ဒေသနာတော်ကို ခန္ဓာအကြောင်း ထုတ်ဖော် ဟောသလို၊ ဒါကို တပည့်တော်တို့ စိတ်ချလက်ချ ယုံကြည်ထားတယ်၊ ဒီတော့ တပည့်တော်တို့လဲ ခန္ဓာအလုပ်နဲ့ ရှာရတာဘဲ၊ မိမိတွေ့သလောက်, သိသလောက် ဒေသနာနဲ့ညှိကြည့်၊ မကိုက်သေးရင် ကိုယ့်ဉာဏ်မမှီသေးလို့-ကိုယ့်အသိ မမှန်သေးလို့-လို့ သဘော ထားပြီး လက်တွေ့ အားထုတ် ကြတာဟာ အခုအသိမျိုး ဖြစ်လာတော့ ဒေသနာတော်အရ ရှင်းသွားတာချည်းပါဘဲ။

တော်။ ။ကျေးဇူး အများကြီးကို တင်ပါတယ်၊ ဦးဇင်းကတော့ စာသင်နေတုန်းမို့ နဲနဲပါးပါးသာ လေ့လာနိုင်ပါသေးတယ်၊ ဒေသနာတော်ရော-အလုပ်ရော ကောင်းကောင်း လေ့လာနိုင်တဲ့အချိန်မှာ ဆရာသဘောပေါက်သလို ပေါက်နိုင်ကောင်းရဲ့လို့ ယုံကြည်ထားပါတယ်၊ဒါထက် အခုဆရာ ဘယ်ကို သွားမှာလဲ။

နုပ်။ ။တပည့်တော် ဒီညတောင်ကြီးမှာအိပ်ပြီး နက်ဖြန်မှ လွိုင်ကော်ကိုသွားမှာပါ၊ အခုက ကတော့ လွိုင်ကော်ဘဲ ဘုရား၊ ဟိုမှာ ၁၅ ရက်လောက်နေပြီး၊ တရားဟောရမှာ။

တော်။ ။ဦးဇင်းလဲ အကြောင်းသင့်ရင် လွိုင်ကော်ကို လိုက်လာပါအုံးမယ်၊ ဆရာနဲ့ အေးအေးဆေးဆေး စကား ပြောရအောင်ပေါ့၊ ကထိန်တွေက ဆက်နေရင်လဲ လာနိုင်မယ် မထင်ဘူး။

နုပ်။ ။ကြွနိုင်ရင်လဲ ကောင်းတာပေါ့ဘုရား၊ ဟိုမှာလဲ ဘာမှမပူရပါဘူး၊ ပိဋကတ်တော်လဲ အဋ္ဌကထာ, ဋီကာအစုံ ရှိတယ်၊ ကဲ-ကဲ-ဆင်းရတော့မယ်၊ တရားစကား ပြောတုန်းက တပည့်တော် စေတနာပင် မပါသော်လဲ ပြင်းထန်တဲ့ ဝစီကံ အသုံးအနှုန်းများ ပါသွားခဲ့ရင် သည်းခံတော်မူပါရန် ရှိခိုး တောင်းပန်ပါတယ်ဘုရား။

တော်။ ။ဟာ-ဦးဇင်းက တောင်းပန် ရမှာပါ၊ ဆရာ့ အပေါ်မှာ ဆရာမှန်းမသိတဲ့အတွက် ပြစ်တင် ဝေဖန်မိတာကို ဦးဇင်းရဲ့အကျိုးကို စောင့်ရှောက်သောအားဖြင့် ဆရာကသည်း ခံပါရန် ဦးဇင်း တောင်းပန်ပါတယ်၊ ဆရာ အသက်ရာကျော် ရှည်၍ သာသနာ အစစ်အမှန်ကို ဖေါ်ထုတ်နိုင်ပါစေ၊ အို...မေ့ နေလိုက်ထာ ဦးဇင်းရဲ့ လိပ်စာရေးဟု ပေးလိုက်ကာ ညနေ ၄ နာရီခွဲခန့်တွင် ရွှေညောင်ဘူတာသို့ ရထားဆိုက်သဖြင့် လမ်းကို

ဖြစ်သည့်အတိုင်း၊ အလုအယက် ဆင်းကြတော့ရာ၊ ရှုပ်ရှက်ခပ်နေသော လူအုပ်ကြီးအတွင်း တကွဲစီဖြစ်သွားကြလေသတည်း။

လိပ်စာကား—

'အရှင်ဝေပုလ္လာဘိဝံသ'
ပဲခူးတောင်ပိုင်း၊ရှမ်းရွာကြီးစာသင်တိုက်၊
ပဲခူးမြို့။
ဟူ၍ဖြစ်၏။

(၁၂-၁၀-၇၃)မှ(၁၃-၁၀-၇၃)ထိ။

**မှာထားချက်။** ။ဆွေးနွေးရာတွင် ရှေ့နောက်ပြန်နေသည်ကိုပြုပြင်ခြင်း၊ဝတ္ထုတို ခေါင်းစဉ်ကို ဖြည့်စွက်ခြင်း၊ ပါဠိအဋ္ဌကထာကျမ်းကိုးများ၏အမှတ်နံပတ် တို့ကို ထည့်ခြင်းတို့မှတပါး ကျန်အားလုံးသည် မူရင်း ဆွေးနွေးချက်များသာ ဖြစ်ကြောင်း။

**ဆရာ-ဦးကြည်။**

## မူလ ဓမ္မာစရိယ ဆရာ-ဦးကြည်

## စီရင်ရေးသားသော

**အောက်ပါစာအုပ်များကို ဓမ္မဒါနပြုလိုပါက**

**နဝဒေးပုံနှိပ်တိုက်နှင့်ဆက်သွယ်ပါ**

၁။ အမှန်တရားရရန် (မဇ္ဈိမပဋိပဒါလက်စွဲ)

၂။ အမှန်တရားရရန်
(မဇ္ဈိမပဋိပဒါ၊ ဝိပဿနာအမှတ်-၁)

၃။ ဝိပဿနာအကျဉ်းချုပ်။

၄။ မဇ္ဈိမပဋိပဒါရှင်းချက်။

၅။ မဇ္ဈိမဉာဏ်သိဘို့ရန်။ ဒုတိယအကြိမ်ရိုက်ဆဲ

၆။ အရိယာလမ်းမဂ်စခန်း။

၇။ မဟာဒုက္ခက္ခန္ဓသုတ်အဖွင့်။

၈။ အမှန်တရားရရန်။
(မဇ္ဈိမပဋိပဒါ၊ ဝိပဿနာ အမှတ်-၂)

၉။ သိတာနှင့်သိစရာ

၁၀။ ဗုဒ္ဓ၏အနတ္တ။ ရိုက်ဆဲ

နဝဒေးပုံနှိပ်တိုက်၊
၁၃ နတ်စင်လမ်း၊ ကျောက်မြောင်း၊
တာမွေစာတိုက်၊ ရန်ကုန်မြို့။
ဖုန်း=၅၁၂၈၉ **သို့စုံစမ်းပါ။**